# မြန်မာအုပ်ချုပ်ရေး စနစ်အတွင်းရှိ ကျား၊ မ တန်းတူညီမျှမှု - အတိတ်၊ လက်ရှိ နှင့် ပြောင်းလဲမှုအတွက် အလားအလာရှိသော မဟာဗျူဟာများ








ပေါလ်မီနောလက်တ်တေ

၂၀၁၆ ခုနှစ် ဧပြီလ

The Asia Foundation
UKaid from the British people
Australian Government Department of Foreign Affairs and Trade

# မြန်မာအုပ်ချုပ်ရေးစနစ်အတွင်းရှိ ကျား၊ မ တန်းတူညီမျှမှု -
# အတိတ်၊ လက်ရှိ နှင့် ပြောင်းလဲမှုအတွက် အလားအလာရှိသော မဟာဗျူဟာများ

ပေါလ်မီနောလက်တ်တေ

၂၀၁၆ ခုနှစ် ဧပြီလ

# နိဒါန်း

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ပွဲရလဒ်ဖြင့် အနိုင်ရရှိခဲ့ရာ စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ ပြောင်းလဲလာပြီး လူမှုရေး၊ နိုင်ငံရေး နှင့် စီးပွားရေးကဏ္ဍတို့တွင် ထင်ရှားစွာ ပြောင်းလဲလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် ရုံးလုပ်ငန်းများ စတင်လွှဲပြောင်းယူခဲ့သော အစိုးရသစ်သည် နိုင်ငံသားများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော စီးပွားရေးဖွံ့ ဖြိုးမှု၊ ပြည်သူလူထုအား ပိုမိုကောင်းမွန်သည့် လူမှုဝန်ဆောင်ရေးပံ့ပိုးခြင်းနှင့် အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိခြင်း စသည့် ကဏ္ဍတို့တွင် အောင်မြင်မှုရရှိစေရန် အခြေခံအပြောင်းအလဲများကို အရှိန်မြှင့်တင်ဆောင်ရွက်မည်ဟု အချက်ပြထားပြီးဖြစ်သည်။ အစိုးရအတွက် ယင်းအရေးကြီးသည့် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်တွင်း နှင့် နိုင်ငံတကာ၏ မျှော်မှန်းချက်များမှာ မြင့်မားနေသည်။

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဘက်မျှသည့် ဖွံ့ ဖြိုးရေးခေါင်းစဉ်၏ အရေးကြီးသည့် ကဏ္ဍတစ်ခုမှာ အစိုးရ၏ ဖွဲ့စည်းပုံများ နှင့် ဝန်ဆောင်မှုများတွင် ကျား၊ မ ရေးရာကဏ္ဍကို ထည့်သွင်းဆောင်ရွက်နိုင်ရေး၊ အခြေခံအရေးကြီးသည့် ပူးပေါင်းပါဝင်မှုတွင် ကျား၊ မ တန်းတူညီမျှမှုရှိစေရေး သေချာစေရန်ဖြစ်သည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးတို့ ပူးပေါင်းပါဝင်မှု တိုးတက်ရေးမှာ အလွန်နည်းပါးခဲ့သည်။ သို့ရာတွင် နိုဝင်ဘာလ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်၊ တိုင်းဒေသကြီး ညီလာခံများတွင် အမျိုးသမီးကိုယ်စားလှယ်များ သိသိသာသာ တိုးမြင့်လာသည်။ ထင်ရှားသည့် တိုးတက်မှုများရှိသော်လည်း ပူးပေါင်းပါဝင်မှုအတွက် ကျား၊ မ တန်းတူညီမျှမှုရှိစေရေးတွင် လက်တွေ့နှင့်ယှဉ်လျှင် ဆောင်ရွက်ရန်များစွာရှိနေသေးသည်။ လက်ရှိအစိုးရအဖွဲ့တွင် အမျိုးသမီးဝန်ကြီး တစ်ဦးသာ ခန့်အပ်ထားပြီး နိုင်ငံရေးပါတီများ၏ အကြီးတန်းရာထူးနေရာများနှင့်အရပ်ဖက်ဝန်ဆောင်မှုကဏ္ဍများတွင်အမျိုးသားများကြီးစိုးနေသေးသည်။အမျိုးသမီးများသည်ပူးပေါင်းပါဝင်ရန်အတွက် ယဉ်ကျေးမှုအယူစွဲများ၊ အမျိုးသမီးခေါင်းဆောင်များကို တစ်ဘက်သတ် ဆန့်ကျင်ခြင်း၊ ခရီးသွားရန် အချိန်၊ နေရာ တို့ကို ကန့်သတ်ထားခြင်း နှင့် အခြားအမျိုးသမီးခေါင်းဆောင်တို့၏ လွှမ်းမိုးမှုနည်းပါးခြင်း စသည့် အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရသည်။

မြန်မာနိုင်ငံတွင် အမှန်တကယ်ပြောင်းလဲရန်အတွက် အခွင့်အရေးများစွာရှိပြီး အမျိုးသမီးများမှာ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန်အတွက် သူတို့၏အရည်အသွေးများ လိုအပ်နေသေးသည်။ အုပ်ချုပ်ရေးတွင်ပါဝင်မှုနှင့် တန်းတူညီမျှမှုမှာ ဘေးရောက်မနေဘဲ အများပြည်သူ အလေးအနက်ထားသည့် ကိစ္စဖြစ်သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ အာရှဖောင်ဒေးရှင်းသည် အုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှစွာ ပါဝင်နိုင်မှု၊ မြန်မာနိုင်ငံတွင် အတိတ်၊ လက်ရှိ အခြေအနေ၊ ပူးပေါင်းပါဝင်မှုအဆင့်၊ အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဆောင်ရွက်နေသောလုပ်ငန်းများ အရေးကြီးကြောင်းကို ဆွေးနွေးထားသော ဤသုတေသနအစီရင်ခံစာကို ဂုဏ်ယူစွာဖြင့် တင်ဆက်ပါသည်။ ဤအစီရင်ခံစာကို အလွတ်တမ်းသုတေသီ Paul Minoletti မှ ပြုစုရေးသားထားသော အုပ်ချုပ်ရေးနှင့် စီးပွားရေးအကြောင်းအရာများအပြင် အများအားဖြင့် ကျား၊ မ တန်းတူညီမျှမှု ပြဿနာများကို မည်သို့ဆက်နွယ်ထားကြောင်းတို့ကို အထူးပြုဆွေးနွေးထားသည်။

ဤမှတ်တမ်းတွင် တစ်စိတ်တစ်ပိုင်းပါဝင်သော ဖောင်ဒေးရှင်း၏ သုတေသနအကြောင်းအရာသည် အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်း၊ မီဒီယာနှင့်ဖွံ့ ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှမြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့်ဖွံ့ ဖြိုးရေးအကြောင်းအရာများတွင် ပူးပေါင်းပါဝင်မှုကို ဆွေးနွေးနိုင်စေရန် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါသည်။ ဤအစီရင်ခံစာကို နိုင်ငံတကာဖွံ့ ဖြိုးရေးအတွက် အင်္ဂလန်နိုင်ငံဌာန (DFID) နှင့် နိုင်ငံရေးရာ နှင့် ကုန်သွယ်ရေးဆိုင်ရာ ဩစတြေးလျဌာနတို့မှ ရံပုံငွေပံ့ပိုးပါသည်။ ဖော်ပြထားသော ထင်မြင်ချက်များမှာ စာရေးသူ၏ အမြင်ဖြစ်ပြီး DFID ၊ DFAT (သို့) Foundation ၏ ထင်မြင်ယူဆချက်များအပေါ်တွင် မထင်ဟပ်ပါ။

ဒေါက်တာ ကင်(မ်)နင်
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

# မာတိကာ


အတိုကောက်ဝေါဟာရများ ........ i
အကျဉ်းချုပ် ........ ii

၁. မိတ်ဆက်နှင့် ပင်မသဘောတရား ........ 1
၁.၁) အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှုက ဘာကြောင့်အရေးပါသနည်း။ ........ 1
၁.၂) ကိုယ်စားပြုခြင်းနှင့် ပါဝင်ခြင်းကို တွေးခေါ်သုံးသပ်မှုပြုခြင်း ........ 3
၁.၃) ဗဟိုအာဏာချုပ်ကိုင်မှုလျှော့ချခြင်းနှင့် တိုင်း/ ပြည်နယ်အဆင့် အုပ်ချုပ်ရေး ........ 4
၁.၄) အစီရင်ခံစာရေးသားရာတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ ........ 5
၁.၅) အစီရင်ခံစာ၏ အဓိကအကြောင်းအရာများ ........ 6

၂. မြန်မာအုပ်ချုပ်ရေးတွင် အမျိုးသား၊ အမျိုးသမီးပါဝင်မှု........ 7
၂.၁) အစိုးရအဖွဲ့နှင့် အခြားအုပ်ချုပ်ရေးဌာနများတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ စာရင်းအင်းအရ ကိုယ်စားပြုမှု လက်ရှိ အခြေအနေ ........ 7
ဇယား ၁ - ပြည်ထောင်စုအဆင့် မြန်မာလွှတ်တော်တွင် အမျိုးသမီးကိုယ်စားပြုမှု ........ 8
ဇယား ၂- မြန်မာနိုင်ငံ ပြည်နယ်/ တိုင်းလွှတ်တော်များတွင် အမျိုးသမီးကိုယ်စားပြုမှု ........ 9
ဇယား ၃- ပါတီများအလိုက် ပြည်ထောင်စုနှင့် တိုင်း/ ပြည်နယ် လွှတ်တော် အားလုံးပေါင်းအနက် အမျိုးသမီးအမတ် အရေအတွက် ........ 10
ဇယား ၄- အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာန တချို့တွင် အမျိုးသမီးများပါဝင်မှု ၂၀၁၄ ........ 12
၂.၂) အုပ်ချုပ်ရေးတွင် အမျိုးသမီးနှင့် အမျိုးသား စာရင်းအင်းအရ ကိုယ်စားပြုပါဝင်မှု ........ 15
ဇယား ၅- ၁၉၄၈မှ စ၍ မြန်မာပါလီမန်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု ........ 15
၂.၃) အမျိုးသားနှင့် အမျိုးသမီး ပါဝင်မှုအပေါ် အဓိကသက်ရောက်မှုများ ........ 16

၃. မြန်မာနိုင်ငံ အုပ်ချုပ်မှုရေးရာတွင် ကျား၊ မ တန်းတူညီမျှမှု မြှင့်တင်ရေးအတွက် နည်းနာများ ........ 21
၃.၁) လက်ရှိနှင့် မကြာသေးမီက ကြိုးပမ်းမှုများ ........ 21
၃.၂) အနာဂတ်အစီအစဉ်များနှင့် အခွင့်အလမ်းများ ........ 24

၄. ကျား၊ မ တန်းတူညီမျှမှုနှင့် မူဝါဒသတ်မှတ်ခြင်း၊ ငွေကြေးလျာထားမှုနှင့် လူထုဝန်ဆောင်မှု ပံ့ပိုးပေးခြင်း ........ 31
၄.၁) ကျား၊ မ သာတူညီမျှမှုကို မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးပေးခြင်း ကိစ္စရပ်များတွင် ဘာကြောင့် ထည့်သွင်းဆောင်ရွက်သလဲ။ ........31
၄.၂) မြန်မာနိုင်ငံ၏ လတ်တလောအခြေအနေ ........ 32
၄.၃) မြန်မာနိုင်ငံတွင် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများ တိုးမြှင့်လာရန် အသုံးဝင်မည့် နည်းလမ်းများ ........ 35

၅. ပွင့်လင်းမြင်သာမှုနှင့် အချက်အလက်ကောက်ယူခြင်းဆိုင်ရာ ဦးစားပေးမှုများ ........ 41
၅.၁) ဘဏ္ဍာငွေခွဲဝေခြင်း အချက်အလက်များ ........ 41
၅.၂) ကိုယ်စားပြုပါဝင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း၏ အချက်အလက်များ ........ 42
၅.၃) နိုင်ငံသားများ နှစ်သက်မှုများဆိုင်ရာ အချက်အလက် ........ 42
၅.၄) ဖွံ့ ဖြိုးရေးစီမံကိန်းများ၏ သက်ရောက်မှုကို သုံးသပ်ပြီး သင်ယူရရှိမှုများကို မျှဝေခြင်း ........ 43

၆. နိဂုံးနှင့် အကြံပြုချက်များ ........ 46

အကိုးအကား ........ 49

# အတိုကောက်ဝေါဟာရများ

ANP - ရခိုင်အမျိုးသားပါတီ

BPA – ဘေကျင်းလုပ်ငန်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်

CC - ဗဟိုကော်မတီ

CEC - ဗဟိုအမှုဆောင်ကော်မတီ

CEDAW – အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ်

CFGs - ရပ်ရွာသစ်တောအဖွဲ့များ

CSOs - အရပ်ဖက်အဖွဲ့အစည်းများ

DDG - ညွှန်ကြားရေးမှူးချုပ် နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်

EAGs - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ

FGDs - အဖွဲ့လိုက်ဆွေးနွေးခြင်း

FY - ဘဏ္ဍာနှစ်

GAD - အထွေထွေအုပ်ချုပ်ရေးမှူးရုံး

GoM - မြန်မာနိုင်ငံတော်အစိုးရ

GONGOs - အစိုးရပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ

IFIs - နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများ

MIMU – မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်

MMCWA - မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့

NCA - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်

NCDDP - နိုင်ငံတော်၏ ရပ်ရွာဦးဆောင်သော ဖွံ့ ဖြိုးရေးစီမံချက်

NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

NSPAW - အမျိုးသမီးများ ဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃ - ၂၀၂၂)

PNO - ပအိုဝ့်အမျိုးသားအဖွဲ့စည်း

PoVAW - အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကာကွယ်ခြင်း

SC/STs - လူမှုရေးအရ ဖိနှိပ်ခံရတဲ့ ဇာတ်/မျိုးနွယ်စု

SNLD - ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီ

TDSC - မြို့နယ်ဖွံ့ ဖြိုးရေးရာကော်မတီ

TDSC - မြို့နယ်ဖွံ့ ဖြိုးရေး ပံ့ပိုးမှုကော်မတီ

TNP – တအောင်း (ပလောင်) အမျိုးသားပါတီ

TPIC - မြို့နယ် စီမံကိန်း နှင့် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ

USDP - ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

VTA - ရပ်ရွာ/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

WLB - ဗမာအမျိုးသမီးအသင်း

WON - မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့အစည်းများကွန်ယက်

# အကျဉ်းချုပ်

မကြာသေးမီက ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်ခဲ့သော်လည်း မြန်မာနိုင်ငံရှိ အစိုးရနှင့် အစိုးရမဟုတ်သော အုပ်ချုပ်ရေးဌာနများတွင် နိုင်ငံတော်အဆင့်မှ အောက်ခြေအဆင့်တိုင်အောင် အမျိုးသားများ ကြီးစိုးထားဆဲဖြစ်သည်။ အောက်ပါအကြောင်းများကြောင့် အမျိုးသား၊ အမျိုးသမီး ပါဝင်မှုဘက်မညီခြင်းကို ထိခိုက်ပျက်စီးစေနိုင်သည်။

- ***တန်းတူညီမျှမှု*** – ယေဘုယျအားဖြင့် မည်သည့်မူဝါဒကို ကျင့်သုံးရမည်၊ ဘဏ္ဍာငွေကို မည်သို့ခွဲဝေသင့်သည်နှင့် ပတ်သက်ပြီး အမျိုးသားများနှင့် အမျိုးသမီးများအကြား ကွဲပြားသောလိုလားချက်များရှိရာ ဆုံးဖြတ်ချက်ချနိုင်သော ရာထူးနေရာတွင်ရှိသည့် အမျိုးသမီးများကသာ အမျိုးသမီးထု၏ လိုလားချက်ကို အရေးယူတုံ့ပြန်ရန် ပိုအလားအလာရှိသည်။ သို့ဖြစ်ရာ ဘက်မညီသောပါဝင်မှုကြောင့် တဖက်စောင်းနင်းကျသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြေရှိသည်။
- ***ထိရောက်မှု*** – အုပ်ချုပ်မှုဌာနများတွင် ကျား၊ မ အချိုးညီပါဝင်မှု မြှင့်တင်ပေးခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်မှု အရည်အသွေး တိုးတက်ကောင်းမွန်လာမည့်အပြင် ၄င်းတို့ကိုယ်တိုင် သတ်မှတ်ထားသောစည်းကမ်းများအား လိုက်နာမှု မြင့်တက်လာမည်ဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှု လျှော့ချပေးရန်လည်း အထောက်အကူပြုမည်ဖြစ်သည်။
- ***တရားဥပဒေနှင့်အညီဖြစ်ခြင်း*** – ကျား၊ မ အချိုးညီပါဝင်မှု မြှင့်တင်ပေးခြင်းဖြင့် အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပို၍ ပါဝင်ဆောင်ရွက်ခွင့်ရှိလာသည်ဟု ခံစားလာရသည့်အတွက် ဆုံးဖြတ်ချက်ချမှတ်သည့်ဌာန၏ တရားဥပဒေနှင့်အညီဖြစ်မှု ပိုမြင့်လာမည်ဖြစ်သည်။
- ***လုပ်ကိုင်ဆောင်ရွက်မှု*** –လူထုရေးရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်မှုနှင့် ကိုယ်ပိုင်ဘဝကို ထိန်းချုပ်နိုင်စွမ်းရှိမှုတို့က လူတစ်ဦးချင်းစီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုကိုဖော်ပြနိုင်သည့် အဓိကသွင်ပြင်တစ်ရပ်ပင်ဖြစ်ပြီး၊ သို့မှသာ ပျော်ရွှင်ကျန်းမာသောဘဝ ဖြစ်မည်။

ကျား၊ မ အချိုးညီ ပါဝင်မှု မြှင့်တင်ပေးခြင်းအားဖြင့် (သေချာပေါက် အာမခံနိုင်ခြင်းမရှိသော်လည်း) မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုပေးရာတွင် ကျား၊ မ ရေးရာ မတူကွဲပြားမှုနှင့်ပတ်သက်ပြီး လျင်လျင်မြန်မြန် တုံ့ပြန်နိုင်စွမ်း ပိုရှိစေသည်။ အုပ်ချုပ်ရေး၏ အဆိုပါကဏ္ဍများအတွက် ကျား၊ မ ရေးရာ ကွဲပြားမှုနှင့် စပ်လျဉ်းသော လျင်လျင်မြန်မြန် တုံ့ပြန်နိုင်စေရေးမှာ ကျား၊ မ ရေးရာ စဉ်းစားမှုပါဝင်သည့် ပညာရပ်ဆိုင်ရာ ဆန်းစစ်လေ့လာမှုက ပဓာနကျသည်။ မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်းသော ကျား၊ မ ရေးရာ မတူကွဲပြားမှုအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း ကောင်းမွန်အောင် ဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော လူမှုရေး၊ စီးပွါးရေး၊ နိုင်ငံရေးတို့နှင့် စပ်လျဉ်းသည့် ကျား၊ မ တန်းတူညီမျှမရှိမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထိုမှတဆင့် နိုင်ငံသူနိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာနှင့် စီးပွါးရေးတိုးတက်မှု မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အရိုးရှင်းဆုံးနှင့် တိုင်းတာရန်အလွယ်ဆုံး ကျား၊ မ အချိုးညီပါဝင်မှု ညွှန်းကိန်းမှာ အုပ်ချုပ်ရေးဌာနများရှိ အမျိုးသားနှင့် အမျိုးသမီး အရေအတွက်ပင်ဖြစ်သည်။ သို့ရာတွင် ပါဝင်မှု(မ)ညီမျှခြင်းကို ပို၍ပြည့်ပြည့်ဝဝ သဘောပေါက် နားလည်နိုင်ရန် (သို့မှသာ အုပ်ချုပ်ရေးဌာနများက မည်သည့်အတိုင်းအတာထိ တန်းတူညီမျှနှင့် ထိရောက်မှုရှိသည်၊ တရားဥပဒေနှင့်အညီဖြစ်သည်၊ နိုင်ငံသားများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကိုမြှင့်တင်ပေးသည်) အတွက် ၄င်းအုပ်ချုပ်ရေးအဖွဲ့ဝင်များကိုယ်တိုင်ကြုံတွေ့နေရသော ပါဝင်ဆောင်ရွက်နိုင်မှုအရည်အသွေးနှင့် ၄င်းဌာနများနှင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှု အရည်အသွေးတို့ကို စဉ်းစားရန်လည်း လိုအပ်သည်။ လူအများ ပါဝင်ဆောင်ရွက်နိုင်မှု၏ အရည်အသွေးဟုဆိုရာတွင် ၄င်းတို့၏ အမြင်နှင့် အကျိုးအတွက် မည်သည့်အတိုင်းအတာထိ ဖော်ထုတ်ပြောဆိုပိုင်ခွင့်ရှိသည်ကိုလည်းကောင်း၊ ၄င်းတို့၏ အမြင်ကို ဆုံးဖြတ်ချက်ချသူများသာမက နိုင်ငံသားများက အလေးအနက်သဘောထားမှုတို့ ပါဝင်သည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမှု မရှိခြင်းကို အထူးပြုဖော်ပြထားသည်။ မိမိတို့လိုအပ်ချက်နှင့် လိုလားချက်များနှင့် ပတ်သက်ပြီး ပါဝင်နိုင်မှု၊ လွှမ်းမိုးနိုင်မှုဆိုင်ရာ လူတစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှုအပေါ် သက်ရောက်နိုင်သည်မှာ ကျား၊ မ ရေးရာ မတူကွဲပြားမှု အချက်တစ်ချက်တည်းမဟုတ်ပါ။ အခြားအဓိကအချက်များမှာ အသက်၊ လူမှုစီးပွါးအဆင့်အတန်း၊ နောက်ခံအသိုင်းအဝိုင်း၊ လူမျိုး၊ ကိုးကွယ်ရာဘာသာနှင့် နယ်မြေပထဝီဒေသ တို့ဖြစ်သည်။ အနာဂတ်ကာလ၌ နိုင်ငံသားများပါဝင်မှုအပေါ် သုတေသနနှင့် စီမံကိန်းချရာတွင် ၄င်းတို့အချင်းချင်း မည်သို့အပြန်အလှန်ဆက်နွယ်နေသည်ကို ပို၍ နားလည်သဘောပေါက်လာစေရန် အဆိုပါအချက်များကို ကျား၊ မ ရေးရာ မတူညီကွဲပြားမှုနှင့် အပြည့်အဝပေါင်းစပ်သင့်သည်။

ဗဟိုချုပ်ကိုင်မှုမြင့်သည့် မြန်မာနိုင်ငံတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာကို တိုင်းနှင့်ပြည်နယ်အဆင့်ရှိ အုပ်ချုပ်ရေးဌာန အဟောင်းနှင့် အသစ်များသို့ (အကန့်အသတ်ဖြင့်) လွှဲပေးခြင်းဖြင့် အာဏာခွဲဝေမှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုများကို ၂၀၁၁ ခုနှစ်၌ စတင်လုပ်ဆောင်

ခဲ့သည်။ လာမည့်နှစ်များအတွင်း အာဏာထပ်မံခွဲဝေမှုများ ရှိလာနိုင်မည်ဟု ခန့်မှန်းရသည့်အပြင် ဖက်ဒရယ်စနစ်သို့ ကူးပြောင်းနိုင်ခြေရှိသည်။ အာဏာခွဲဝေမှုတွင် ကောင်းကျိုးအလားအလာများရှိသော်လည်း အန္တရာယ်များကိုလည်း သယ်ဆောင်လာနိုင်သည်။ အချို့နိုင်ငံများတွင် အာဏာခွဲဝေခြင်းကြောင့် အုပ်ချုပ်မှုအရည်အသွေး ယိုယွင်းပျက်စီးမှုများရှိခဲ့သည်။ ဒေသိယဆုံးဖြတ်ချက်များချမှတ်ရာတွင် နိုင်ငံသားများ ပါဝင်စီမံနိုင်မှုနှင့် ခေါင်းဆောင်များအား တာဝန်ခံစေနိုင်မှုက လာဘ်ပေးလာဘ်ယူမှုအန္တရာယ်နှင့် ပြည်နယ်/တိုင်းအဆင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို အထက်တန်းလွှာက သိမ်းပိုက်ထားမှုအား လျှော့ချပေးနိုင်သည်။ နိုင်ငံသားအားလုံး၏ အသံများပါဝင်စေခြင်းဖြင့် နိုင်ငံသားများ၏ လိုအပ်ချက်၊ အခက်အခဲနှင့် လိုလားချက်များကို စီမံကိန်းချသူများနှင့် ဆုံးဖြတ်ချက်ချသူများ သိရှိစေသည့်အတွက် စီမံကိန်းနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအရည်အသွေးကို မြှင့်တင်ပေးရာတွင် အကူအညီဖြစ်စေသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသော ရွေးကောက်ပွဲအပြီး အမျိုးသားလွှတ်တော်၏ အမျိုးသမီးလွှတ်တော်အမတ် ရာခိုင်နှုန်း ၂ ဆ တက်လာခဲ့ရာ မြန်မာနိုင်ငံသမိုင်းတလျှောက် အခြားကာလများထက် သိသိသာမြင့်မားသော အရေအတွက်ပင်ဖြစ်သည်။ သို့သော် ပြည်ထောင်စုလွှတ်တော်၏ ၉၀ ရာခိုင်နှုန်းကို အမျိုးသားများက ရယူထားဆဲဖြစ်ပြီး လွှတ်တော်ကိုယ်စားပြုမှု ကျား၊ မ အချိုးမှာ ဒေသတွင်းအခြားနိုင်ငံများထက် သိသိသာသာ နိမ့်နေဆဲဖြစ်သည်။ တိုင်းနှင့်ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီး ကိုယ်စားပြုမှုမှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ၃.၈ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲကြောင့် ရွေးကောက်ခံနေရာ၏ ၁၂.၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ လွှတ်တော်များတွင် တပ်မတော်မှခန့်အပ်သော အမျိုးသားအမတ်များမှာ ၉၀ ရာခိုင်နှုန်းရှိသည့်အပြင် အမျိုးသမီးလွှတ်တော်အမတ် လုံးဝမရှိသော ပြည်နယ်/တိုင်း ၃ ခု ကျန်ရှိသေးသည်။

လွှတ်တော် ၂ ရပ်လုံးအပြင် တိုင်းနှင့်ပြည်နယ် လွှတ်တော် ၁၀ ရပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရသည့်အပြင် အခြားပြည်နယ်လွှတ်တော် ၂ ရပ်၏ နေရာအများစုတွင် အနိုင်ရရှိခဲ့သဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် အလွန်အောင်မြင်ခဲ့သည်။ အမျိုးသမီးဦးဆောင်သည့် တစ်ခုတည်းသောပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖြစ်ပြီး ဗဟိုစီမံကော်မတီ၏ ၃၅ ရာခိုင်နှုန်းမှာအမျိုးသမီးများဖြစ်သည့်အတွက်ရာထူးမြင့်နေရာများတွင်အမျိုးသမီးများထူးထူးခြားခြားနေရာရရှိထားခြင်းဖြစ်သည်။ လွှတ်တော်အမတ်နေရာများအတွက် အမျိုးသမီးများအား ရွေးချယ်မှုမြှင့်တင်ရန် ပါတီတွင်းမူဝါဒလည်း ကျင့်သုံးပြီးဖြစ်သည်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၁၅ ရွေးကောက်ပွဲအနိုင်ရ အမျိုးသမီးလွှတ်တော်အမတ်မှာ ၁၅.၁ ရာခိုင်နှုန်းမျှသာရှိသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီအများစု၏ ဆုံးဖြတ်ပိုင်ခွင့်ရှိသော ထိပ်ပိုင်းနေရာများကို အမျိုးသားများက အလွန်အမင်းကြီးစိုးထားဆဲဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှလွဲလျှင် မွန်အမျိုးသမီးများပါတီနှင့် ဓနုတိုင်းရင်းသားပါတီတို့တွင်သာ အမျိုးသမီးခေါင်းဆောင်၊ ဒုခေါင်းဆောင် နှင့် ဥက္ကဋ္ဌ ရှိသည်။

ဝန်ထမ်းအရေအတွက်အရ စဉ်းစားမည်ဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းနေရာများတွင် အမျိုးသမီးအရေအတွက်မှာ အမျိုးသားထက် အနည်းငယ်ပိုသဖြင့် ကျား၊ မ အချိုး လုံးဝညီမျှလုနီးပါး အနေအထားရှိသည်။ သို့သော် အရေးပါသော ဆုံးဖြတ်ပိုင်ခွင့်အာဏာရှိ ထိပ်ပိုင်းခေါင်းဆောင်နေရာများတွင် အမျိုးသမီးအနည်းငယ်သာရှိသည်။ ယခင်နှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကဲ့သို့ပင် အောက်ခြေဒေသများရှိ အစိုးရနှင့် အစိုးရမဟုတ်သော အုပ်ချုပ်ရေးအဖွဲ့ အများစုတွင်လည်း အမျိုးသားများက ကြီးစိုးထားခဲ့သည်။

အုပ်ချုပ်မှုရေးရာတွင် မြန်မာနိုင်ငံသားများ၏ ပါဝင်စီမံနိုင်မှုအပေါ် သက်ရောက်သောအကြောင်းအချက်များစွာ ရှိသော်လည်း ယင်းအချက်များအကြား အရေးကြီးသောဆက်စပ်မှုနှင့် အချင်းချင်းအပြန်အလှန်ဆက်နွယ်မှုတို့နှင့် ပတ်သက်ပြီး တချို့တဝက်သာ သိရှိနိုင်သေးသည်။ မည်သို့ပင်ဆိုစေကာမူ အုပ်ချုပ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ ဝင်ရောက်စီမံခန့်ခွဲနိုင်မှုကို ပုံဖော်ပေးနေသော အရေးကြီးသည့် အကြောင်းရင်းအချို့မှာ အချိန်အခက်အခဲ၊ အမျိုးသမီးဦးဆောင်မှုကို ဆန့်ကျင်မှု၊ အမျိုးသမီးများ ခရီးသွားလာမှု အခက်အခဲများနှင့် အခြားအမျိုးသမီးခေါင်းဆောင်များ ရှိခြင်း/မရှိခြင်းစသည့် ထုံးတမ်းအစဉ်အလာများတို့ဖြစ်သည်။

အမျိုးသမီးများဘဝမြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (NSPAW) ၂၀၁၃-၂၀၂၂ ကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး အမျိုးသမီးများအား ခွဲခြားနှိမ့်ချမှုအမျိုးမျိုး ပပျောက်ရေး ညီလာခံနှင့် ပေကျင်း ညီလာခံအရ နိုင်ငံတကာ မူဝါဒရေးရာတာဝန်ကို မြန်မာနိုင်ငံအစိုးရတာဝန်ယူနိုင်စေရေးအတွက် ရည်ရွယ်သည်။ "လူ့အဖွဲ့အစည်းတွင်း အဆင့်တိုင်း၏ ဦးဆောင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် နေရာများတွင် အမျိုးသမီးများ တန်းတူညီမျှပါဝင်ခွင့် ရရှိရေးအတွက် စနစ်၊ ဖွဲ့စည်းပုံ၊ ဆောင်ရွက်မှု" မြှင့်တင်ရေးအတွက် တောင်းဆိုမှု NSPAW တွင် ပါဝင်သည်။ ယင်းရည်မှန်းချက်အောင်မြင်ရေးအတွက် နည်းလမ်းအမျိုးမျိုးကို အကြံပြုထားရာတွင် "ဥပဒေပြုရေး၊ တရားစီရင်ရေး နှင့် အုပ်ချုပ်ရေးဌာနများရှိ ဆုံးဖြတ်ချက်ချပိုင်ခွင့်နေရာများတွင် အမျိုးသမီးများပါဝင်မှု သေချာစေရေး" ကို အကောင်အထည်ဖော်ရေး ပါဝင်သည်။ NSPAW သည် "နိုင်ငံတဝှမ်းတွင် အမျိုးသမီးများအခွင့်အရေးကို ကာကွယ်မြှင့်တင်ရေး နိုင်ငံအစိုးရ၏ ကတိကဝတ်ပြုမှု" ဖြစ်သော်လည်း တရားဥပဒေဖြင့် ချုပ်နှောင်ထားခြင်းမရှိသော ကတိကဝတ်ဖြစ်ရာ ၂၀၁၁-၂၀၁၅ အစိုးရသက်တမ်းတွင် ခြွင်းချက်အချို့မှလွဲလျှင် ကျား၊ မ အချိုးညီပါဝင်မှု မြှင့်တင်ရေးအတွက် အနည်းငယ်သာ ဆောင်ရွက်ခဲ့သည်။

အုပ်ချုပ်ရေးမူဝါဒဖန်တီးဖော်ဆောင်ရာတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကိုလည်းကောင်း၊ စီမံကိန်းတွင်ပါဝင်သော မူဝါဒများနှင့် လုပ်ငန်းများအတွက် လုံလောက်သော ဘဏ္ဍာငွေ၊ လူ့အင်အားနှင့် ပစ္စည်းများကို အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များက ခွဲဝေချထားပေးရန် NSPAW က အထပ်ထပ်အခါခါ တိုက်တွန်းနှိုးဆော်ခဲ့သည်။ NSPAW အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်မှာ

ယခုအချိန်တွင် အပြီးသတ်ပြီး ဖြစ်နေသင့်သော်လည်း အဆိုပါကြိုးပမ်းမှုများမှာ ရပ်တန့်နေပြီး ယင်းစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်ကို လက်တွေ့အကောင်အထည်ဖော်မှု အနည်းငယ်သာပြုလုပ်ထားသေးသည်။ ယခုအစိုးရအသစ်အနေဖြင့် ယခင်အစိုးရထက် ကျား၊ မ တန်းတူညီမျှမှုအရေးများကို ပိုစိတ်ဝင်စားမှု ပြသလိမ့်မည်၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာမူဝါဒရေးရာ ကတိကဝတ်များကို အလေးပိုထားလာမည်ဟု မျှော်လင့်ထားနိုင်သည်ဖြစ်ရာ နိုင်ငံတကာအလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများအနေဖြင့် ယခုအခွင့်အရေးကို အသုံးချကာ NSPAW အကောင်အထည်ဖော်ရေး အတွက် ဘဏ္ဍာရေးနှင့် နိုင်ငံရေး ထောက်ပံ့မှုများ ပေးသင့်ပါသည်။

ကျား၊ မတန်းတူညီမျှမှုအရေး ဆောင်ရွက်နေသော မြန်မာအရပ်ဖက်အဖွဲ့အစည်းနှင့် နိုင်ငံတကာ ဖွံ့ ဖြိုးမှု အဖွဲ့အစည်းများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အချို့ စီမံကိန်းများတွင် ဒေသအာဏာပိုင်တချို့မှ လွဲလျှင် အစိုးရအဖွဲ့နှင့် ကူးလူးဆက်ဆံမှု အကန့်အသတ်ဖြင့်သာ ရှိသေးသည်။ ခြွင်းချက်အချို့မှလွဲ၍ အဆိုပါအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရေးပါတီများအကြား အပြန်အလှန်ဆက်ဆံမှု နည်းပါးသည်။ အရပ်ဖက်အဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့များက ၎င်းတို့၏ ပညာရပ်ကျွမ်းကျင်မှုများနှင့် နိုင်ငံသားများ၏အားကို စုစည်းပေးနိုင်မှု စွမ်းရည်များကို မျှဝေပေးခြင်းကဲ့သို့ပင် နိုင်ငံရေးပါတီများ၊ အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှမှုမြှင့်တင်ရေးကြိုးပမ်းမှုများအတွက် အကျိုးအမြတ်ရနိုင်သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံရေးအခင်းအကျင်းသစ်က ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ရပြီး အလှူရှင်များအနေဖြင့် ယင်းကဲ့သို့ဆောင်ရွက်များအတွက် ရံပုံငွေ ထောက်ပံ့ပေးသင့်သည်။

မြန်မာနှင့် နိုင်ငံတကာအဖွဲ့အစည်းအများအပြားက အမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်း ပို့ချပေးလာကြသည်။ အဆိုပါ သင်တန်းများက အကျိုးဖြစ်ထွန်းစေသော်လည်း နောက်ထပ်ပံ့ပိုးမှုများ ပေါင်းစပ်ပေးရန် ( ဥပမာ အဆိုပါပေါင်းစပ်မှု မပြုလုပ်ရသေးသော သင်တန်းအစီအစဉ်များအတွက် နည်းပေးလမ်းပြပြုလုပ်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း) သိသိသာသာ လိုအပ်နေသေးသည်။ လက်ရှိနှင့်အလားအလာရှိအမျိုးသား/အမျိုးသမီးခေါင်းဆောင်များအနေဖြင့် ပညာရပ်ဆိုင်ရာ သင်တန်းများ ပိုလိုအပ်နေသေးကြောင်း တွေ့ရသည်။ အမျိုးသမီးခေါင်းဆောင်မှု မြှင့်တင်ရေးဆောင်ရွက်နေသည့် အဖွဲ့အချို့က မြန်မာအမျိုးသမီးခေါင်းဆောင်များအတွက် ပြည်ပလေ့လာရေးခရီးများစီစဉ်ပေးခဲ့ပြီး နောက်ထပ်ခရီးများကိုလည်း စီစဉ်ထားသည်။ တိုင်း/ပြည်နယ် အဆင့် အုပ်ချုပ်သူများအတွက် လေ့လာရေး၊ ဗဟုသုတဖလှယ်ရေး ပြည်ပခရီးစဉ်များမှ ရရှိလာနိုင်သော အကျိုးကျေးဇူးများကို အလှူရှင်များက အမှုမှတ်မဲ့ ဖြစ်နေကြသေးသည်။

လွန်ခဲ့သည့် ၁ နှစ် ၂ နှစ်အတွင်း အမျိုးသားများပူးပေါင်းပါဝင်မှု၏ အရေးပါပုံကို ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးအခွင့်အရေး ဆောင်ရွက်နေသည့် အဖွဲ့များအကြား အသိအမှတ်ပြုလာကြပြီး ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ ပါဝင်မှုအတွက် ဆောင်ရွက်ရာတွင် အရေးကြီးသည်။ အုပ်ချုပ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရေးအတွက် အချိန်ပေးရမှုအပေါ် အိမ်ထောင်စုက တုံ့ပြန်ရာတွင်လည်းကောင်း၊ အမျိုးသမီးများက ပါဝင်ဆောင်ရွက်နေချိန်တွင် လူထုကတုံ့ပြန်ရာတွင်လည်းကောင်း၊ အမျိုးသမီးရော အမျိုးသားပါ ပါဝင်ဆောင်ရွက်နိုင်မည့်အခွင့်အရေးကို ပံ့ဖော်ပေးနေသည့် လူမှုပတ်ဝန်းကျင်နှင့် ပတ်သတ်ရာတွင်လည်းကောင်း အမျိုးသားများ၏ အမြင်သဘောထားက အရေးပါသည်။ အိမ်ထောင်စုနှင့် ရပ်ကျေးအဆင့်တွင်သာမက အစိုးရအဖွဲ့၊ နိုင်ငံရေး ပါတီများ၊ လက်နက်ကိုင်အဖွဲ့များနှင့် လူမှုအဖွဲ့များတွင်ပါ အမျိုးသားများ ပူးပေါင်းဆောင်ရွက်စေရန် လိုအပ်သည်။

နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်သည့် လူထုခေါင်းဆောင်သော ဖွံ့ ဖြိုးတိုးတက်ရေးနှင့် အခြားဒေသိယ ဖွံ့ ဖြိုးတိုးတက်မှုစီမံကိန်းများကို အစိုးရ၊ နိုင်ငံတကာ ဖွံ့ ဖြိုးတိုးတက်မှုမိတ်ဖက်များနှင့် မြန်မာအရပ်ဖက် လူမှုအဖွဲ့များကပို၍ ထိတွေ့လုပ်ဆောင်လာကြသည်။ ယင်းကဲ့သို့ အုပ်ချုပ်မှုပုံစံက တန်းတူညီမျှပါဝင်မှုကို မြှင့်တင်ရန် အခွင့်အရေးသစ်များ ဖန်တီးပေးနိုင်သည့်အပြင် ကျား၊ မ တန်းတူညီမျှမှုကို အဓိကပန်းတိုင်အဖြစ် စီမံချက်အတော်များများက ရယူကျင့်သုံးလာကြသည်။ ယင်းတို့အနက်မှ သိသာထင်ရှားသည့်တစ်ခုမှာ ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဌာန၏ လူထုဦးဆောင်သော ဖွံ့ ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားစီမံကိန်းဖြစ်ပြီး ၎င်းတွင် ဆုံးဖြတ်ချမှတ်နိုင်သည့် အဓိကနေရာများကို အမျိုးသား၊ အမျိုးသမီး ကိုယ်စားပြုမှု ၅၀း၅၀ ဖြစ်ရမည်ဆိုသည့် လိုအပ်ချက် ပါဝင်သည်။ ကျား၊ မ တန်းတူညီမျှပါဝင်မှု မြှင့်တင်ရန် မည်မျှကြိုးပမ်းသင့်သည်နှင့် စပ်လျဉ်းပြီး အလားတူစီမံကိန်းများအကြား ကွဲပြားချက်များ သိသိသာသာရှိသည်။ အမျိုးသမီးကိုယ်စားပြုမှုအတွက် အနိမ့်ဆုံးအရေအတွက် သတ်မှတ်ပေးခြင်းက ကျား၊ မ တန်းတူညီမျှမှု မြှင့်တင်ရေးအတွက် ထိရောက်သည့်နည်းလမ်းများအနက်မှ တစ်ခုဖြစ်ကာ၊ အုပ်ချုပ်မှုအဆင့်တိုင်းတွင် ထိတွေ့မိတ်ဆက်ပေးရန် စဉ်းစားသင့်သည်။

နိုင်ငံသားများနှင့် ဒေသအစိုးရအဖွဲ့များ၊ ဆုံးဖြတ်ချက်အဓိကချမှတ်သူများအကြား ကူးလူးဆက်ဆံရေးအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း အနည်းငယ်သာရှိသည်။ ထို့အတွက်ကြောင့် ဒေသတွင်းဆုံးဖြတ်ချက်ချရာတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိမှု ရပ်ရွာအသိုက်အဝန်းများအကြား ကွာခြားချက်ကြီးကြီးမားမား ဖြစ်ပေါ်လာသည်။ ယင်းသို့ဖြစ်လာခြင်းမှာ လိုလားဖွယ်ရာ မဟုတ်သည့်အပြင် အောက်ခြေအဆင့်သို့ အာဏာခွဲဝေရာတွင် အခက်တွေ့စေမည်ဖြစ်သည်။ ပြုလွယ်ပြင်လွယ်မှု ရှိရမည်ဖြစ်သော်လည်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အခြားဒေသအုပ်ချုပ်ရေးအရာခံများနှင့် အဖွဲ့များအနေဖြင့် လူထုစည်းဝေးပွဲများ ဘယ်နှစ်ကြိမ်လုပ်သင့်သည်ကို သတ်မှတ်ပေးထားသော အနိမ့်ဆုံးစည်းကမ်းချက်များ ရှိသင့်သည်။ ၎င်းစည်းဝေးပွဲများတွင် အမျိုးသမီးများနှင့်

ဖယ်ကြဉ်ခံအုပ်စုများ ပါဝင်မှုကို မြှင့်တင်မည့် သတ်မှတ်ချက်များကို စည်းကမ်းချက်တွင် ထည့်သွင်းသင့်သည်။

လတ်တလောနှစ်များအတွင်း အစိုးရအနေဖြင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ရန် မူဝါဒသုံး ကြိုးပမ်းမှုများ ရှိခဲ့သော်လည်း မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေသတ်မှတ်ခြင်းနှင့် လူထုဝန်ဆောင်မှုပေးရန် ပုံဖော်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ကျား၊ မ တန်းတူညီမျှမှုအရေး ထည့်သွင်းစဉ်းစားရန် လျစ်လျူရှုထားဆဲဖြစ်သည်။ နိုင်ငံတော်ဘဏ္ဍာငွေ ခွဲဝေရာတွင်လည်း အမျိုးသားများ၏ ဦးစားပေးကဏ္ဍများအတွက် တဖက်စောင်းနင်းဖြစ်နေဆဲဖြစ်သည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံမှုနှင့် လူထုဝန်ဆောင်မှုစနစ်ကို ပြုပြင်ရန် ဆိုးဆိုးရွားရွားလိုအပ်လျက်ရှိသည်။ မူဝါဒချမှတ်ခြင်းနှင့် ဘဏ္ဍာငွေချမှတ်ခြင်းအကြား ချိတ်ဆက်မှုမရှိခြင်း၏ ရလဒ်အဖြစ် ဘဏ္ဍာရေးကိစ္စအတော်များများ "ဘဏ္ဍာငွေ မရှိခြင်း"၊ အချက်အလက်ကောက်ယူမှု မလုံလောက်ခြင်း၊ အချက်အလက်များကို လေ့လာသုံးသပ်နိုင်သည့် အစိုးရ၏စွမ်းရည် နိမ့်ကျခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ညံ့ဖျင်းခြင်းတို့ဖြစ်သည်။ ယင်းစနစ်များတွင် ရင်ဆိုင်နေရသည့် အားနည်းချက်များနှင့် အကျပ်အတည်းများကို ထောက်ရှုလျှင် အခြားနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော "gender budgeting" တွင်ပါဝင်သည့် ပညာရပ်ပိုင်းဆိုင်ရာ နည်းဗျူဟာများကို စမ်းသပ်ရန်သော်လည်းကောင်း အပြည့်အဝအကောင်အထည်ဖော်ရန်လည်းကောင်း သင့်လျော်မှုမရှိသေးပါ။ ကျား၊ မ တန်းတူညီမျှမှုကို ထည့်သွင်းခြင်းဖြင့် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေ သတ်မှတ်ခြင်း၊ အများပြည်သူဝန်ဆောင်မှုပေးခြင်းတို့ တိုးတက်လာစေရေး စိတ်ပါဝင်စားမှုရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းနှင့် ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်အလားအလာ ဖွံ့ ဖြိုးမှုမိတ်ဖက်များတွင် ရှိသည်။ ယင်းသို့ ချဉ်းကပ်ဆောင်ရွက်မှု၏ အကျိုးရလဒ်များနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ ဝန်ကြီးဌာနများ၊ တိုင်း/ ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့များအကြား သိမြင်နားလည်မှု မြှင့်တင်ပေးရန်လည်း လိုအပ်လျှက်ရှိသည်။

မြန်မာနိုင်ငံ၌ ဘဏ္ဍာရေးစီမံရာတွင်လိုအပ်သည့် အချက်အလက်များ မရှိသလောက်ပင်ဖြစ်ပြီး ရှိသောအချက်အလက်များမှာလည်း အရည်အသွေးညံ့ဖျင်းသည်။ ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့်အချက်အလက်များကို ပြည်သူများသိရှိနိုင်စေရေး အစိုးရကဆောင်ရွက်ပေးရန်အရေးတကြီးလိုအပ်လျက်ရှိသည်။မြန်မာနိုင်ငံတွင်လုပ်ငန်းဆောင်ရွက်နေသောနိုင်ငံတကာဖွံ့ ဖြိုးမှုအဖွဲ့အစည်းများကလည်း ၎င်းတို့၏ စီမံချက်များအပေါ် သက်ရောက်မှုနှင့်ပတ်သက်သည့် ပိုကောင်းသောအချက်အလက်များကို ကောက်ယူရန်နှင့် ကောက်ခံရရှိသော အချက်အလက်များနှင့် သုံးသပ်လေ့လာမှုများကို အခြားသူများသိရှိနိုင်စေရေး ပြုလုပ်ပေးသင့်သည်။ အလှူရှင်များအနေဖြင့်လည်းအချက်အလက်များထုတ်ပြန်ခြင်းဖြင့် အစိုးရနှင့်နိုင်ငံတကာအဖွဲ့များအပေါ် လွှမ်းမိုးမှုပြုနိုင်သည်။မူဝါဒကောင်းများပုံဖော်ရာတွင် အချက်အလက်ကောင်းများ အရေးကြီးသည်ဖြစ်ရာ ဘဏ္ဍာငွေခွဲဝေမှုနှင့်ပတ်သက်ပြီး နိုင်ငံသားများ၏ လိုလားချက်၊ အုပ်ချုပ်မှုရေးရာတွင် နိုင်ငံသားများပါဝင်ဆောင်ရွက်နိုင်မှု အရည်အသွေးတို့ပါဝင်သော၊ လိုအပ်သည့်နေရာများတွင် သတင်းအချက်အလက် ကောက်ခံနိုင်ရန် အလှူရှင်များက ပံ့ပိုးပေးသင့်သည်။

# ၁။ မိတ်ဆက်နှင့် ပင်မသဘောတရား

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာ့အုပ်ချုပ်ရေးဌာနများတွင် အမျိုးသမီးများပါဝင်မှုအဆင့် တိုးတက်မှုများရှိခဲ့သော်လည်း အမျိုးသားများကသာ ကြီးစိုးဆဲဖြစ်သည်။ အုပ်ချုပ်ရေး ကျား၊ မ တန်းတူညီမျှမှု (မ)ရှိခြင်းက ဘာကြောင့်အရေးပါသည်၊ လက်ရှိနှင့်သမိုင်းကြောင်းအရ ပါဝင်မှု (မ)ညီမျှခြင်းအဆင့်၊ မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေ ခွဲဝေခြင်းနှင့် အများပြည်သူ့ဝန်ဆောင်မှုများ၌ မည်သည့်အတိုင်းအတာထိ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခဲ့ (သို့) မြှင့်တင်ရန်ပျက်ကွက်ခဲ့သည်၊ လက်ရှိအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့များက ကျား၊ မ တန်းတူညီမျှပါဝင်မှုကို မြှင့်တင်ရန်ကြိုးပမ်းမှုများနှင့် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူ့ဝန်ဆောင်မှုများမှတဆင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းများကို ဤအစီရင်ခံစာတွင် ဆွေးနွေးထားသည်။ ယင်းဆောင်ရွက်မှုများကို မည်သို့ချဲ့ထွင်ပြီး တိုးတက်အောင် မွမ်းမံရေးအတွက်လည်း အကြံပြုထားသည်။

အုပ်ချုပ်ရေးကို အဓိပ္ပါယ်ဖွင့်ဆိုမှု အမျိုးမျိုးရှိသော်လည်း ဤအစီရင်ခံစာတွင် အုပ်ချုပ်ရေးဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ရပ်ကို ထိန်းချုပ်ကွပ်ကဲသည့် စည်းမျဉ်းများအဖြစ် ညွှန်းဆိုမည်ဖြစ်ပြီး မည်သူများက ယင်းစည်းမျဉ်းကို မည်သည့်အတိုင်းအတာထိ လိုက်နာသည်၊ စည်းမျဉ်းများကို မည်သူက မည်သို့ချမှတ်သည်၊ ချမှတ်သူများက နိုင်ငံသားများအပေါ် မည်သည့်အတိုင်းအတာထိ တာဝန်ခံမှုပြုသည်တို့ ပါဝင်သည်။ အုပ်ချုပ်ရေးဖြစ်စဉ်နှင့် ရလဒ်များကို နားလည်သဘောပေါက်ရန်အတွက် ၁) ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ၊ ၂) အခြားအဖွဲ့များနှင့် တသီးပုဂ္ဂလများက အဆိုပါလုပ်ငန်းစဉ်များအပေါ် မည်သည့်အတိုင်းအတာနှင့် မည်သို့လွှမ်းမိုးမှုပြုနိုင်သည်တို့ကို သုံးသပ်လေ့လာရန် လိုအပ်သည်။ တရားဝင်ဌာန အဖွဲ့အစည်းများအပေါ် အဓိကထားသည်ဆိုသော်လည်း မြန်မာနိုင်ငံအုပ်ချုပ်ရေး၏ အထက်ဖော်ပြပါ မျက်နှာစာ ၂ ရပ် လုံးတွင် ကျား၊ မ တန်းတူညီမျှမှုအတိုင်းအတာကို ဤအစီရင်ခံစာက ဖော်ထုတ်တင်ပြသွားမည်ဖြစ်သည်။

အခန်း (၁) ၏ ကျန်ရှိအစိတ်အပိုင်းများတွင် အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှုက ဘာကြောင့်အရေးပါသည်၊ မြန်မာနိုင်ငံဖွံ့ ဖြိုးတိုးတက်ရေးအတွက် မျှော်မြင်ကြံဆနေသူများအတွက် ဘာကြောင့်စိတ်ဝင်စားသင့်သည်ကို ဖော်ပြသွားမည်ဖြစ်သည်။ ကိုယ်စားပြုမှု၊ ပါဝင်မှုနှင့်အာဏာခွဲဝေမှုတွင်တန်းတူညီမျှစေရေးနှင့်ပတ်သက်သည့်သဘောတရားရေးရာကိစ္စများကိုမိတ်ဆက်တင်ပြပေးသွားမည်။ အစီရင်ခံစာရေးသားရန် အသုံးပြုသည့် သုတေသနလုပ်ငန်းစဉ်ကို အတိုချုံးဖော်ပြသွားမည်ဖြစ်ကာ အစီရင်ခံစာ၏ ကျန်အပိုင်းများအကြောင်း အတိုချုံးဖော်ပြခြင်းဖြင့် အဆုံးသတ်ထားသည်။

## ၁.၁) အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှုက ဘာကြောင့်အရေးပါသနည်း။

အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှု မြှင့်တင်ခြင်းသည် ဆုံးဖြတ်ချက်မျှမျှတတဖြစ်စေမှုအတွက် နည်းလမ်းတစ်ခုဖြစ်သည်။ မူဝါဒနှင့်ဘဏ္ဍာရေးဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီးအမျိုးသားနှင့်အမျိုးသမီးများအကြားကွဲပြားသောလိုလားချက်များရှိကြောင်းကို ဖွံ့ ဖြိုးပြီးနှင့် ဖွံ့ ဖြိုးဆဲနိုင်ငံများတွင်ပြုလုပ်ခဲ့သောအသေးစိတ်ကျသောသုတေသနများမှသက်သေအထောက်အထားကဖော်ပြလျက်ရှိသည်။[1] ထို့ပြင် အမျိုးသမီးထု၏ လိုလားချက်ကို အမျိုးသားများထက် အမျိုးသမီးခေါင်းဆောင်များက တုံ့ပြန်ဆောင်ရွက်မှုပိုရှိကြောင်း သုတေသနများက ရှာဖွေတွေ့ရှိထားသည်။[2] အခြားနိုင်ငံများနှင့်စာလျှင် မြန်မာနိုင်ငံတွင် ဤမျှမပြင်းထန်သော်လည်း အမျိုးသမီးများအကြား ကွဲပြားသောလိုလားချက်များရှိပြီး [3]အမျိုးသမီးထု၏ လိုလားချက်ကို အမျိုးသမီးခေါင်းဆောင်များက တုံ့ပြန်ဆောင်ရွက်မှုပိုရှိ

---

[1] ဥပမာ, Raghabendra Chattopadhyay နှင့် Esther Duflo တို့၏ "မူဝါဒချမှတ်သူများအဖြစ် အမျိုးသမီးများကို ရှုမြင်ခြင်း - အိန္ဒိယနိုင်ငံရှိ မူဝါဒဆိုင်ရာ ကျပန်းစမ်းသပ်မှုများမှရရှိသော အထောက်အထားများ" *အီကိုနိုမက်ထရစ်ကာ* စာ - ၇၂, အမှတ် ၅ (၂၀၀၄): ၁၄၂၉; Lena Edlund နှင့် Rohini Pande တို့၏ "ဘာကြောင့် အမျိုးသမီးတွေ လက်ဝဲဝါဒီ ဖြစ်လာကြသလဲ။ အမျိုးသားနှင့် အမျိုးသမီးအကြား နိုင်ငံရေးဆိုင်ရာကွာဟချက်နှင့် အိမ်ထောင်ပြုမှု ကျဆင်းလာခြင်း" *စီးပွါးရေးရာ အပတ်စဉ်ဂျာနယ်* စာ - *၁၁၇၊ အမှတ် ၃* (၂၀၀၂): ၉၁၇-၂၀; Patricia Funk နှင့် Christina Gathmann တို့၏ "မူဝါဒချမှတ်ခြင်းဆိုင်ရာ အမျိုးသားနှင့် အမျိုးသမီးအကြား ကွာဟချက် - ဆွစ်ဇာလန်နိုင်ငံ၌ ဒီမိုကရေစီတိုက်ရိုက်ကျင့်သုံးခြင်းမှ အထောက်အထားများ" *စီးပွါးရေးရာမူဝါဒ* စာ - ၃၀ အမှတ် ၈၁ (၂၀၁၅): ၁၅၂-၅၅; John R. Lott, Jr. နှင့် Lawrence W. Kenny တို့၏ "အမျိုးသမီးမဲပေးပိုင်ခွင့်တောင်းဆိုလှုပ်ရှားမှုက အစိုးရ၏ အရွယ်အစားနှင့် လွှမ်းခြုံမှုကို ပြောင်းလဲစေခဲ့သလား?" *နိုင်ငံ့စီးပွါးရေးဂျာနယ်* စာ - ၁၀၇ အမှတ် ၆ (၁၉၉၉):၁၁၆၃။

[2] ဥပမာ၊ Chattopadhyay နှင့် Duflo တို့၏ "မူဝါဒချမှတ်သူများအဖြစ် အမျိုးသမီးများက ဆောင်ရွက်ခြင်း" ၁၄၃၁; Esther Duflo ၏ "ဘာကြောင့် နိုင်ငံရေးလျာထားမှု ပြုလုပ်ရသလဲ?" *ဥရောပစီးပွါးရေးအသင်းဂျာနယ်* စာ - ၃ အမှတ် ၂ - ၃ (၂၀၀၅): ၆၇၄-၇၅; Susan Franceschet နှင့် Jennifer M. Piscopo တို့၏ "ကျား၊ မ အချိုးကျဝေစုနှင့် အရေးပါသော အမျိုးသမီးကိုယ်စားပြုခြင်း - အာဂျင်တီးနားနိုင်ငံ၏ သင်ခန်းစာများ" *နိုင်ငံရေးနှင့် ကျား၊ မ လူမှုရေးရာ* စာ - ၄ အမှတ် ၃ (၂၀၀၈) ၄၀၇-၁၇; Jennifer L. Lawless ၏ "အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် ဥပဒေပြုသူများ" *သီပွံနည်းကျနိုင်ငံရေးရာနှစ်စဉ်သုံးသပ်ချက်* စာ - ၁၈ အမှတ် ၁ (၂၀၁၅): ၃၅၈-၅၉; နှင့် Irene Tinker, "ရွေးကောက်ခံဥပဒေပြုသူများ နေရာအတွက် အမျိုးသမီးများ၏ဝေစု - အမျိုးသမီးများအတွက် အမှန်တကယ် စွမ်းဆောင်ရည်မြင့်စေရဲ့လား?" *အမျိုးသမီးရေးရာ လေ့လာသုံးသပ်မှု နိုင်ငံတကာဖိုရမ်* စာ ၂၇ အမှတ် ၅-၆ (၂၀၀၄): ၃၅၉။

[3] မြန်မာအမျိုးသမီးများ၏ ကွဲပြားသောလိုလားချက်များနှင့် ယင်းသို့ကွဲပြားမှုများဖြစ်ပေါ်စေသည့် အကြောင်းရင်းများအား ဆက်စပ်ရှင်းပြချက်များအကြောင်း အသေးစိတ်လေ့လာလိုလျှင် Paul Minoletti ၏ မြန်မာနိုင်ငံရှိ *ကျား၊ မ လူမှုရေးရာကိစ္စရပ်များအတွက် ရံပုံငွေဖြည့်တင်းခြင်း* ActionAid၊ CARE၊ Osfam *နှင့်* WON (*လာမည့် ၂၀၁၆တွင်*) *ကို ရှု*။ Paul Minoletti ၏ မြန်မာနိုင်ငံ၏ တိုင်း/ ပြည်နယ် အုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေးသုံးသပ်ချက်-

သည်ကို[4] တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှု မြှင့်တင်ခြင်းသည် ကျား၊ မ တန်းတူညီမျှသော ဆုံးဖြတ်ချက်များရရှိနိုင်သည်။

တောင်အာရှနိုင်ငံများတွင် ပြုလုပ်ခဲ့သော လေ့လာမှုများအရ အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှု မြှင့်တင်ခြင်းကြောင့် လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်သော အစိုးရဖြစ်လာသည်ကို တွေ့ရှိရသည်။ ယေဘုယျအားဖြင့် အိန္ဒိယနိုင်ငံတွင် အမျိုးသမီးဦးဆောင်သော ကျေးရွာကောင်စီများက အများပြည်သူအတွက် အရည်အသွေးတူ ကုန်စည်များကို ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းပေးနိုင်ကြောင်းတွေ့ရသည်။ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ရပ်က တစုတစည်းတည်းဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ ထူထောင်ပေးသည့် [5]ကိုယ့်အားကိုယ်ကိုးအဖွဲ့က လူမှုအရင်းအနှီးကို တိုးမြှင့်ပေးနိုင်သည်ကို တွေ့ရသည်။ ဒေသခံ လူမှုအဖွဲ့များအကြား ယုံကြည်မှုမြင့်တက်လာသည့်အပြင် ကျောင်း နှင့် အခြေခံအဆောက်အဦများဆောက်လုပ်ရန် ကျေးရွာအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခြေကိုလည်း မြှင့်တင်ပေးသည်။ [6]Bina Agarwal ၏ အိန္ဒိယနှင့် နီပေါလ်နိုင်ငံများရှိ ကျေးရွာအစုအဖွဲ့ပိုင် သစ်တောအုပ်စုများဆိုင်ရာ သုတေသနအရ အဆိုပါအဖွဲ့များ၏ အုပ်ချုပ်မှုရေးရာ၌ ကျား၊ မ တန်းတူပါဝင်မှု မြှင့်တင်ခြင်းကြောင့် အဖွဲ့ကချမှတ်သော စည်းမျဉ်းများအား လိုက်နာမှုမြင့်တက်လာခြင်း၊ တာဝန်ယူထားသည့်သစ်တောပေါက်ရောက်မှုမြင့်လာခြင်းအပြင် လုံခြုံရေးကင်းလှည့်ရာတွင် အမျိုးသမီးများပိုပါဝင်လာသည့်အတွက် စည်းကမ်းဖောက်ဖျက်ရန်ကြိုးစားသည့် အမျိုးသမီးများကို ဖမ်းဆီးရန် လွယ်ကူသည်။ [7]

အစိုးရအဖွဲ့၏ လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်မှုအပေါ် အမျိုးသမီးများပါဝင်ဆောင်ရွက်ခြင်း၏ သက်ရောက်မှုနှင့် ပတ်သက်သော ခိုင်မာသည့်အထောက်အထားများ မြန်မာနိုင်ငံတွင် မရှိသော်လည်း ရပ်ကျေးအဆင့် ဖွံ့ ဖြိုးမှုစီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့များရှိ ထိပ်ပိုင်းခေါင်းဆောင်အမျိုးသမီးများနှင့် ၂၀၁၄ ခုနှစ်က တွေ့ဆုံမေးမြန်းမှုများအရ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများပါဝင်မှု အဆင့်မြင့်လျှင် ပိုကောင်းသော လုပ်ငန်းရလဒ်များ [8] ထွက်ပေါ်သည်ဟု သိရသည်။ မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးအဆင့်တိုင်းတွင် လာဘ်ပေးလာဘ်ယူမှုနှုန်း မြင့်မားသည်ဖြစ်ရာ အမျိုးသမီးများပါဝင်မှု မြှင့်တင်ခြင်းက လာဘ်ပေးလာဘ်ယူမှုလျှော့ချရန် အကူအညီရနိုင်သည်ဟု လက်ဝယ်ရှိအထောက်အထားများက သက်သေပြလျက်ရှိသည်။[9]ကျေးရွာအစုအဖွဲ့ပိုင် သစ်တောအုပ်စုများ ထိန်းချုပ်မှုအောက်ရှိ သစ်တောများစွာတွင် စည်းကမ်းလိုက်နာမှု နိမ့်ကျနေဆဲဖြစ်သည်။ [10]

အမေရိကန်ပြည်ထောင်စုတွင်ပြုလုပ်ခဲ့သော သုတေသနများအရ ကျား၊ မဖွဲ့စည်းပုံအရေအတွက် ပြောင်းလဲခြင်းက အုပ်ချုပ်မှုစတိုင်လ်ပြောင်းလဲစေကြောင်းတွေ့ရှိရသည်။ အမျိုးသမီးမြို့တော်ဝန်များက သက်ဆိုင်ရာမြို့များ၏ဘဏ္ဍာရေးပြဿနာများကိုပိုပြီးအသိအမှတ်ပြုလို၊ ဖြေရှင်းလိုစိတ် ရှိကြသည့်အပြင် အစိုးရကော်မတီဥက္ကဋ္ဌ အမျိုးသမီးများက ဆွေးနွေးပွဲကို ထိန်းကြောင်းပေးလေ့ရှိပြီး အမျိုးသားခေါင်းဆောင်များကမူ ဆွေးနွေးမှုများကို ထိန်းချုပ်ညွှန်ကြားလေ့ရှိသည်။[11] ယခင်ကပြုလုပ်ခဲ့သော သုတေသနများကလည်း မြန်မာနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်များက ပုံသဏ္ဍာန်အမျိုးမျိုးကျင့်သုံးလိုစိတ် အမျိုးသားခေါင်းဆောင်များထက် ပိုရှိကြပြီး ထိပ်တိုက်တွေ့မှုနည်းပြီး စိတ်ရှည်ကြသည်။[12]

အုပ်ချုပ်မှုရေးရာတွင် ကျား၊ မ တန်းတူညီမျှ ကိုယ်စားပြုမှုမြှင့်တင်ခြင်းက အဆိုပါအဖွဲ့အစည်း၏ တရားဥပဒေနှင့်အညီဖြစ်သည်ဟု အမျိုးသမီးများက ပိုသိမြင်ခံစားလာကြသည်။ Jane Mansbridge က -

---

*တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း* ၊ အမှတ် ၃ (MDRI-CESD နှင့် The Asia Foundation၊ (*၂၀၁၄): ၁၆-၂၀၊* https://asiafoundation.org/resources/pdfs/WomensParticipationintheSubnationalGovernanceofMyanmar.pdf

4 Minoletti ၏ *တိုင်း/ ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း* ၊ ၂၀-၂၃

5 Lori A. Beaman နှင့် others ၏ "ထက်မြက်သောအမျိုးသမီးများ - [လုပ်ငန်း] ထိတွေ့မှုက ဘက်လိုက်ခွဲခြားမှုတွေကို လျော့ကျစေသလား?" *စီးပွါးရေးအပတ်စဉ်ဂျာနယ်* ၁၂၄ အမှတ် ၄ (၂၀၀၉): ၁၅၁၈-၂၀။

6 Wendy Janssens ၏ "အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အိန္ဒိယကျေးရွာများတွင် လူမှုအရင်းအနှီးများ ဖန်တီးခြင်း" *ကမ္ဘာ့ဖွံ့ ဖြိုးတိုးတက်မှု* ၃၈ အမှတ် ၇ (၂၀၁၀): ၉၈၃ - ၈၆။

7 Wendy Janssens ၏ "အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အိန္ဒိယကျေးရွာများတွင် လူမှုအရင်းအနှီးများ ဖန်တီးခြင်း" *ကမ္ဘာ့ဖွံ့ ဖြိုးတိုးတက်မှု* ၃၈ အမှတ် ၇ (၂၀၁၀): ၉၈၃ - ၈၆။

8 Minoletti ၏ *တိုင်း/ ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း*၊ ၂၂။

9 Minoletti ၏ မြန်မာနိုင်ငံရှိ *ကျား၊ မ လူမှုရေးရာကိစ္စရပ်များအတွက် ရံပုံငွေဖြည့်တင်းခြင်း - တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း*၊ ၂၁-၂၂

10 မြန်မာ သဘာဝပတ်ဝန်းကျင်ရေးရာ အစိုးရမဟုတ်သောအဖွဲ့များမှ ဝန်ထမ်းများနှင့် ကွင်းဆင်းတွေ့ဆုံမေးမြန်းခြင်း။

11 ဥပဒေမဲ့ခြင်း ၃၅၉

12 *Minoletti ၏ တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ ၂၂ ; Emilie Röell ၏ အမျိုးသမီးများနှင့် ဒေသခေါင်းဆောင်မှု: မြန်မာ့ရပ်ကျေးအုပ်ချုပ်ရေးမှူး အမျိုးသမီး ၄၂ ဦး၏ ခေါင်းဆောင်မှုခရီး* (ရန်ကုန်: UNDP, ၂၀၁၅): ၃၁-၃၃.

> [လူတစ်ဦးအနေဖြင့်] ၎င်းအားကိုယ်စားပြုသူနှင့် လွယ်ကူစွာ ဆက်သွယ်နိုင်မှု၊ ၎င်း၏အကျိုးကို ဂရုတစိုက်ကိုယ်စားပြုပေးခြင်း၊ ၎င်း၏ကိုယ်ပိုင်ဖြစ်တည်မှုအနက်မှ တစ်ခုခုကြောင့် စီမံအုပ်ချုပ်နိုင်စွမ်းနည်းပါးသူ သဘောသက်ရောက်မှုမရှိကြောင်း သိရှိနားလည်မှုအားလုံးတို့က နိုင်ငံရေးတွင် ပါဝင်မှုပိုရလာသည့် ထိုသူအား ခံစားရစေသည်။ ပါဝင်ခွင့်ရသည့်ခံစားချက်ကြောင့် ထိုသူ၏အမြင်တွင် ဒီမိုကရေစီနည်းအရ တရားဥပဒေနှင့်အညီဖြစ်သည့် ပုံပေါ်စေသည်။[13]

အများပြည်သူအရေး ဆုံးဖြတ်ချက်ချရာတွင် ပါဝင်နိုင်စွမ်းရှိခြင်းနှင့် တစ်စုံတစ်ဦး၏ ကိုယ်ပိုင်ဘဝအား စီမံခန့်ခွဲနိုင်စွမ်းရှိခြင်းတို့က ထိုသူ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း အဓိကလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာက ဖော်ပြထားသကဲ့သို့ပင် တစ်စုံတစ်ဦး၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းသည် -

> ထိရောက်သည့်ရွေးချယ်မှုများပြုလုပ်နိုင်စွမ်းနှင့် ကိုယ်ပိုင်ဘဝကို စီမံနိုင်စွမ်းရှိခြင်းက ပျော်ရွှင်ကျန်းမာမှု၏ အဓိကသွင်ပြင်ပင်ဖြစ်သည်။ ပိုကောင်းသောရလဒ်များကို မျှော်မှန်းနိုင်၊ ထိရောက်သောရွေးချယ်မှုများ ပြုလုပ်နိုင်၊ ဘဝတိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိလျှင် အမျိုးသားရော အမျိုးသမီးပါ ၎င်းတို့၏ အခြေအနေကို ယှဉ်ပြိုင်ပြောင်းလဲနိုင်ကြသည်။[14]

## ၁.၂) ကိုယ်စားပြုခြင်းနှင့် ပါဝင်ခြင်းကို တွေးခေါ်သုံးသပ်မှုပြုခြင်း

ကျား၊ မ တန်းတူညီမျှ ကိုယ်စားပြုခြင်းနှင့် ပါဝင်ခြင်းကို စဉ်းစားသည့်အခါ အုပ်ချုပ်မှုအဖွဲ့တွင်ပါဝင်သော အမျိုးသမီး၊ အမျိုးသားအရေအတွက် (ဆိုလိုသည်မှာ စာရင်းအင်းအရ ကိုယ်စားပြုခြင်း) ကို ပထမဆုံး စဉ်းစားမိကြသည်။ စာရင်းအင်းအရ ကိုယ်စားပြုခြင်းကို[15] တိုင်းတာရာတွင်ကိုယ်စားပြုခံအမျိုးသား၊ အမျိုးသမီးများ၏အနေအထားပါဝင်သည်။ ဥပမာ အသက်အရွယ်၊ လူမှုစီးပွါးအဆင့်အတန်း၊ လူမျိုး၊ ကိုးကွယ်ရာဘာသာ စသည်တို့နှင့်ပတ်သက်သည့် အချက်အလက်များ ထည့်သွင်းခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို နားလည်ရန် စာရင်းအင်းအရကိုယ်စားပြုမှုကအရေးကြီးသော်လည်းကိုယ်စားပြုမှုအခြားသွင်ပြင်များကိုလည်းစဉ်းစားသုံးသပ်ရန်လိုအပ်သည်။ စာရင်းအင်းအရ ကိုယ်စားပြုမှုအပြောင်းအလဲက အုပ်ချုပ်ရေးအဖွဲ့၏ အပြုအမူ - မည်သည့်မူဝါဒကို တင်သွင်းကျင့်သုံးသည်၊ အုပ်ချုပ်မှုအဖွဲ့က မည်မျှထိရောက်လျင်မြန်သည်၊ အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုသဏ္ဌာန် - မည်သို့ပြောင်းလဲစေသည်ကို ပဓာနကျသော ကိုယ်စားပြုမှုက ဖော်ပြသည်။ စာရင်းအင်းအရကိုယ်စားပြုမှု ပြောင်းလဲသည့်အခါ အမျိုးသား၊ အမျိုးသမီး ဆုံးဖြတ်ချက်ချမှတ်သူများအပေါ် နိုင်ငံသူ၊ နိုင်ငံသားများက မည်သို့ သဘောထားသည်၊ အုပ်ချုပ်ရေးအဖွဲ့၏ တရားဥပဒေနှင့်အညီဖြစ်မှုပေါ် အမြင်ပြောင်းလဲမှု ရှိ/မရှိကို သရုပ်ပေါ်လွင်သည့် ကိုယ်စားပြုမှုက ဖော်ပြသည်။ [16]

စာရင်းအင်းအရကိုယ်စားပြုမှုက ပဓာနကျသောကိုယ်စားပြုမှုနှင့် သရုပ်ပေါ်လွင်သည့်ကိုယ်စားပြုမှုတို့အပေါ် သက်ရောက်မှုက မတူကွဲပြားသော အဖွဲ့ /လူပုဂ္ဂိုလ်များပါဝင်နိုင်မှု အရည်အသွေးပေါ် မူတည်နေသည်။ ပါဝင်နိုင်မှု အရည်အသွေးဆိုရာတွင် တစ်စုံတစ်ဦး၏ အမြင်နှင့် အကျိုးကို ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိမှု၊ ယင်းသို့ပြုလုပ်စဉ် အများပြည်သူနှင့် ဆုံးဖြတ်ချက်ချမှတ်သူများက အလေးအနက်ထားမှုတို့ပါဝင်သည်။ ထုံးတမ်းစဉ်လာများနှင့် အဖွဲ့ /တစ်ဦးချင်းအကြား ဆက်နွယ်လွှမ်းမိုးမှုက ၎င်းအပေါ် သက်ရောက်မှုရှိသည်။ ၎င်းတို့ပါဝင်ခွင့်ရသည့် အုပ်ချုပ်ရေးအဖွဲ့တွင် ဆုံးဖြတ်ချက်ချပိုင်ခွင့် အမှန်တကယ် ရှိ-မရှိ ပေါ်လည်း လုံးဝနီးပါးမူတည်နေသည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးအဖွဲ့ နှင့် ဆုံးဖြတ်ချက်ချနိုင်သည့် ဖိုရမ်များတွင် ပါဝင်ခွင့်ရှိသော အမျိုးသမီးများမှာ လုပ်ဖော်ကိုင်ဖက် အမျိုးသားများလောက် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်မှု မရှိပါ။[17]

ဤအစီရင်ခံစာတစ်ခုလုံးတွင် အုပ်ချုပ်ရေးတွင်ပါဝင်ခွင့်ရခြင်းသည် ပါဝင်ခွင့်ရသူအတွက် အကျိုးဖြစ်ထွန်းစေကြောင်း ယူဆဖော်ပြထားသည်။ သို့သော် ပါဝင်ခွင့်အနေအထား နိမ့်ကျလျှင် ပါဝင်နိုင်ခွင့်မြှင့်တင်ခြင်းကပင် ၎င်းတို့ကောင်းကျိုးကို ထိခိုက်စေမည်။ ပါဝင်ခွင့်မြှင့်တင်သည့်အတွက် နိုင်ငံသားအနေဖြင့် အစည်းအဝေးတက်ရောက်ရန်၊ အများပြည်သူဝန်ဆောင်မှုပေးရန် စသဖြင့် အချိန်မြုပ်နှံရမည်ဖြစ်သည်။ ပါဝင်ခွင့်အနေအထားပေါ်မူတည်ပြီး အချိန်ရင်းနှီးရခြင်းက ထိုက်တန်မှုရှိမရှိ - ဆုံးဖြတ်ချက်ချရာတွင် တန်းတူညီမျှမှု၊

[13] Jane Mansbridge ၏ "လူမဲများက လူမဲများအား ကိုယ်စားပြုပြီး အမျိုးသမီးများက အမျိုးသမီးများအတွက် ကိုယ်စားပြုသင့်သလား? A Contingent 'ဟုတ်ကဲ့'" *နိုင်ငံရေးဂျာနယ်* အတွဲ ၆၁ အမှတ် ၃ (၁၉၉၉) စာ ၆၅၁။

[14] Jane Mansbridge ၏ "လူမဲများက လူမဲများအား ကိုယ်စားပြုပြီး အမျိုးသမီးများက အမျိုးသမီးများအတွက် ကိုယ်စားပြုသင့်သလား? A Contingent 'ဟုတ်ကဲ့'" *နိုင်ငံရေးဂျာနယ်* အတွဲ ၆၁ အမှတ် ၃ (၁၉၉၉) စာ ၆၅၁။

[15] N.b. အယောင်ပြကိုယ်စားပြုမှုဟု အချို့က ညွှန်းဆိုသည်။

[16] ကိုယ်စားပြု၏ မျက်နှာစာ ၃ ရပ်နှင့်စပ်လျဉ်းပြီး ဆွေးနွေးချက်များအတွက် Susan Franceschet၊ Mona Lena Krook နှင့် Jennifer M. Piscopo တို့၏ ကျား၊ မ အချိုးကျဝေစု၏ အကျိုးသက်ရောက်မှုမှ "ကျား၊ မ အချိုးကျဝေစုကို သဘောတရားရေးရာပြုခြင်း" (နယူးယော့ခ် - Oxford တက္ကသိုလ်၊ ၂၀၁၂) ကိုရှု။

[17] ပါဝင်မှု၏အရည်အသွေးကို သဘောတရားမှုပြုခြင်းအတွက် ဆွေးနွေးချက်များအား Minoletti ၏ *တိုင်း/ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း* စာ - ၅ ကို ရှု။

လျင်မြန်မှုနှင့် ထိရောက်မှု၊ အုပ်ချုပ်ရေးပုံစံ (ပဓာနကျသောကိုယ်စားပြုမှု) တိုးတက်မှုရှိသလား။ [18]အုပ်ချုပ်ရေးအဖွဲ့၏တရားဥပဒေနှင့် အညီဖြစ်မှု (သရုပ်ပေါ်လွင်သည့် ကိုယ်စားပြုမှု) ကို တိုးမြှင့်ပေးနိုင်သလား။ တစ်ဦးချင်းစီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုအား အထောက်အပံ့ဖြစ်စေသလား။ အခန်း ၂.၃.၁ တွင် ဖော်ပြခဲ့သကဲ့သို့ အခြားကိစ္စများအတွက် အချိန်ပေးရမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တင်းကြပ်သောဓလေ့ထုံးတမ်းများအရ အမျိုးသမီးများက အိမ်ထောင်တာဝန်များကို ထမ်းဆောင်ရန်လိုအပ်သည်ဖြစ်ရာ အများပြည်သူရေးတွင် ပါဝင်ခွင့်အတွက် တောင်းဆိုခြင်းကပင် ၎င်းတို့အား ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံရှိ ခေါင်းဆောင်နေရာတွင်တာဝန်ယူထားသော အမျိုးသမီးများအနေဖြင့် အဆိုးမြင်မှတ်ချက်များနှင့် ဝေဖန်မှုများ ခံရသည်ဖြစ်ရာ ထိုမှတဆင့် ၎င်းတို့၏ကျန်းမာပျော်ရွှင်ရေးအတွက် ခြိမ်းခြောက်မှုဖြစ်လာသည်။ [19]သို့သော် သင့်လျော်သည့် ပါဝင်မှုနည်းနာများနှင့် ပံ့ပိုးမှုအစီအစဉ်များဖြင့် ချို့ယွင်းချက်ကို လျှော့ချနိုင်သည်။

မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှမှု (မ)ရှိခြင်းကို ဤအစီရင်ခံစာတွင် အဓိကထားဖော်ပြထားသော်လည်း တန်းတူညီမျှမှု၊ လျင်မြန်မှု၊ ထိရောက်မှု၊ အုပ်ချုပ်ရေးပုံစံနှင့် နိုင်ငံသားတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုအပေါ် သက်ရောက်မှုများမှာ ကျား၊ မ ရေးရာအပြင် ကွာခြားမှုဖြစ်ရသည့် အခြားအကြောင်းရင်းနှင့် မညီမျှမှုများ ရှိသေးသည်။ လွှတ်တော်အမတ်တစ်ဦး၏ ဆက်နွယ်မှုရှိသည့် နိုင်ငံရေးပါတီကိုကြည့်၍ ၎င်း၏အပြုအမူနှင့် အမြင်သဘောထားအတွက် ကြိုတင်ခန့်မှန်းနိုင်ကြောင်းကို အခြားနေရာဒေသများတွင်ပြုလုပ်ခဲ့သော သုတေသနများအရ သိနိုင်သည့်အတွက် ကျား၊ မ ကို ကြိုတင်ခွဲဝေ သတ်မှတ်ထားသင့်သည်ဟု မဆိုနိုင်ပါ။[20] မူဝါဒချမှတ်သူများက ယောကျ်ားသား/ မိန်းမသား အချင်းချင်းထားရှိသည့် သွေးစည်းမှုနေရာတွင် လူမှုအဆင့်အတန်းနှင့် စီးပွါးရေးအခြေအနေက မူဝါဒချမှတ်ချိန်တွင် အစားထိုးသွားကြောင်း အိန္ဒိယနိုင်ငံရှိ နိုင်ငံတော်အဆင့်ဥပဒေပြုသူများ၏ မဲပေးမှုပုံစံနှင့် နီပေါလ်နှင့်အိန္ဒိယနိုင်ငံများရှိကျေးရွာအစုအဖွဲ့ပိုင်သစ်တောအဖွဲ့ကချမှတ်သောဆုံးဖြတ်ချက်များမှရရှိသောသက်သေအထောက်အထားများက ပြဆိုသည်။[21] အုပ်ချုပ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံက ၎င်းတို့အပေါ် မည်သို့သက်ရောက်မှုရှိသည်၊ ထိုအဖွဲ့များက မြန်မာနိုင်ငံသားများ၏ ကောင်းကျိုးချမ်းသာအပေါ် မည်သို့သက်ရောက်မှုများရှိသည်ကို ပိုနားလည်ရန် ကျား၊ မ ရေးရာကို လူမှုစီးပွါးအဆင့်အတန်း၊ နိုင်ငံရေးပါတီများ၏ သက်ရောက်မှုနှင့်တကွ အသက်၊ လူမျိုးနှင့် ပထဝီဒေသအနေအထား စသည့်အချက်အလက်များနှင့် ပေါင်းစပ်ရန်လိုအပ်မည်။

## ၁.၃) ဗဟိုအာဏာချုပ်ကိုင်မှုလျှော့ချခြင်းနှင့် တိုင်း/ ပြည်နယ်အဆင့် အုပ်ချုပ်ရေး

၂၀၁၁ ခုနှစ်တွင် ဗဟိုကချုပ်ကိုင်မှုများသော မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းနှင့် ဗဟိုချုပ်ကိုင်အာဏာလျှော့ချခြင်းများကို တိုင်းနှင့်ပြည်နယ်အဆင့်ရှိ ဌာနအဟောင်းနှင့်အသစ်များထံ ဆုံးဖြတ်ချက်ချပိုင်ခွင့်များ လွှဲပေးခြင်းဖြင့် စတင်ပြုလုပ်ခဲ့သည်။ ဆောင်ရွက်ချက်များတွင် တိုင်း/ ပြည်နယ် လွှတ်တော်များ ဖွဲ့စည်းခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်အာဏာများ မြို့နယ်နှင့် မြူနီစီပယ်အုပ်ချုပ်ရေးထံ[22] လွှဲအပ်ပေးခြင်း၊ မြို့နယ်/ မြို့အဆင့် ရွေးကောက်ခံကိုယ်စားလှယ်များပါဝင်သော ကော်မတီများ ဖွဲ့စည်းပေးခြင်း၊ ကျေးရွာအုပ်စု/ ရပ်ကျေးအဆင့်များသို့ အာဏာပိုခွဲဝေပေးခြင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများ မိတ်ဆက်ပေးခြင်း တို့ပါဝင်သည်။ နောက်ထပ် အာဏာခွဲဝေမှုများကို လာမည့်နှစ်များအတွင်း ပြုလုပ်ရန်မျှော်လင့်ရပြီး မြန်မာသည် ဖက်ဒရယ်စနစ်သို့ ကူးပြောင်းနိုင်ခြေရှိသည်။ ဗဟိုအာဏာချုပ်ကိုင်မှုလျှော့ချခြင်းတွင် ကောင်းကျိုးများစွာရှိသည့်အနက် တုံ့ပြန်ဆောင်ရွက်မှုနှင့် တာဝန်ခံမှုပိုရှိသော အစိုးရတစ်ရပ် ဖြစ်စေခြင်း၊ နိုင်ငံရေးတည်ငြိမ်မှု တိုးတက်စေခြင်း၊ နိုင်ငံရေးအရယှဉ်ပြိုင်မှု မြှင့်တင်ခြင်း၊ အာဏာအလွဲသုံးစားမှု လျှော့ချခြင်း၊ ဖွံ့ ဖြိုးမှုရလဒ် ပိုကောင်းစေမည့် အများပြည်သူဝန်ဆောင်မှုများနှင့် အစိုးရအသုံးစရိတ် ခွဲဝေခြင်းတို့ကို အသွင်ပြောင်းခြင်းတို့ ပါဝင်သည်။[23]

---

[18] Debbie Budlender and others တို့၏ *Gender Budgets Make Cents: Understanding Gender Responsive Budgets* (လန်ဒန်၊ ဓနသဟာယအတွင်းရေးမှူးချုပ်ရုံး၊ ၂၀၀၂) စာ - ၃၂; Katherine Casey, Rachel Glennerster နှင့် Edward Miguel တို့၏ *The GoBifo စီမံချက် သုံးသပ်အကဲဖြတ်ချက် အစီရင်ခံစာ - Sierra Leone ရှိ လူထုကဦးဆောင်သော ဖွံ့ ဖြိုးတိုးတက်မှု၏ အကျိုးသက်ရောက်မှုအပေါ် ဆန်းစစ်လေ့လာခြင်း၊ 3ie အကျိုးသက်ရောက်မှုကို ဆန်းစစ်လေ့လာခြင်း ၃* (နယူးဒေလီ - *အကျိုးသက်ရောက်မှုကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ နိုင်ငံတကာရှေ့ဆောင်လုပ်ငန်း၊ ၂၀၁၃*) ၃။

[19] Gender Equality Network ၏ ဦးဆောင်ခြင်း - *မြန်မာနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်မှုသင်တန်း လိုအပ်ချက်နှင့် ရှေ့ဆောင်လုပ်ငန်းများဆိုင်ရာ လေ့လာဆန်းစစ်မှု* (ရန်ကုန်၊ Gender Equality Network၊ ၂၀၁၃) စာ ၉-၁၀; Minoletti ၏ *တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း* စာ ၃၁-၃၂။

[20] Lena Wängerud ၏ "လွှတ်တော်မှ အမျိုးသမီးများ - အယောင်ပြနှင့် အရေးပါသောကိုယ်စားပြုမှု" *နိုင်ငံရေးသိပ္ပံ နှစ်စဉ်သုံးသပ်ချက် ၁၂* (၂၀၀၉) စာ - ၆၂။

[21] Bina Agarwal ၏ "ကျေးရွာအစုအဖွဲ့ပိုင် သစ်တောအသင်းများတွင် စည်းမျဉ်းချမှတ်ခြင်း - အမျိုးသမီးများက ဖန်တီးသော အပြောင်းအလဲများ" ရေမြေသဘာဝပတ်ဝန်းကျင်ဆိုင်ရာစီးပွါးရေး အတွဲ ၆၈ အမှတ် ၈-၉ (၂၀၀၉): စာ ၂၃၀၄-၀၅; နှင့် Irma Clots-Figueras ၏ "နိုင်ငံရေးတွင်အမျိုးသမီးများပါဝင်မှု - အိန္ဒိယပြည်နယ်များမှရရှိသော အထောက်အထားများ" ပြည်သူ့စီးပွါးရေးဂျာနယ် အတွဲ ၉၅ အမှတ် ၇-၈ (၂၀၁၁) စာ ၆၆၇၊ ၆၇၇-၈၀၊ ၆၈၆။

[22] N.b. မြူနီစီပယ်အဖွဲ့များကို "စည်ပင်သာယာရေး အဖွဲ့များ" ဟု သိရှိကြသည်။

[23] Jean-Paul Faguet ၏ "ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် အုပ်ချုပ်မှု" ရှိ "ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် အုပ်ချုပ်မှု" အထူးထုတ်၊ *ကမ္ဘာ့ ဖွံ့ ဖြိုးတိုးတက်မှု* အတွဲ ၅၃ (၂၀၁၄) ၂။

ဗဟိုအာဏာချုပ်ကိုင်မှုလျှော့ချခြင်းကြောင့် အထက်ဖော်ပြပါအကျိုးရလဒ်များ အလိုအလျောက်ရရှိလာမည် မဟုတ်သည့်အပြင် အချို့ကိစ္စများတွင် အုပ်ချုပ်မှုအရည်အသွေးကို ပိုဆိုးရွားသွားစေနိုင်သည်။ အောင်မြင်ရန်မှာ နိုင်ငံအနေအထားနှင့် ဗဟိုအာဏာချုပ်ကိုင်မှု လျှော့ချခြင်းဖြစ်စဉ်က အဓိကကျသည်။ ၎င်းနှင့်အတူ ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်အလားအလာများမှာ ၁) ဒေသခံအထက်တန်းလွှာနှင့် လွှမ်းမိုးနိုင်သည့် အစုအဖွဲ့များက ဆုံးဖြတ်ပိုင်ခွင့်အာဏာနှင့် ရင်းမြစ်များကို လက်ဝါးကြီးအုပ်ပြီးသည့်နောက် ၎င်းတို့အကျိုးအတွက် မူဝါဒချမှတ်ခြင်းနှင့် ဘဏ္ဍာငွေခွဲဝေခြင်းတို့ကို လိုရာဆွဲသုံးခြင်း၊ ၂) စောင့်ကြည့်ကြပ်မတ်မှုမရှိသည့်အတွက် ခြစားနိုင်သည့်အခွင့်အလမ်းပိုများခြင်း၊ ၃) ဖွံ့ ဖြိုးရေးစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်ရန် ဒေသရင်းမြစ်နှင့် စွမ်းဆောင်နိုင်မှု မရှိခြင်းတို့ဖြစ်သည်။ [24]အထက်တန်းလွှာ၏ လက်ဝါးကြီးအုပ်မှုကို ရှောင်ရှားနိုင်ရန် ဗဟိုအာဏာချုပ်ကိုင်မှုလျှော့ချခြင်းနှင့်အတူ ဆုံးဖြတ်ချက်ချရာတွင် နိုင်ငံသားများပါဝင်နိုင်ပြီး ၎င်းတို့၏ စကားသံများကို နားထောင်မှုသေချာစေရန် ဆောင်ရွက်ပေးရမည်။ ပါဝင်သူများ၏ ကျား၊ မ ကွဲပြားမှု၊ ပါဝင်မှု၏ ကျား၊ မ ရေးရာ သဘောသဘာဝ၊ ပါဝင်သူများ၏ အသက်၊ လူမျိုး၊ ကိုးကွယ်ရာ ဘာသာတရား၊ လူမှုစီးပွါးအဆင့်အတန်းတို့ပေါ် အာရုံထားရန်လိုအပ်သည်။ ဖော်ပြပြီးသကဲ့သို့ပင် ကျား၊ မ တန်းတူညီမျှပါဝင်ခွင့်က ခြစားမှုကို လျှော့ချပေးနိုင်ပြီး အမျိုးသမီးများ၏ စကားသံကို ထည့်သွင်းပေးသည့်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ဖွယ်ရာရှိသည်။ ထို့အတွက်ကြောင့် ဖွံ့ ဖြိုးရေးစီမံချက်များကို ထိထိရောက်ရောက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့များအား အကူအညီပေးနိုင်မည်။

## ၁.၄) အစီရင်ခံစာရေးသားရာတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ

နိုင်ငံတကာလေ့လာရေးစာတမ်းနှင့် မြန်မာနိုင်ငံတွင်းရှိ လေ့လာမှုများအပေါ် အဓိကအခြေပြုသည်။ သို့သော် ဘာတွေလုပ်ဆောင်နေသည်၊ လုပ်ဆောင်မည့်အစီအစဉ်များကို ပိုသဘောပေါက်နားလည်အောင်နှင့် မြန်မာအုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှမှုမြှင့်တင်ရန်အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ဇန်နဝါရီလအတွင်း အဖွဲ့အစည်း ၁၅ ခုမှ ကိုယ်စားလှယ်များအား တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အဖွဲ့များမှာ ၂၀၁၅ ရွေးကောက်ပွဲတွင် လွှတ်တော်နေရာအများဆုံး အနိုင်ရခဲ့သည့် နိုင်ငံရေးပါတီ (၄) ခု၊ [25]ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အမျိုးသမီးခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုပိုင်း ကျား၊ မ တန်းတူညီမျှမှုအတွက်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ထင်ရှားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (၄) ခု၊ [26] ၁၉၉၀ ခုနှစ်နှောင်းပိုင်းမှစပြီး မြန်မာအမျိုးသမီးအဖွဲ့အတော်များများအား ကိုယ်စားပြုပေးခဲ့သည့် ပေါင်းချုပ်အဖွဲ့ (လတ်တလောနှစ်များအတွင်း ပြောင်းလဲမှုများဖြစ်ပေါ်သော်လည်း သမိုင်းကြောင်းတလျှောက် ပြည်ပခိုလှုံ[27])၊ နှစ်အတန်ကြာသည်အထိ အုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင်ရေး အဓိကဆောင်ရွက်ပေးနေသည့် မြန်မာအစိုးရမဟုတ်သောအဖွဲ့တစ်ခု၊ [28]မြန်မာနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များပါဝင်သည့် ကျား၊ မ တန်းတူညီမျှရေး ကွန်ယက်အဖွဲ့၊ [29]ဆီလျော်မှုအရှိဆုံး ကုလသမဂ္ဂ အေဂျင်စီ (၂)[30] ခုနှင့် ပင်မအလှူရှင်အဖွဲ့ (၂) ခု [31]တို့ဖြစ်သည်။ ဤစာရေးသူ ယခင်ကပြုလုပ်ခဲ့သောသုတေသန၊ ဝန်ထမ်းများနှင့် အီးမေးလ်အဆက်အသွယ်များမှ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းများနှင့် ပတ်သက်သော သတင်းများ ရရှိသည်။

ဤအစီရင်ခံစာအတွက်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများကို သက်ဆိုင်ရာနယ်ပယ်တွင်လုပ်ကိုင်နေသည့် အဖွဲ့အနည်းငယ်နှင့်သာ ရွေးချယ်ပြုလုပ်ခဲ့သည့်အတွက် မြန်မာအစိုးရမဟုတ်သော အဖွဲ့အစည်းအနည်းငယ်နှင့်သာ ထိတွေ့မှုရှိပြီး မေးမြန်းခဲ့သောအဖွဲ့များ၏ ရုံးချုပ်များမှာ ရန်ကုန်တွင် တည်ရှိသည်။ ထို့အတွက် ကျား၊ မ တန်းတူညီမျှပါဝင်ရေး မြှင့်တင်ရန် လတ်တလောဆောင်ရွက်ကြိုးပမ်းမှုအားလုံးနှင့်ပတ်သက်ပြီး ဤအစီရင်ခံစာက ပြီးပြည့်စုံအောင် ဖော်ပြနိုင်ခြင်းမရှိပါ။ မည်သို့ပင်ဆိုစေကာမူ ပင်မအကြောင်းအရာများကို ထုတ်ယူနိုင်ခဲ့ပြီး ရှိနှင့်ပြီးသုတေသနများကို သုံးသပ်လေ့လာခြင်းဖြင့် ထိတွေ့မှုကို ဖြန့်ကျက်နိုင်ခဲ့သည့်အတွက် တွေ့ဆုံမေးမြန်းမှုများတွင် ရန်ကုန်မြို့တစ်ခုတည်း မဟုတ်ဘဲ မြန်မာနိုင်ငံတနံတလျားရှိ အခြေအနေများကို ဆွေးနွေးနိုင်ခဲ့သည်။

[24] Faguet ၏ " ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် အုပ်ချုပ်မှု" စာ ၅-၆၊ ၈-၉။

[25] ရခိုင်အမျိုးသားပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် နှင့် ကြံ့ခိုင်ဖွံ့ ဖြိုးရေးပါတီ။ N.b. ၂၀၁၅ ရွေးကောက်ပွဲပြီးနောက် NLD အမတ်များအား ဂျာနယ်လစ်များနှင့် တွေ့ဆုံပြောဆိုမှု ကန့်သတ်လိုက်ရာ ယင်းအမတ်များနှင့် ဆွေးနွေးမှုများမှာ အလွတ်သဘောဖြစ်သည့်အတွက် အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုများမှ သတင်းအချက်အလက်အနည်းအပါးသာ ရရှိခဲ့သည်။

[26] ActionAid၊ CARE၊ Oxfam နှင့် Trōcaire

[27] ဗမာ အမျိုးသမီးများ အဖွဲ့ချုပ်

[28] ဖန်တီးအိမ်

[29] Gender Equality Network (GEN)

[30] UNDP နှင့် UN Women

[31] DFAT နှင့် DFID

## ၁.၅) အစီရင်ခံစာ၏ အဓိကအကြောင်းအရာများ

အစီရင်ခံစာ အခန်း(၂)တွင် ယခုနှင့် အတိတ်ကာလရှိ မြန်မာအုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှုနှင့် ၄င်းအပေါ် သက်ရောက်မှုများကို ဆွေးနွေးထားသည်။ အခန်း(၃) တွင် ကျား၊ မ တန်းတူညီမျှပါဝင်ရေး မြှင့်တင်ရန် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့များ၏ လတ်တလောကြိုးပမ်းမှုများနှင့် အနာဂါတ်တွင် ၄င်းဆောင်ရွက်ချက်များကို ချဲ့ထွင်ရန်၊ တိုးတက်အောင်ပြုပြင်ရန်နှင့် အခြေပြုတည်ဆောက်ရန် လုပ်ကိုင်ဆောင်ရွက်ပုံနည်းနာများကို အကြံပြုထားသည်။ အခန်း(၂) နှင့် (၃) တွင်ဖော်ပြထားသော အုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှု အကြမ်းဆန်းစစ်လေ့လာမှုများနောက်တွင် အုပ်ချုပ်ရေး၏ အဓိကမျက်နှာစာ ၃ ခုဖြစ်သော မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုပေးခြင်းတို့ကို အခန်း (၄) တွင် ဆန်းစစ်ထားပြီး ယင်းအုပ်ချုပ်ရေးမျက်နှာစာများက မည်မျှအတိုင်းအတာထိ ကျား၊ မ တန်းတူညီမျှမှုကို တိုးမြှင့်ပေးနိုင် (သို့) ယင်းသို့ပြုလုပ်ရန် ပျက်ကွက်သည်ကို သုံးသပ်ထားသည့်အပြင် ကျား၊ မ တန်းတူညီမျှမှုမြှင့်တင်ရေးကို ပြုပြင်ပြောင်းလဲမှုလုပ်ရန် အကြံပြုထားသည်။ အခန်း(၅) တွင် အချက်အလက်ကောက်ယူမှုအရည်အသွေး တိုးတက်စေရေးနှင့် ပတ်သက်ပြီး အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များအတွက် ဦးစားပေးရန်များကို အကြံပြုထားပြီး ယင်းအချက်အလက်များကို လွတ်လွတ်လပ်လပ်မျှဝေရန် တိုက်တွန်းထားသည်။ အခန်း(၆)တွင် ယေဘုယျ နိဂုံးသုံးသပ်ချက်နှင့် အကြံပြုချက်များ တင်ပြထားသည်။

# ၂။ မြန်မာအုပ်ချုပ်ရေးတွင် အမျိုးသား၊ အမျိုးသမီး ပါဝင်မှု

## ၂.၁) အစိုးရအဖွဲ့နှင့် အခြားအုပ်ချုပ်ရေးဌာနများတွင် အမျိုးသားနှင့်အမျိုးသမီးများ၏ စာရင်းအင်းအရ ကိုယ်စားပြုမှု - လက်ရှိအခြေအနေ

### ၂.၁.၁) ရွေးကောက်ခံ အရာထမ်းများ

မြန်မာနိုင်ငံ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်း လွှတ်တော်များအတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲတွင် အမျိုးသမီး ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အောင်မြင်မှုကြီးစွာရခဲ့သည်။ လက်ရှိတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သမ္မတဖြစ်ခွင့်ကို[32] ဖွဲ့စည်းပုံအခြေခံဥပဒေအရ တားဆီးခံထားရဆဲဖြစ်သော်လည်း ရွေးကောက်ပွဲမတိုင်မီ၌ "တကယ်လို့ ကျွန်မတို့ အနိုင်ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရအဖွဲ့နိုင်ခဲ့လျှင် သမ္မတအထက်က ကျွန်မရှိနေမှာပါ။ ရှင်းရှင်းလင်းလင်း အသိပေးခြင်းဖြစ်ပါတယ်။"ဟု သူမက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအစိုးရအဖွဲ့ကို အမျိုးသမီးတစ်ဦးက ခေါင်းဆောင်သည်မှာ သမိုင်းတလျှောက် ယခုအချိန်က ပထမဆုံးပင်ဖြစ်သည်။ [33]အခန်း ၂.၃.၃ တွင် ဆွေးနွေးထားသကဲ့သို့ပင် အောင်ဆန်းစုကြည်အနေဖြင့် ယခုနေရာသို့ ပြန်လည်ရောက်ရှိစေရန် အထောက်အပံ့ဖြစ်စေခဲ့သည့် တမူထူးခြားသော အကြောင်းရင်းများရှိသည်။

မြန်မာအစိုးရအဖွဲ့ကိုအမျိုးသမီးဦးဆောင်ပြီး၊မြန်မာ့သမိုင်းတလျှောက်တွင်လွှတ်တော်အမတ်နေရာများ၏အကြီးဆုံးအစိတ်အပိုင်းကို အမျိုးသမီးများက ရယူထားနိုင်ခြင်းရှိသော်လည်း ပြည်ထောင်စုလွှတ်တော်၌ စာရင်းအင်းအရကိုယ်စားပြုမှုတွင် ကျား၊ မ တန်းတူညီမျှမှု မရှိခြင်းက ကြီးမားနေဆဲဖြစ်သည်။ ပြည်ထောင်စုအဆင့် ရွေးကောက်ခံအမတ်၏ ၁၃.၆ ရာခိုင်နှုန်းကိုသာ အမျိုးသမီးများက ရရှိထားသည်ကို ဇယား ၁ တွင် တွေ့မြင်နိုင်သည်။ ယင်းကိန်းဂဏန်းမှာ ပြည်ထောင်စုအဆင့်ရွေးကောက်ပွဲဝင် အမျိုးသမီးအမတ်လောင်း (၁၃.၅ ရာခိုင်နှုန်း) [34]နှင့် တူညီလုနီးပါး ဖြစ်နေသည်ကို ထောက်ရှုပါက နိုင်ခြေနည်းသည့်နေရာများအတွက် အမျိုးသမီးများကို ရွေးချယ်ယှဉ်ပြိုင်စေခြင်းမပြုရန် အကွက်ချစီမံထားသည်ကို သိရှိနိုင်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုနှင့် တိုင်း/ ပြည်နယ် အဆင့်များရှိ လွှတ်တော်အားလုံးတွင် ၂၅% ကို တပ်မတော်အတွက် သီးသန့်သတ်မှတ်ထားသည်။ တပ်မတော်မှ ယခုလက်ရှိခန့်အပ်သော လွှတ်တော်အမတ်၏ ကျား၊ မ အရေအတွက်ကို သိရှိရခြင်း မရှိသေးသည့်အတွက် လွှတ်တော်အမတ်၏ ရာခိုင်နှုန်းမည်မျှကို အမျိုးသမီးများရရှိမည်ကို အတိအကျပြောနိုင်ခြင်းမရှိပါ။ သို့သော် ယခင်ဆောင်ရွက်ချက်များအရ တပ်မတော်၏ ခန့်အပ်ခံများတွင် ကျား၊ မ ညီမျှမှုရှိလိမ့်မည်မဟုတ်ပါ။ ၂၀၁၁-၁၅ အတွင်း အမျိုးသားလွှတ်တော်အတွက် တပ်မတော်မှ ခန့်အပ်သူများမှာ အမျိုးသားများသာဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင်လည်း ၂၀၁၁-၁၃ အတွင်း အလားတူဖြစ်ခဲ့ပြီး ၂၀၁၄ ဇန်နဝါရီလတွင်သာ အမျိုးသမီးအမတ် ၂ ဦးကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ [35] တပ်မတော်မှ ခန့်အပ်ခံ အမတ်များ၏ ကျား၊ မ အချိုးမှာ မပြောင်းလဲဘဲ ဆက်ရှိနေမည်ဆိုပါက နိုင်ငံတော်အဆင့် လွှတ်တော်အမတ်နေရာအားလုံး၏ ၁၀.၅% သာ အမျိုးသမီးများရှိမည်ဖြစ်သည်။ ဤသို့ဖြစ်မည်ဆိုပါက ထိုင်းနိုင်ငံ (၆.၁%) ထက် ပိုညီမျှမှုရှိပြီး ဒေသတွင်းရှိ နိုင်ငံအများစု - ဖိလစ်ပိုင် (၂၇.၁%)၊ စင်္ကာပူ (၂၃.၉%)၊ တရုတ် (၂၃.၆%)၊ ဘင်္ဂလားဒေ့ရှ် (၂၀%) နှင့် ကမ္ဘောဒီးယား (၁၉%) [36]- ထက် ညီမျှမှုနည်းသည်ကို တွေ့ရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီး ဦးရေ ၂၀ အနက်[37] ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းသာ ပါဝင်သည့်အတွက် ကျား၊ မ မညီမျှမှုကြီးမားသည်။ လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုက္ကဋ္ဌတို့မှာလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ၂ ရပ်လုံး [38] တွင် အမျိုးသားများသာဖြစ်သည်။

---

[32] ဖွဲ့စည်းပုံအခြေခံဥပဒေ ၅၉ (စ) က တိုင်းတပါးသား ခင်ပွန်း (သို့) နိုင်ငံခြား နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော သားသမီးရှိသူများအား သမ္မတမဖြစ်စေရန် ကန့်သတ်ထားသည်။

[33] "Suu Kyi 'Will Be Above President' If NLD Wins Myanmar Election," *BBC News,* 5 November 2015. *http://www.bbc.com/news/world-asia-34729659* [accessed 10 November 2015].

[34] ဖန်တီးအိမ်၏ မြန်မာနိုင်ငံ၏ ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်မှုကို လေ့လာခြင်း အစီရင်ခံစာ (ရန်ကုန်၊ ဖန်တီးအိမ်၊ ၂၀၁၆)။

[35] အောက်ပါ အခန်း ၂.၂ ကို ရှု။

[36] *http://www.ipu.org/wmn-e/arc/classif011215.htm* မှ ရယူထားသော အချက်အလက်များ [accessed 9th February 2016]

[37] "Suu Kyi Gives Up Two of Four Ministerial Posts", *The Irrawaddy*, 4 April 2016. *http://www.irrawaddy.com/burma/suu-kyi-gives-up-two-of-four-ministerial-posts.html* [accessed 6 April 2016]; "Who's who: Myanmar's new cabinet," *Myanmar Times*, 23 March 2016.*http://www.mmtimes.com/index.php/national-news/nay-pyi-taw/19609-who-s-who-myanmar-s-new-cabinet.html* [accessed 6 April 2016].

[38] "Daw Su Confirmed Speaker Posts," *Myanmar Times*, 28 January 2016. *http://www.mmtimes.com/index.php/national-news/18710-daw-su-confirmed-speaker-post.html* [accessed 10 February 2016].

*ဇယား ၁ - ပြည်ထောင်စုအဆင့် မြန်မာလွှတ်တော်တွင် အမျိုးသမီးကိုယ်စားပြုမှု*

| | ဖွဲ့စည်းပုံ အရ (N) | ရွေး ကောက် ခံ အမတ် (N) | အမျိုး သမီး ရွေး ကောက် ခံ အမတ် (N) | ရွေးကောက် ခံ အမတ်များ အနက် အမျိုးသမီး ရာခိုင်နှုန်း | တပ်မတော် ကိုယ်စား လှယ် | အမတ် စုစုပေါင်း | အမတ် စုစုပေါင်း အနက် အမျိုးသမီး ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) | ၃၃၀ | ၃၂၃ | ၄၄ | ၁၃.၆% | ၁၁၀ | ၄၃၃ | ≥၁၀.၂% |
| အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) | ၁၆၈ | ၁၆၈ | ၂၃ | ၁၃.၇% | ၅၆ | ၂၂၄ | ≥၁၀.၃% |
| ပြည်ထောင်စု လွှတ်တော် (လွှတ်တော် ၂ ရပ် ပေါင်း) | ၄၉၈ | ၄၉၁ | ၆၇ | ၁၃.၆% | ၁၆၆ | ၆၅၇ | ≥၁၀.၂% |

*ရင်းမြစ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျား၊မ တန်းတူညီမျှရေးကွန်ယက် (GEN) က စာရေးသူထံ ပံ့ပိုးပေးခဲ့သည့် ၂၀၁၅ နိုဝင်ဘာလက ရွေးကောက်ပွဲအနိုင်ရ ရွေးကောက်ပွဲကော်မရှင် အတည်ပြုခံရသော အမတ်များ ဒေတာဘေ့စ်။*

တလုံးတစည်းတည်းဆိုလျှင် မြန်မာ ပြည်နယ်/တိုင်းလွှတ်တော်တွင်း စာရင်းအင်းကိုယ်စားပြုမှုအရ ကျား၊ မ ညီမျှမှုမှာ နိုင်ငံတော်အဆင့်နှင့် အတူတူပင်ဖြစ်သည်။ ဇယား ၂ ကို ကြည့်မည်ဆိုလျှင် တိုင်းနှင့်ပြည်နယ် လွှတ်တော်အမတ်များ၏ ၁၂.၅%သာ အမျိုးသမီးများဖြစ်ကြပြီး လွှတ်တော်အမတ်အားလုံးပေါင်း၏ ၁၀% နီးပါးဖြစ်သည်။ တဖန်ဆိုရလျှင် အနိုင်ရ အမျိုးသမီးအမတ် ရာခိုင်နှုန်းမှာ တိုင်း/ပြည်နယ်ရွေးကောက်ပွဲဝင် အမျိုးသမီးအမတ်လောင်းများ၏ ရာခိုင်နှုန်း (၁၂.၉%) [39]နှင့် အလွန်အမင်းကိုက်ညီနေခြင်းဖြစ်သည်။ မွန်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများမှာ အနိုင်ရအမတ်၏ လေးပုံတစ်ပုံ (၂၆.၁%) ထက်ပို ရရှိထားပြီး၊ ချင်း၊ ကယားနှင့် ရခိုင်ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီးလုံးဝ မရှိသည့်အတွက် တိုင်းနှင့်ပြည်နယ်များအကြား အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှ စာရင်းအင်းအရ ကိုယ်စားပြုမှု သိသိသာသာ ကွဲလွဲမှုရှိသည်။

၂၀၁၆ ဖေဖော်ဝါရီတွင် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနေရာကို ဒေါ်တင်အိ ထမ်းဆောင်ခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ အခြား တိုင်း/ ပြည်နယ် (၁၃)ခုတွင် လွှတ်တော်ဥက္ကဋ္ဌများမှာ [40] အမျိုးသားများသာဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လတွင် တနင်္သာရီတိုင်းဝန်ကြီးချုပ်အဖြစ် ဒေါ်လဲ့လဲ့မော်ကလည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဒေါ်နန်းခင်ထွေးမြင့်ကလည်းကောင်း ခန့်အပ်ခြင်းခံရသည်ဖြစ်ရာ ယင်းရာထူးနေရာကို ပထမဆုံးရရှိသော အမျိုးသမီးများ ဖြစ်လာခဲ့ကြသည်။ အခြား တိုင်း/ ပြည်နယ် (၁၂) ခု၏ ဝန်ကြီးချုပ်များမှာ အမျိုးသားများသာဖြစ်သည်။ [41]

[39] အမျိုးသမီးများပါဝင်မှုကိုလေ့လာခြင်း အစီရင်ခံစာမှ ထုတ်ယူထားသော အချက်အလက်များ။

[40] "Mon State Elects Parliament's First Female Speaker," *The Irrawaddy*, 10 February 2016. *http://www.irrawaddy.com/burma/mon-state-elects-parliaments-first-female-speaker.html* [accessed 11 February 2016]; "NLD MPs Elected to Top Local Parliament Positions in 12 of 14 Assemblies," *The Irrawaddy*; 9 February 2016 *http://www.irrawaddy.com/burma/nld-mps-elected-to-top-local-parliament-positions-in-12-of-14-assemblies.html* [accessed 11 February 2016]

[41] "Meet your chief ministers," *Myanmar Times*, 4 April 2016 *http://www.mmtimes.com/index.php/national-news/nay-pyi-taw/19609-who-s-who-myanmar-s-new-cabinet.html* [accessed 6 April 2016].

*ဇယား ၂ - မြန်မာနိုင်ငံ ပြည်နယ်/တိုင်း လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားပြုမှု*

| ပြည်နယ်/တိုင်း | ရွေးကောက်ခံ အမတ် (N) | ရွေးကောက်ခံ အမျိုးသမီး အမတ် (N) | အမျိုးသမီး အမတ် ရာခိုင်နှုန်း | တပ်မတော် ကိုယ်စားလှယ် | အမတ် စုစုပေါင်း | အမတ် စုစုပေါင်း၏ အမျိုးသမီး ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| မွန် | ၂၃ | ၆ | ၂၆.၁% | ၈ | ၃၁ | ≥၁၉.၄% |
| ရန်ကုန် | ၉၂ | ၁၈ | ၁၉.၆% | ၃၁ | ၁၂၃ | ≥၁၄.၆% |
| ဧရာဝတီ | ၅၄ | ၁၀ | ၁၈.၅% | ၁၈ | ၇၂ | ≥၁၃.၉% |
| စစ်ကိုင်း | ၇၆ | ၁၄ | ၁၈.၄% | ၂၅ | ၁၀၁ | ≥၁၃.၉% |
| မကွေး | ၅၁ | ၈ | ၁၅.၇% | ၁၇ | ၆၈ | ≥၁၁.၈% |
| ပဲခူး | ၅၇ | ၈ | ၁၄% | ၁၉ | ၇၆ | ≥၁၀.၅% |
| ကချင် | ၄၀ | ၅ | ၁၂.၅% | ၁၃ | ၅၃ | ≥၉.၄% |
| ကရင် | ၁၇ | ၂ | ၁၁.၈% | ၆ | ၂၃ | ≥၈.၇% |
| တနင်္သာရီ | ၂၁ | ၂ | ၉.၅% | ၇ | ၂၈ | ≥၇.၁% |
| မန္တလေး | ၅၇ | ၄ | ၇% | ၁၉ | ၇၆ | ≥၅.၃% |
| ရှမ်း | ၁၀၃ | ၇ | ၀.၀% | ၃၉ | ၁၄၂ | ≥၄.၉% |
| ချင်း | ၁၈ | ၀ | ၀.၀% | ၆ | ၂၄ | ≥၀% |
| ကယား | ၁၅ | ၀ | ၀.၀% | ၅ | ၂၀ | ≥၀% |
| ရခိုင် | ၃၅ | ၀ | ၀.၀% | ၁၂ | ၄၇ | ≥၀% |
| **စုစုပေါင်း** | **၆၅၉** | **၈၄** | **၁၂.၇%** | **၄၃၁** | **၈၈၄** | **≥၉.၅%** |

*ရင်းမြစ်။ ဇယား ၁ ကို ရှု။*

ပြည်ထောင်စုနှင့် တိုင်း/ ပြည်နယ်ထက်စာလျှင် အောက်ခြေအဆင့်၌ ရွေးကောက်ခံကိုယ်စားလှယ်တွင်း ကျား၊ မ မညီမျှမှုက ပိုထင်ရှားသည်။ ၂၀၁၂ ရပ်ကျေး အုပ်ချုပ်ရေးမှူး ဥပဒေကြောင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးရာထူးများမှာ ရွေးကောက်ခံဖြစ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက UNDP သို့ပေးအပ်သော စာရင်းအရ မြန်မာနိုင်ငံ၏ ရပ်ကျေးအုပ်ချုပ်ရေးမှူးပေါင်း ၁၆၇၈၅ ဦးအနက် ၄၂ ဦးသာ အမျိုးသမီးများဖြစ်ကြရာ စုစုပေါင်း၏ ၀.၂၅%သာရှိပြီး ယခုအချိန်ထိ ဤရာထူးနေရာအတွက် အမျိုးသမီး အနည်းငယ်မျှသာ ရွေးချယ်ခံရကြောင်း သိနိုင်သည်။ ဤစာရင်းအရ ကရင်ပြည်နယ်တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးရာထူးများကို အမျိုးသမီးများရရှိထားသည့်တိုင်အောင် စုစုပေါင်း၏ ၂.၄% သာဖြစ်သည်။ ကယား၊ မွန်နှင့် ရခိုင်ပြည်နယ်များတွင် အမျိုးသမီး အုပ်ချုပ်ရေးမှူး မရှိပေ။[42] ၂၀၁၆ အစောပိုင်းတွင် တစ်နိုင်ငံလုံး၌ အုပ်ချုပ်ရေးမှူး ရွေးကောက်တင်မြှောက်မှုများ ပြုလုပ်ခဲ့သည်။ အစီရင်ခံစာရေးသားနေချိန်တွင် အမျိုးသားနှင့် အမျိုးသမီး အုပ်ချုပ်ရေးမှူးအရေအတွက်ကို မသိရသေးသော်လည်း သတင်းမီဒီယာများတွင် ဖော်ပြချက်အရ မွန်ပြည်နယ်တွင် အမျိုးသမီးအုပ်ချုပ်ရေးမှူး အနည်းဆုံးတစ်နေရာ ရရှိထားပြီဖြစ်သည်။[43]

ယခင်အစိုးရလက်ထက်က အားလုံးပါဝင်နိုင်သောတိုင်း/ ပြည်နယ်အုပ်ချုပ်ရေးဖြစ်ရန် ကြိုးပမ်းမှုတစ်ခုအနေဖြင့် မြို့နယ်အဆင့်တွင် အပြည့်အဝ (သို့) တစိတ်တပိုင်း ရွေးကောက်ခံ ကော်မတီများ၊ မှတ်မှတ်သားသား ဖော်ပြရမည်ဆိုလျှင် မြို့နယ်ဖွံ့ ဖြိုးရေးအထောက်

[42] Emilie Röell ၏ အမျိုးသမီးများနှင့် ဒေသခေါင်းဆောင်မှု: မြန်မာ့ရပ်ကျေးအုပ်ချုပ်ရေးမှူး အမျိုးသမီး ၄၂ ဦး၏ ခေါင်းဆောင်မှုခရီး (ရန်ကုန်၊ UNDP၊ ၂၀၁၅) စာ ၁၈-၁၉။

[43] "Female Candidate Wins Local Election in Mon State," The Irrawaddy, 18 January 2016. http://www.irrawaddy.com/burma/female-candidate-wins-local-election-in-mon-state.html [accessed 19 January 2016]

အကူပြုကော်မတီ၊ မြို့နယ်စီမံကိန်းနှင့်လုပ်ငန်းကော်မတီ၊ မြို့နယ် ဖွံ့ ဖြိုးမှုရေးရာ ကော်မတီကို ဖွဲ့စည်းမိတ်ဆက်ပေးခဲ့သည်။ လွှမ်းမိုးနိုင်မှု အတိုင်းအတာနှင့် အခန်းကဏ္ဍမှာ မြို့နယ်တစ်ခုနှင့် တစ်ခု ကွာခြားမှုရှိသော်လည်း အဓိကလုပ်ငန်းတာဝန်မှာ ဖွံ့ ဖြိုးရေးစီမံကိန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ ကော်မတီဝင်များနှင့်ပတ်သက်သည့် ပြည့်စုံသောအချက်အလက်များ မရှိသေးသော်လည်း ယင်းကော်မတီများတွင် အမျိုးသမီးပါဝင်မှု နည်းပါးမည်မှာ သိသာပါသည်။ မြို့နယ်အတော်များများတွင် ကော်မတီဝင်များမှာ ဒေသခံ အထက်တန်းလွှာမှ အမျိုးသားများသာ ဖြစ်သည်။[44]

### ၂.၁.၂) နိုင်ငံရေးပါတီများ

၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ခံနေရာများသာမက လွှတ်တော် ၂ ရပ်လုံးရှိ နေရာအများအပြားတွင်[45] အနိုင်ရရှိခဲ့ရာ ရွေးကောက်ခံနေရာ၏ ၇၉.၃%နှင့် အောက်လွှတ်တော်၏ ၅၉.၁%၊ ရွေးကောက်ခံနေရာ၏ ၈၀.၄% နှင့် အထက်လွှတ်တော်၏ ၆၀.၃% ကို ရရှိခဲ့သည်။ ထို့ပြင် တိုင်း/ ပြည်နယ် လွှတ်တော်များ၏ ၅၆.၁% နှင့် ရွေးကောက်ခံနေရာ၏ ၇၅.၃% ကိုပါ ရရှိခဲ့သည်ဖြစ်ရာ တိုင်း (၇) တိုင်းနှင့် ကယား၊ ကရင်နှင့် မွန်ပြည်နယ်တွင် အပြည့်အဝအနိုင်ရရှိပြီး ချင်းနှင့်ကချင်ပြည်နယ်[46] တွင် နေရာအတော်များများကို အနိုင်ရရှိခဲ့သည်။ ဇယား ၃ တွင် ဖော်ပြထားသကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကြီးအကျယ်အောင်ပွဲရရှိခဲ့မှုက လွှတ်တော်များတွင် ကျား၊ မ တန်းတူညီမျှမှု မြှင့်တင်ရန် အထောက်အကူဖြစ်စေခဲ့သည်။ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင်သာ အမျိုးသမီးလွှတ်တော်အမတ် အရေအတွက် ပိုများသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရှိ အမျိုးသမီးကိုယ်စားလှယ်အရေအတွက် (လွှတ်တော်အမတ်စုစုပေါင်း၏ ၁၅.၁%) က ၎င်းကဲ့သို့ အင်အားကြီးပါတီတစ်ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ (၂.၆%) ထက် သိသိသာသာများသည်။ ပအို့ဝ် တိုင်းရင်းသား အဖွဲ့တစ်ခုတည်းကသာ ကိုယ်စားလှယ် ၃ ဦးထက် (၁၀ ဦးရှိ) ရရှိပြီး အမျိုးသမီးတစ်ဦးမျှ မပါဝင်သော ပါတီဖြစ်သည်။ တသီးပုဂ္ဂလအမတ် ၅ ဦးမှာလည်း အမျိုးသားများသာ ဖြစ်သည်။

*ဇယား ၃ - ပါတီများအလိုက် ပြည်ထောင်စုနှင့် တိုင်း/ပြည်နယ်လွှတ်တော် အားလုံးပေါင်းအနက် အမျိုးသမီးအမတ် အရေအတွက်*

| ပါတီ | အမတ် စုစုပေါင်း | အမျိုးသမီး အမတ် | ပါတီအမတ်အားလုံးပေါင်း အနက် အမျိုးသမီးရာခိုင်နှုန်း |
|---|---|---|---|
| SNLD | ၄၂ | ၇ | ၁၆.၇% |
| NLD | ၈၈၇ | ၁၃၄ | ၁၅.၁% |
| TNP | ၁၁ | ၁ | ၉.၁% |
| ANP | ၄၅ | ၂ | ၄.၄% |
| USDP | ၁၁၆ | ၃ | ၂.၆% |
| PNO | ၁၀ | ၀ | ၀% |
| Other Parties [47] | ၃၄ | ၄ | ၁၁.၈% |
| Independent MPs | ၅ | ၀ | ၀% |
| **စုစုပေါင်း** | **၁၁၅၀** | **၁၅၁** | **၁၃.၁%** |

*ရင်းမြစ် - ဇယား ၁ တွင် ရှု။*

[44] Minoletti ၏ ၏ မြန်မာနိုင်ငံရှိ *ကျား၊ မ လူမှုရေးရာကိစ္စရပ်များအတွက် ရံပုံငွေဖြည့်တင်းခြင်း*။

[45] N.b. "အမတ်နေရာစုစုပေါင်း" တွင် အထက်နှင့် အောက် ပြည်ထောင်စုလွှတ်တော်၊ တိုင်း/ ပြည်နယ် လွှတ်တော် ၁၄ ခု ရှိ ရွေးကောက်ခံမဟုတ်သော ၂၅% ပါဝင်သည်။

[46] ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲအနိုင်ရ၊ ရွေးကောက်ပွဲကော်မရှင်အတည်ပြု အမတ်များအား Gender Equality Network က ၂၀၁၆ ဖေဖော်ဝါရီလက ပေးပို့ခဲ့ပြီး စာရေးသူ၏ လေ့လာသုံးသပ်မှုမှ ကိန်းဂဏန်းများ။

[47] A total of 14 parties are included under "အခြားပါတီများ" တွင် ပါတီပေါင်း ၁၄ ခုပါဝင်ပြီး အများစုမှာ တိုင်းရင်းသားပါတီများဖြစ်သည်။ အမတ်အရေအတွက် အများဆုံးပါဝင်သောပါတီမှာ လီဆူးတိုင်းရင်းသားများဖွံ့ ဖြိုးတိုးတက်ရေးပါတီဖြစ်ပြီး အမျိုးသမီး ၁ ဦးပါဝင်သော အမတ်စုစုပေါင်း ၇ ဦးရှိသည်။

နိုင်ငံရေးပါတီများ၏ထိပ်သီးခေါင်းဆောင်နေရာများတွင် အမျိုးသမီးအရေအတွက် အလွန်နည်းပါးပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ လွဲလျှင် မွန်အမျိုးသမီးများပါတီနှင့် ခနတိုင်းရင်းသားအဖွဲ့ချုပ်တွင်သာ အမျိုးသမီးခေါင်းဆောင်၊ ဥက္ကဋ္ဌနှင့် ဒုခေါင်းဆောင်များရှိသည်။ [48]

၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲတွင် အများစုအနိုင်ရပါတီများဖြစ်သော ရခိုင်အမျိုးသားပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီတို့၏ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် ဗဟိုကော်မတီများ၏ ကျား၊ မ အရေအတွက်ကို ယခုအစီရင်ခံစာအတွက် သိရှိနိုင်ရန် ကွင်းဆင်းသုတေသန ပြုလုပ်ခဲ့ရာ ရခိုင်အမျိုးသားပါတီနှင့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ တွေ့ဆုံဖြေကြားခဲ့သူများကသာ သတင်းအချက်အလက်ပေးနိုင်ခဲ့သည်။

ရခိုင်အမျိုးသားပါတီတွင် ဗဟိုအမှုဆောင်ကော်မတီဝင် ၃၉ ဦးအနက် ၂ ဦး (၅.၁%) နှင့် ဗဟိုကော်မတီဝင်ပေါင်း ၁၁၀ အနက် ၁၀ ဦး (၉.၁%) ကသာ အမျိုးသမီးများဖြစ်ကြသည်။ ကျား၊ မ ညီတူညီမျှမရှိသေးသော်လည်း ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသမီး ကိုယ်စားလှယ် အရေအတွက်ပိုများသည် - ဗဟိုအမှုဆောင်ကော်မတီဝင် ၁၀ ဦးအနက် ၁ ဦး (၁၀%) နှင့် ဗဟိုကော်မတီဝင် ၃၅ ဦး အနက် ၇ ဦး (၂၀%)။ ပါတီ ၂ ခုလုံးတွင်[49] အဓိက ဆုံးဖြတ်ချက်ချသည့် ရာထူးများဖြစ်သော ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးရာထူး တို့ကို အမျိုးသားများက ရယူထားသည်။ ဖန်တီးအိမ်က ပြုလုပ်သော သုတေသနအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအမှုဆောင် ကော်မတီ ၃၅% မှာ အမျိုးသမီးဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ၏ ဗဟိုကော်မတီဝင် ၄၀ ဦးအနက် ၂ ဦး (၅%) က သာ အမျိုးသမီးဖြစ်သည်။[50]

## ၂.၁.၃) ပြည်သူ့ဝန်ဆောင်မှုဌာနများ

ပြည်သူ့ဝန်ဆောင်မှုဌာနများရှိ အမျိုးသမီးအရေအတွက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရ၏ထုတ်ပြန်ချက်အတိုင်း အောက်ပါဇယား ၄ တွင် ဖော်ပြထားသည်။ ရွေးကောက်ခံအမှုထမ်းများထက်စာလျှင် ခန့်အပ်ခံပြည်သူ့ဝန်ထမ်းနေရာများတွင် အမျိုးသမီးက အမျိုးသား ထက် အနည်းငယ်ပိုသည် (၅၂.၃% နှင့် ၄၇.၇%) ဖြစ်ရာ ကျား၊ မ ညီတူညီမျှမှု ပိုရှိသည်။ ဒုညွှန်မှူးနှင့်အထက် ရာထူးနေရာအားလုံး ၏ ၄၀% မှာ အမျိုးသမီးများဖြစ်သည့်အတွက် "အရာထမ်းနေရာ" များတွင်လည်း ပျမ်းမျှအားဖြင့် ကျား၊ မ ညီတူညီမျှရှိနေသည်။ အရာထမ်းသာမက နေရာအားလုံးတွင်ရှိသော အမျိုးသမီးအရေအတွက်မှာ ဝန်ကြီးဌာနများနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များအလိုက် ကွာခြားမှုရှိသည်။ ပညာရေးဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးကဲ့သို့ ဌာနများတွင် အမျိုးသမီးအရေအတွက်များပြီး ပြည်ထဲရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနများတွင် နည်းပါးသည်။ အခြားနိုင်ငံများနှင့်ယှဉ်ကြည့်လျှင် ဘဏ္ဍာရေး နှင့် စီမံကိန်းဝန်ကြီးဌာန၌ အမျိုးသမီးအရေအတွက် များသည်ကို တွေ့နိုင်ပါသည်။

ယင်းအချက်အလက်များအရဆိုလျှင် အမျိုးသားအမျိုးသမီးညီတူညီမျှမှုမှာ ကျေနပ်စရာကောင်းသည်ဟုဆိုနိုင်သော်လည်း တရားဝင် ထုတ်ပြန်ထားသည့်အချက်အလက်များမရှိသည့်တိုင်အောင် ဒုညွှန်ချုပ်နှင့် ညွှန်ချုပ်ရာထူးများကဲ့သို့ [51]အဆင့်မြင့်အရာထမ်းနေရာများ တွင် အမျိုးသမီးများ လုံးဝမရှိသည်ကို အမှတ်ရသင့်သည်။ လတ်တလော တိုးတက်ပြောင်းလဲမှုများရှိသော်လည်း ဝန်ကြီးဌာနများတွင်း ဆုံးဖြတ်ချက်များကို ရာထူးအဆင့်လိုက် အထက်မှအောက်သို့ ချမှတ်ပေးခြင်းဖြစ်ပြီး ဒုညွှန်ချုပ်အောက်ရာထူးများတွင် အရေးပါသော ဆုံးဖြတ်ချမှတ်ပိုင်ခွင့် မရှိပါ။ ထို့ကြောင့် ယခုထုတ်ပြန်ထားသောအချက်အလက်များကို သတိထားပြီးလေ့လာသင့်သည်။ သို့မှသာ ပြည်သူ့ဝန်ဆောင်မှုဌာနများအတွင်း မူဝါဒချမှတ်ခြင်းပေါ် လွှမ်းမိုးနိုင်မည့် အမျိုးသမီးများ၏ အခွင့်အရေးကို ပိုပိုသာသာ မတွက်ဆမိစေ ရန်ဖြစ်သည်။

[48] ဖန်တီးအိမ်၏ အမျိုးသမီးများပါဝင်မှုကို လေ့လာခြင်း အစီရင်ခံစာ။

[49] ရခိုင်အမျိုးသားပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ဒေါ်စိုးစိုးသေး၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွှန့်လွင် တို့နှင့် ကွင်းဆင်းတွေ့ဆုံမေးမြန်းမှု၊ ၂၀၁၅ ဒီဇင်ဘာ။

[50] ဖန်တီးအိမ်၏ အမျိုးသမီးများပါဝင်မှုကို လေ့လာခြင်း အစီရင်ခံစာ။

[51] N.b. စစ်ဘက်အရာရှိဟောင်းများ အများစုရယူထားသော နေရာများ။ David Hook၊ တင်မောင်သန်းနှင့် Kim N. B. Ninh, မြန်မာ့ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲရေးရာ သဘောတရားပြုခြင်း။ (ရန်ကုန်၊ MDRI-CESD နှင့် The Asia Foundation၊ ၂၀၁၅) စာ -၁၃။

*ဇယား ၄ အုပ်ချုပ်ရေးအဖွဲ့နှင့်ဝန်ကြီးဌာနတချို့တွင် အမျိုးသမီးများ ပါဝင်မှု ၂၀၁၄*

| | အမျိုးသမီးဝန်ထမ်း % | ဒုညွှန်မှူးရာထူးနှင့် အထက် (အလားတူနေရာများ) ရှိ အမျိုးသမီးဝန်ထမ်း % |
|---|---|---|
| **နိုင်ငံအုပ်ချုပ်ရေးအဖွဲ့** | | |
| စာရင်းစစ်ချုပ်ရုံး | ၇၈.၆ | ၇၆.၅ |
| ပြည်ထောင်စုဝန်ထမ်းရွေးချယ်ရေး အဖွဲ့ | ၅၅.၁ | ၅၃.၅ |
| ရှေ့နေချုပ်ရုံး | ၄၆.၈ | ၄၇.၇ |
| ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄၈.၅ | ၁၇.၈ |
| သမ္မတရုံး | ၅၁.၃ | ၁၀.၆ |
| **ဝန်ကြီးဌာန** | ၇၇.၈ | ၇၃.၈ |
| ပညာရေး | ၅၁.၂ | ၄၃.၆ |
| နယ်စပ်ရေးရာ | ၆၁.၇ | ၄၀.၀ |
| စီမံကိန်း | ၇၄.၁ | ၃၀.၅ |
| လူမှုဝန်ထမ်း | ၅၇.၆ | ၂၈.၆ |
| ဘဏ္ဍာရေး | ၂၃.၁ | ၁၃.၄ |
| သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၃.၁ | ၁၃.၄ |
| ပြည်ထဲရေး | ၂၀.၆ | ၄.၅ |
| **ဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့ အားလုံး၏ ပျမ်းမျှ**** | **၅၂.၃** | **၃၉.၁** |

*ရင်းမြစ် - http://mmsis.gov.mm/statHtml/statHtml.do [accessed 22 October 2015]*

***ဝန်ကြီးဌာနများစာရင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန မပါဝင်သော်လည်း အမျိုးသမီးပါဝင်မှုမှာ ပျမ်းမျှအောက် နိမ့်မည်ဟု ခန့်မှန်းရနိုင်သည်။*

ပြည်ထဲရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ အင်အားကြီးဝန်ကြီးဌာနများအနက်မှ တစ်ခုဖြစ်ပြီး မြို့နယ်အဆင့်တွင်ပါ အလားတူဖြစ်ပြီး [52]မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာခွဲဝေခြင်း၊ ရုံပုံငွေမှုပေးခြင်း၊ အခြားဆောင်ရွက်သူများအား စုစည်းပေးခြင်းတို့ကိုအဓိကဆောင်ရွက်သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးသည်မြို့နယ်အုပ်ချုပ်ရေးမှူး(ရွေးချယ်ခံမဟုတ်သည့်)၏ အုပ်ချုပ်မှုအောက်တွင်ရှိပြီး တိုင်းဒေသကြီး ပြည်နယ်အဆင့်တွင် လုပ်ပိုင်ခွင့်အကြီးမားဆုံးလည်းဖြစ်သည်။ မြန်မာနိုင်ငံ၌ မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးများတွင် အမျိုးသမီးများပါဝင်ခြင်း မရှိသေးပေ။[53]

## ၂.၁.၄) ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း

ယခင်နှစ်များတွင်း အလုံးစုံအပစ်အခတ်ရပ်စဲရေးသည် မြန်မာနိုင်ငံ၏ အရေးကြီးသော နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များအနက်မှ ဖြစ်နိုင်ခြေရလဒ်များစွာရှိသော ရေးရာတစ်ခုဖြစ်ခဲ့ပြီး ယခုတိုင် ဆက်လက်အရေးပါနေဆဲဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် အမျိုးသမီး ပါဝင်မှု အလွန်နည်းပါးသည်။ ၂၀၁၅ အောက်တိုဘာလတွင် အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု အလုပ်အမှုဆောင်ကော်မတီဝင် ၅၂ ဦးအနက် ၂ ဦး (၃.၈%) သာ အမျိုးသမီးများဖြစ်ကြသည့်အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟို

---

[52] ကြည်ပြာချစ်စောနှင့် Matthew Arnold တို့၏ အထွေထွေအုပ်ချုပ်ရေးဌာန - မြန်မာ့အုပ်ချုပ်ရေးကျောရိုး အကျဉ်း (ရန်ကုန်၊ MDRI-CESD နှင့် The Asia Foundation၊ ၂၀၁၄) စာ ၃၁-၃၃။

[53] Minoletti ၏ *tt*၊ စာ - ၁၀။

ကော်မတီဝင် ၁၁ ဦးလုံးမှာ အမျိုးသားများဖြစ်ကြသည်။[54] အမျိုးသား အပစ်အခတ်ရပ်စဲရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၆ ဖွဲ့ ကိုယ်စားလှယ်များအနက်မှ ၁ ဦးတည်းသာ အမျိုးသမီးဖြစ်သည်။ ပညာရပ်ပိုင်းဆိုင်ရာနှင့် ဖြစ်မြောက်အောင် ထိန်းကြောင်းပေးသည့်ကဏ္ဍတွင် အမျိုးသမီးအတော်များများ ပါဝင်နိုင်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ "စီနီယာကိုယ်စားလှယ်" ကို ဦးဆောင်ရန် ၂၀၁၅ ဇွန်လ၌ အမျိုးသမီးတစ်ဦး ရွေးချယ်ခံခဲ့ရသော်လည်း ယခုအချိန်ထိ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို အမျိုးသားများက ကြီးစိုးထားဆဲဖြစ်သည်။[55]

၂၀၁၅ အောက်တိုဘာလတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီလွှာကို တိုင်းရင်းသားလက်နက်ကိုင် ၈ ဖွဲ့ ကသာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ဖေဖော်ဝါရီလလယ်ပိုင်းအထိ ဤအတိုင်းသာဖြစ်သည်။ သဘောတူညီလွှာ၏ ရလဒ်တစ်ခုအဖြစ် ထူထောင်ခဲ့သော အဖွဲ့များတွင်လည်း အမျိုးသမီးကိုယ်စားပြုမှု နိမ့်ကျနေဆဲဖြစ်သည် - ပူးပေါင်းအကောင်အထည်ဖော်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး စည်းဝေးပွဲနှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်လေ့လာရေးကော်မတီတို့တွင် အမျိုးသမီးလုံးဝမပါရှိဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးဒိုင်ယာလော့ခ် ပူးတွဲကော်မတီဝင် ၄၈ ဦးအနက် အမျိုးသမီး ၃ ဦး (၆.၃%) သာ ပါဝင်သည်။ [56]အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သမျှ ကော်မတီအားလုံးအနက် ရှမ်းပြည်နယ် အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့် လေ့လာရေးကော်မတီတွင်သာ အဖွဲ့ဝင် ၁၄ ဦးအနက် ၃ ဦး (၂၁.၄%) က အမျိုးသမီးဖြစ်သည့်အတွက် အမျိုးသမီးပါဝင်မှုမြင့်မားသည်။ ၂၀၁၆ ဇန်နဝါရီလတွင် နေပြည်တော်၌ပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးကွန်ဖရင့်တွင် အခမ်းအနားဖြစ်မြောက်ရေးဆောင်ရွက် သူများ၏ ၃၀.၀% မှာ အမျိုးသမီးများဖြစ်သော်လည်း ဖိတ်ကြားခံရသူများ၏ ၇.၇% နှင့် တက်ရောက်သူ ၈.၀% သာ အမျိုးသမီးများဖြစ် ကြသည်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ နိုင်ငံရေးဆွေးနွေးမှုအတွက် တာဝန်ရှိသောအဖွဲ့များတွင် အမျိုးသမီးပါဝင်သူ အနည်းဆုံး ၃၀% ရှိ ရန် သတ်မှတ်ချက်ကို ကျင့်သုံးရန် ၂၀၁၆ ဇန်နဝါရီလတွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေး ကွန်ဖရင့်က သဘောတူညီခဲ့သည်။ [57]မည်သို့ဖော်ဆောင်မည်နှင့်စပ်လျဉ်းပြီး ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း ဤသည်မှာ သိသာထင်ရှားသောအပြောင်းအလဲ တစ်ခုဖြစ်သည်။ ဝေစုသတ်မှတ်ခြင်းတစ်ခုတည်းဖြင့် အမျိုးသား၊ အမျိုးသမီးပါဝင်မှု အရည်အသွေးကို တန်းညှိပေး၍ ရမည်မဟုတ်ပါ - ၂၀၁၆ ဇန်နဝါရီလတွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးကွန်ဖရင့်၌ ဆွေးနွေးမှုများတွင် တက်ရောက်သူအမျိုးသမီးများကို အလေးအနက်ထားဆက်ဆံခဲ့ခြင်း မရှိကြောင်း ပြောဆိုမှုများရှိခဲ့သည့်အပြင် အမျိုးသမီးဖြစ်သည့် အကျိုးဆက်အနေဖြင့် ခွဲခြားဆက်ဆံ ရမှုများရှိခဲ့ရာ မှတ်တမ်းတင်သူက ၎င်းတို့၏မှတ်ချက်များကို မှတ်သားထားခြင်းမရှိမှု၊ ဦးဆောင်ဆွေးနွေးသူက အမျိုးသမီးများ၏ မှတ်ချက်များကို ပေ့ါပြက်သွားအောင်ပြုမူခြင်း၊ အမျိုးသမီးများအား "မိန်းကလေး" ဟု သုံးနှုန်းညွှန်းဆိုခြင်း စသည်တို့ပါဝင်သည်။[58]

## ၂.၁.၅) အခြား အုပ်ချုပ်ရေးဌာနများနှင့် အုပ်ချုပ်သူများ

ရှေ့တွင်ဖော်ပြထားသည်များအပြင် အုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှပါဝင်ခွင့်ရရေးနှင့် စပ်လျဉ်းသော အခြား အုပ်ချုပ်ရေးပုံစံများ နှင့် လွှမ်းမိုးမှုများ မြန်မာနိုင်ငံတွင် ရှိသေးသည်။ ဤအစီရင်ခံစာတွင် ယင်းတို့အားလုံးကို ထည့်သွင်းဖော်ပြရန် မဖြစ်နိုင်သည့်အတွက် အရေးကြီးအချို့အချက်များကိုသာ အောက်တွင်ဖော်ပြထားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် အောက်ခြေအဆင့်၌ ပြည်သူ့ဝန်ဆောင်မှုများအားလုံးအတွက် အစိုးရဘဏ္ဍာငွေ ပံ့ပိုးပေးခြင်းမရှိဘဲ ဒေသခံ ရပ်ကျေးလူထုက ရံပုံငွေထည့်ဝင်ရပြီး အစိုးရဌာနများနှင့် ဌာနကိုယ်စားပြုသူများ ပါဝင်ခြင်းမရှိဘဲ ထည့်ဝင်ငွေကောက်ခံသည် - နိုင်ငံ တော်မှ ထည့်သွင်းမှုတစုံတရာမရှိဘဲ ပြည်သူတစ်စုတစ်ဖွဲ့က ရံပုံငွေကောက်ခံပြီး ဝန်ဆောင်မှုများကို စီစဉ်သည်။ ဤနည်းအားဖြင့် ဆောင်ရွက်သော ဝန်ဆောင်မှုများမှာ နေရာဒေသကိုလိုက်၍ ကွာခြားမှုရှိသော်လည်း လမ်းတံတား၊ ရေထုတ်မြောင်း၊ ရေပေးဝေရေး၊ အညစ်အကြေး စွန့်ပစ်ရေး၊ လမ်းမီးရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ပါဝင်သည်။ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ လုပ်ငန်းများကို နိုင်ငံတော်ရံပုံငွေ တစ်ဝက်၊ ဒေသခံလူထု၏ရံပုံငွေ တစ်ဝက် ပေါင်းစပ်ပြီးလုပ်ဆောင်ခြင်းများလည်း ရှိသည်။ ယင်းသို့ ရံပုံငွေပေါင်းစပ်လုပ်ကိုင်သည့်အခါ မည်သည့်လုပ်ငန်းတွင် ငွေထည့်ဝင်မည်၊ မည်သို့ဝန်ဆောင်မှုပေးမည်၊ မည်သို့ပေးချေမည်ကို

---

[54] N.b. ၂၀၁၆ ဖေဖော်ဝါရီလလယ်အထိ ဤကော်မတီများ၏ ဂျန်ဒါဘက်ညီမှု မပြောင်းလဲ။

[55] Alliance for Gender Inclusion in the Peace Process (AGIPP)၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် မြန်မာနိုင်ငံရှိ လုံခြုံရေးမူဝါဒချမှတ်ခြင်း - ဆက်စပ်လေ့လာခြင်းနှင့် အကြံပြုချက်များ အတွဲ ၁ (ရန်ကုန်၊ AGIPP၊ ဒီဇင်ဘာ ၂၀၁၅) စာ ၇-၁၀။

[56] AGIPP ၏ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် မြန်မာနိုင်ငံရှိ လုံခြုံရေးမူဝါဒချမှတ်ခြင်း *စာ ၁၁-၁၂*

[57] AGIPP က ပေးပို့သော ဒေတာများ။

[58] "Women's Alliance Breaks Down Gender Disparity in Peace Process," *The Irrawaddy,* 22 January 2016. *http://www.irrawaddy.com/burma/womens-alliance-breaks-down-gender-disparity-in-peace-process.html* [accessed 11 February 2016]; "Peace Process Quota no Guarantee for Women's Participation," *Myanmar Now,* 15 February 2016. *http://www.myanmar-now.org/news/i/?id=09b86529-94a1-4620-9f4b-57de3a8b76b8* [accessed 21 March 2016].

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ ကျေးရွာအုပ်စု/ကျေးရွာအဆင့် ကော်မတီဝင် တစ်ဦး (သို့) တစ်ဦးထက်ပိုသူများက ပူးပေါင်း ဆုံးဖြတ်ကြပြီး ယင်းတို့အနက် အထင်ရှားဆုံးမှာ ကျေးရွာအုပ်စုဖွံ့ ဖြိုးမှုပံ့ပိုးရေး ကော်မတီဖြစ်သည်။ အရပ်သားများက အပြည့်အဝ ထည့်ဝင်ရသည့်အခါ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များက စီမံကိန်းရေးဆွဲခြင်းနှင့် ကြီးကြပ်သည့်နေရာများတွင် တစ်ခါတစ်ရံ ပါဝင်လေ့ရှိသည်။ သို့သော် ဆုံးဖြတ်ချက်ချခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းတစ်ခုလုံးကို လူထုက လွတ်လွတ်လပ်လပ် ဖွဲ့စည်းရွေးချယ်ထားသော ကော်မတီများကသာ ဆောင်ရွက်သည်မှာ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်သည်။ တရားဝင်နှင့် အလွတ်သဘော ဖွဲ့စည်းထားသော ကော်မတီများ၏ ဖွဲ့စည်းပုံအချက်အလက် အတိအကျမရှိသော်လည်း လက်ရှိအထောက်အထားများအရ အမျိုးသား လွှမ်းမိုးထားသည်။[59]မှတ်သားသင့်သည့်ခြွင်းချက်တစ်ခုမှာ ၂၇မြို့နယ်၌ရှေ့ပြေးစမ်းသပ်ဆောင်ရွက်လျက်ရှိသည့်အမျိုးသားလူထုက ဖော်ဆောင်သော ဖွံ့ ဖြိုးရေး (တရားဝင်) စီမံချက်ဖြစ်ပြီး ကျား၊ မ တန်းတူညီမျှပါဝင်မှု မြင့်မားသည်။

မြန်မာ့အစဉ်အလာ တရားစီရင်ရေးစနစ်တွင် အမျိုးသမီးတရားသူကြီးအရေအတွက်က အမျိုးသားထက်များသဖြင့် စာရင်းအင်းအရ ကိုယ်စားပြုမှုတွင် အမျိုးသမီးက များပြားသည်။ သို့သော် တရားစီရင်ရေးစနစ်၏ ထိပ်ဆုံးပိုင်းနေရာများကို အမျိုးသားများက တင်ကူး ရယူထားပြီးဖြစ်သည် - ၂၀၁၂စာရင်းများအရဗဟိုတရားရုံးတရားသူကြီး၏သုံးပုံနှစ်ပုံနှင့်တရားရုံးချုပ်တရားစီရင်ရေးနေရာအားလုံးမှာ အမျိုးသားများဖြစ်ကြသည်။ မြန်မာ့တရားတဘောင်အမှုအခင်းများကို တရားဝင်တရားစီရင်ရေးစနစ်ပြင်ပတွင် ဖြေရှင်းကြရာ တိုင်းရင်းသားလူနည်းစုတွင် ဖြစ်လေ့ရှိသော ရပ်ကျေးအဆင့်အငြင်းပွါးမှုများ ပါဝင်သည်။ [60] ယင်းသို့ဖြေရှင်းရာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အဓိကအခန်းကဏ္ဍမှ ပါဝင်လေ့ရှိပြီး ဆိုခဲ့သလို ၎င်းတို့မှာ အမျိုးသားများဖြစ်ကြသည်။ ယင်းသို့ဖြစ်စဉ်များတွင် ဆုံးဖြတ်ချက်ချသည့်နေရာကို ရယူထားသည့် အခြား ရပ်ရွာနှင့် ဘာသာရေးခေါင်းဆောင်များမှာလည်း အမျိုးသားများ ဖြစ်ကြသည်။[61]

၁၉၉၀ ခုနှစ်မှစတင်ကာ ရပ်ရွာအခြေပြု သစ်တောစီမံခန့်ခွဲမှုကို မြန်မာနိုင်ငံတွင် မိတ်ဆက်ခဲ့ပြီး ၂၀၁၄ တွင် တစ်နိုင်ငံလုံး၌ ကျေးရွာ အစုအဖွဲ့ပိုင် သစ်တောစီမံခန့်ခွဲရေးအဖွဲ့ပေါင်း ၅၇၄ ရှိနေပြီဖြစ်သည်။ ကော်မတီများတွင် အမျိုးသမီးပါဝင်မှု နည်းပါးသည့်အပြင် အဓိကဆုံးဖြတ်ချက်ချသည့်နေရာတွင် လုံးဝမပါရှိပါ။ ဤသို့ဆိုသော်လည်း အမျိုးသမီးများအနေဖြင့် ကျေးရွာအစုအဖွဲ့ပိုင် သစ်တော စတင်တည်ထောင်ချိန်တွင် အချိန်ပေးရခြင်း၊ သစ်တောပျိုးခင်းအတွက် လုပ်အားစိုက်ထုတ်ရခြင်း၊ အမျိုးသားများထက် သစ်တော ရင်းမြစ်များအပေါ် နည်းအမျိုးမျိုးဖြင့် အားကိုးအားထားပြုရခြင်း၊ သစ်တောမှ ရင်းမြစ်များကို အိမ်ထောင်စုလိုအပ်ချက်အတွက် မကြာ ခဏ ထုတ်ယူသုံးစွဲရခြင်း (ဥပမာ၊ ထင်း၊ ဆေးပင် ဝါးပင်၊ အသီးအနှံ) စသည်တို့ လုပ်ဆောင်ရသော်လည်း အမျိုးသားများ အနေဖြင့်မူ သစ်တောအား အသုံးပြုချမှု နည်းပါးပြီး ငွေရရန်ပစ္စည်း (သစ်) တို့ကိုသာ ပြုလုပ်သည်။[62]

အခြားနိုင်ငံများမှာကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရန် အခန်းကဏ္ဍ ရယူ နိုင်ရေးအတွက် လူထုနှင့် အရပ်ဖက်အဖွဲ့ လှုပ်ရှားမှုက တရားဝင်နိုင်ငံရေးနှင့်အုပ်ချုပ်ရေးထက် အခွင့်အလမ်း ပိုဖန်တီးပေးသည်။ လတ်တလောနှစ်များအတွင်း အရပ်ဖက်လူမှုအဖွဲ့များ၏ အရေအတွက်နှင့် အရွယ်အစား ကြီးမားလာသည်နှင့်အမျှ နိုင်ငံသားများ အတွက်ဝန်ဆောင်မှုပေးရန်နှင့်နိုင်ငံသားများအားမူဝါဒရေးရာလူသိရှင်ကြားရပ်တည်တောင်းဆိုမှုများတွင်ထည့်သွင်းလုပ်ဆောင်စေ နိုင်မည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာရာ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ ပါဝင်လွှမ်းမိုးနိုင်ရန်အတွက်လည်း အခါကောင်းဖြစ် စေသည်။ ယင်းသို့ဆိုသည့်တိုင်အောင် ကျား၊ မ လုံးဝ ညီတူညီမျှဖြစ်ရန် အလှမ်းကွာလျက်ရှိသည်။ အရပ်ဖက်လူမှုအဖွဲ့များက အမျိုးသမီးများအတွက် ၎င်းတို့ရာထူးအဆင့်အလျောက် အခွင့်အလမ်းများ ပိုဖန်တီးပေးသည့်အပြင် ရပ်ကျေးနှင့် ကျေးရွာအုပ်စုအဆင့် ကော်မတီများတွင် အမျိုးသမီးပါဝင်မှု မြှင့်တင်ပေးသည်။ ၎င်းအဆင့်ရှိ အခြားကော်မတီများနှင့် စာလျှင် ယင်းအဖွဲ့များက ဒေသဖွံ့ ဖြိုး ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် အကူအညီဖြစ်စေသည်။ [63]

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တို့မှာ အမျိုးသမီးအဖွဲ့ဝင် အများဆုံး (သို့) အမျိုးသမီး အဖွဲ့ဝင်များသာ ပါဝင်သော ကျေးရွာအုပ်စုအဆင့်မှ ပြည်ထောင်စုအဆင့်ထိ တစ်နိုင်ငံလုံးအနှံ့ရှိသည့် အဖွဲ့ ကြီး ၂ ခုဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် အမျိုးသမီးရေးရာအဖွဲ့တွင် အဖွဲ့ဝင်ပေါင်း ၁၃.၉ သန်းနှင့် မိခင်နှင့်ကလေး အဖွဲ့ဝင်ပေါင်း ၅.၂ သန်း ရှိသည်ဟု ဆိုသည်။ [64]သက်ဝင်လုပ်ဆောင်လျှက်ရှိသောအဖွဲ့ဝင်အရေအတွက်ဖော်ပြပါထက်သေချာလုနီးပါးနည်းမည်မှန်သော်လည်းအဖွဲ့ဝင်အရေအတွက် မှာ သိသိသာသာများပြားသည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်က "မြန်မာနိုင်ငံအမျိုးသမီးများ ကျန်းမာပျော်ရွှင်ရေးနှင့် ဘဝတိုးတက်

[59] Minoletti ၏ *မြန်မာနိုင်ငံတွင် ကျား၊ မ လူမှုရေးရာနှင့်စပ်လျဉ်းပြီး ဘဏ္ဍာရေး ရေးဆွဲခြင်း*

[60] UN Women and Justice Base ၏ *ဆုံမှတ်မှ စကားသံများ - မြန်မာနိုင်ငံ၏ ကိုလိုနီဥပဒေစနစ်အောက်မှ တရားစီရင်ရေးအား အမျိုးသမီးများ လက်လှမ်းမှီနိုင်မှု။* (ရန်ကုန်၊ UN Women and Justice Base၊ ၂၀၁၆ တွင် ထွက်ရှိမည်)။

[61] UN Women and Justice Base ၏ *ဆုံမှတ်မှစကားသံများ။*

[62] Paul Minoletti ၏ မြန်မာသဘာဝပတ်ဝန်းကျင်ရေးရာ အစိုးရမဟုတ်သောအဖွဲ့များမှ ဝန်ထမ်းများနှင့် ကွင်းဆင်းတွေ့ဆုံမေးမြန်းခြင်း။ ဒီဇင်ဘာ ၂၀၁၅။

[63] Minoletti ၏ *တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း*၊ စာ - ၁၃-၁၄

[64] မြန်မာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ နည်းဗျူဟာအစီစဉ်၊ ၂၀၁၂-၂၀၁၅။ အောက်တိုဘာ ၂၀၁၂ *http://www.mwaf.org.mm/en/about-us*

စေရေး” ကို ကျယ်ကျယ်ပြန့်ပြန့် မျှော်မှန်းထားပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကျန်းမာရေးကိစ္စများတွင် ပါဝင်လုပ်ဆောင်လျက်ရှိသည်။[65] မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က အမည်နှင့်လိုက်ဖက်ညီစွာ မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စများကို အဓိကထားသည်သာမက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြားကိစ္စများနှင့် မိသားစု ဝင်ငွေဖန်တီးရေးများကိုပါ လုပ်ဆောင်လျက်ရှိသည်[66]။ ယင်းအဖွဲ့ ၂ ဖွဲ့လုံးမှာ အစိုးရမဟုတ်သောအဖွဲ့အစည်းဟု ဆိုသော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ [67](ယခင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးအသင်း) နှင့် ခိုင်မာသောဆက်နွယ်မှုရှိသည့်အတွက် ဝေဖန်သူများက “GONGOs” အစိုးရက တည်ထောင်သည့် အစိုးရမဟုတ်သော အဖွဲ့ ဟု ခေါ်ဝေါ်သည်။ [68]ယင်းအဖွဲ့ များတွင် အမျိုးသမီးများက ထိပ်ပိုင်းခေါင်းဆောင်နေရာများ ရရှိမည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရာမရှိသော်လည်း ကျား၊ မတန်းတူညီမျှမှုကိုမြှင့်တင် (သို့) ယင်းသို့ပြုလုပ်ရန် ပျက်ကွက်ရာတွင် ပါရှိသော ၄င်းတို့၏ အခန်းကဏ္ဍမှာ ရှုပ်ထွေးသည်။ ၄င်းနှင့်ပတ်သက်ပြီး အခန်း ၃.၂.၈ တွင် ဆွေးနွေးထားသည်။

ယခုအချိန်အထိ အာရုံစိုက်ဆွေးနွေးခဲ့သည်များမှာ မြန်မာနိုင်ငံအစိုးရ၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများမှ အုပ်ချုပ်ရေးဖြစ်သည်။ မြန်မာနိုင်ငံတိုင်းရင်းသားနယ်မြေတွင်နေထိုင်သော မြန်မာ့လူဦးရေအတော်များများမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသည် (သို့မဟုတ်) ဗဟိုအစိုးရနှင့် လက်နက်ကိုင်အဖွဲ့ များအကြား အုပ်ချုပ်ရေးအာဏာစမ်းပွဲပြုလုပ်ရာ နေရာများတွင်ရှိသည်။ လူထု ကိုယ်ထူကိုယ်ထဆောင်ရွက်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာလည်း ဤနေရာဒေသများတွင် မြင်တွေ့ ရိုးထုံးစံဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ များကလည်း ၄င်းတို့ကိုယ်တိုင် တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်ခွင့်အပြည့် (သို့) တစိတ်တပိုင်းရှိ ဝန်ဆောင်မှုပေးသူများကို ၄င်းတို့အုပ်ချုပ်ရာနယ်မြေများတွင် ဆောင်ရွက်ခွင့်ပေးသည်။ [69]ယင်းအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပုံစံတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များမရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ များတွင် အမျိုးသားကြီးစိုးပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ လူမှုဝန်ထမ်းအလုပ်များသာဖြစ်ကြောင်းကို သိရှိကြပြီးဖြစ်သည်။[70]

## ၂.၂) အုပ်ချုပ်ရေးတွင် အမျိုးသမီးနှင့် အမျိုးသား စာရင်းအင်းအရကိုယ်စားပြုမှု - သမိုင်းရေစီးကြောင်း

မြန်မာနိုင်ငံအုပ်ချုပ်ရေးဌာနအတော်များများရှိ ဆုံးဖြတ်ချက်ချရာရာထူးနေရာတွင် အမျိုးသားများဖြင့် ပြည့်နှက်နေသော်လည်း လက်ရှိအခြေအနေမှာ အတိတ်သမိုင်းနှင့်ယှဉ်လျှင် ကျား၊ မညီမျှမှုပိုရှိသည်။ ဤအစီရင်ခံစာတွင် မြန်မာသမိုင်းတလျှောက်လုံး၌ အုပ်ချုပ်ရေးတွင် ကျား၊ မညီတူပါဝင်မှုပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်လေ့လာဖော်ပြရန် မဖြစ်နိုင်သော်လည်း ၁၉၄၈ လွတ်လပ်ရေးရပြီးနောက်ပိုင်း လွှတ်တော်များတွင် စာရင်းအင်းအရ ကျား၊ မတန်းတူညီမျှ ကိုယ်စားပြုမှုနှင့်ပတ်သက်သော ခြုံငုံဖော်ပြချက်မှာ ယခုအခန်း၏ နောက်ပိုင်းတွင် ပါဝင်သည်။

***ဇယား ၅ - ၁၉၄၈ မှစ၍ မြန်မာပါလီမန်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု***

| ကာလပိုင်းအခြား | နေရာစုစုပေါင်း | အမျိုးသမီးများ ရရှိသည့်နေရာ | % အရအမျိုးသမီးများ ရရှိသည့်နေရာ |
|---|---|---|---|
| ၁၉၄၈-၅၀ | ၂၅၅ | ၇-၈ | ၂.၇ - ၃.၁% |
| ၁၉၅၁-၅၂ | ၃၈၀ | ၈ | ၂.၁% |
| ၁၉၅၃-၅၆ | ၃၇၅ | ၂ | ၀.၅% |
| ၁၉၅၇-၆၁ | ၃၇၅ | ၂-၄ | ၁.၁% |
| ၁၉၇၄-၈၇ | ၄၄၄-၄၈၉ | ၇-၁၅ | ၁.၅ - ၃.၁% |
| ၂၀၁၁ - ၂၀၁၂ မတ် | ၆၅၉ | ၁၈ | ၂.၇% |

[65] *http://www.mwaf.org.mm/en/about-us*

[66] MMCWA, *Strategic Plan,* 8-16.

[67] ၂၀၁၄ နှင့် ၂၀၁၅ တွင် စာရေးသူပြုလုပ်ခဲ့သော ကွင်းဆင်းတွေ့ဆုံမေးမြန်းမှုများ။

[68] Jessica Harriden ၏ *လွှမ်းမိုးနိုင်မှုအာဏာ - ဗမာ့သမိုင်းမှ အမျိုးသမီးများနှင့်အာဏာ* (ကိုပင်ဟေဂင်၊ NIAS Press၊ ၂၀၁၂) စာ - ၂၃၉၊ ၂၅၆-၆၅

[69] Kim Jolliffe ၏ မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးအားစမ်းရာနယ်မြေများရှိ တိုင်းရင်းသားပဋိပက္ခနှင့် လူမှုဝန်ဆောင်မှုများ (ရန်ကုန်၊ The Asia Foundation၊ ၂၀၁၄ ဇွန်လ) စာ ၁၁-၁၂

[70] Jenny Hedström ၏ “ကျား၊ မ လူမှုရေးရာနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ သဘောမပေါက်ခဲ့ကြဘူး။ ဒါကြောင့် သိပ်ကောင်းတဲ့အကြံပဲ” *International Feminist Journal of Politics* (၂၀၁၅ ဖေဖော်ဝါရီ ၁၂) စာ - ၇ http://www.tandfonline.com/doi/abs/10.1080/14616742.2015.1005516

| | | | |
|---|---|---|---|
| ၂၀၁၂ ဧပြီ - ၂၀၁၃ ဒီဇင်ဘာ | ၆၅၇ | ၃၀ | ၄.၆% |
| ၂၀၁၄ ဇန်နဝါရီ- ၂၀၁၅ နိုဝင်ဘာ | ၆၅၇ | ၃၂ | ၄.၉% |

*ရင်းမြစ်။ ၁၉၄၈-၈၇ ခုနှစ်အတွက် ကိန်းဂဏန်းများကို ဗဟိုစာရင်းအင်းအဖွဲ့ (၂၀၀၉)၊ ၂၀၁၁-၁၅ အတွက်ကို Renaud Egreteau (၂၀၁၄), 99-101.-*[71]

ဇယား ၂ တွင် တွေ့ မြင်ရသည်မှာ ၁၉၄၈-၅၀ နှစ်အတွင်း တစ်ခုတည်းသောပါလီမန်၊ ၁၉၅၁-၁၉၆၁နှစ်များအတွင်းက လွှတ်တော် ၂ ခုပေါင်း နှင့် ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်ထိ ကိန်းဂဏန်းများဖြစ်သည်။ ၁၉၆၂-၇၃ နှင့် ၁၉၈၈-၂၀၁၀ ကာလများသည် စစ်တပ်အုပ်ချုပ်သောအချိန်ဖြစ်ပြီး လွှတ်တော်မရှိပေ။ ၁၉၇၄-၈၇ ခုနှစ်များအတွင်းက တစ်ခုတည်းသော လွှတ်တော်သည် အစိုးရမူဝါဒများအပေါ် လွှမ်းမိုးနိုင်မှု အနည်းအကျဉ်းမျှသာရှိပြီး ရွေးကောက်ခံအမတ်လောင်းများ အားလုံးကို အာဏာရပါတီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ[72]က ရွေးချယ်သည်။ ၂၀၁၁ ခုနှစ်အတွက် ကိန်းဂဏန်းများမှာ ရွေးကောက်ခံအမတ်နှင့် တပ်မတော်သားကိုယ်စားလှယ်များအားလုံး ပါဝင်သည်။ ကနဦးပိုင်းတွင် တပ်မတော်သားကိုယ်စားလှယ်အားလုံးမှာ အမျိုးသားများဖြစ်ကြပြီး ၂၀၁၄ ဇန်နဝါရီသို့ ရောက်မှသာ အမျိုးသမီးဗိုလ်မှူး ၂ ဦးကို အောက်လွှတ်တော်သို့ [73] ခန့်အပ်ခဲ့သည်။

၂၀၁၅ နိုဝင်ဘာလရွေးကောက်ပွဲမတိုင်ခင်ထိ လွှတ်တော်တွင် အမျိုးသမီးကိုယ်စားပြုမှု ၅% သာရှိခဲ့ရာ ဆယ်စုနှစ်များစွာတွင်း လွှတ်တော်နိုင်ငံရေးတွင် အမျိုးသမီးပါဝင်မှု နိမ့်ကျခဲ့သည်။ အမှုဆောင်နေရာများမှလည်း အမျိုးသမီးများအား ဖယ်ကြဉ်ထားခဲ့သည်။ ဘမောင်ချိန်သည် ပထမဆုံးသောအစိုးရအဖွဲ့ဝင် အမျိုးသမီးဝန်ကြီးဖြစ်ပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ၁၉၅၀ နှစ်များအတွင်း [74] တစ်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လတွင် ဒေါ်မြမြအုန်းခင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူသည့်အချိန်မှ အစိုးရအဖွဲ့ဝင် ဒုတိယမြောက် အမျိုးသမီး ဖြစ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဒေါ်ခင်စန်းရီက ပညာရေးဝန်ကြီးဌာနဝန်ကြီးဖြစ်လာပြီး တတိယမြောက် အစိုးရအဖွဲ့ဝင်အမျိုးသမီး ဖြစ်လာသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းနှင့်ပြည်နယ်လွှတ်တော်များ ဖွဲ့စည်းရန် မူဘောင်ချပေးနိုင်ခဲ့ပြီး ၂၀၁၁ တွင် လွှတ်တော်အမတ်များက ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ မှ ၂၀၁၂ မတ်လအထိ အမျိုးသမီးလွှတ်တော်အမတ် ၃.၆%နှင့် ၂၀၁၂ ဧပြီလ မှ ၂၀၁၅ နိုဝင်ဘာအထိ [75]၃.၇% သာရှိသည့်အတွက် စုစုပေါင်းအားဖြင့် အမျိုးသမီးကိုယ်စားပြုမှုမှာ တူညီသော ကာလတစ်ခုတည်းတွင်းမှာပင် ပြည်ထောင်စုလွှတ်တော်ထက် နိမ့်ကျသည်။ ရှမ်းပြည်နယ်လွှတ်တော်တွင် ရွေးကောက်ခံအမတ်နေရာ၏ ၇.၅% (လွှတ်တော်အမတ်အားလုံး၏ ၅.၅/ ကျော်) မှာ အမျိုးသမီးများဖြစ်သည့်အတွက် စာရင်းအင်းအရ အမျိုးသမီးကိုယ်စားပြုမှု အမြင့်ဆုံးဖြစ်သည်။ ချင်း၊ ကယား၊ ကရင်၊ မွန်၊ စစ်ကိုင်းနှင့် တနင်္သာရီ လွှတ်တော်များတွင် [76]ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ် လုံးဝမရှိပါ။

## ၂.၃) အမျိုးသားနှင့် အမျိုးသမီး ပါဝင်မှုအပေါ် အဓိကသက်ရောက်မှုများ

### ၂.၃.၁) အချိန်အခက်အခဲနှင့် မိသားစုနှင့် အလျော့အတင်းပြုလုပ်ခြင်း

အမျိုးသမီးအများစုက ဝင်ငွေရ ဈေးရောင်းဈေးဝယ်အလုပ်နှင့် ဝင်ငွေမရ အိမ်အလုပ်တို့ကို အချိန်မျှလုပ်ဆောင်နေရသည့်အတွက် အုပ်ချုပ်ရေးရာတွင် ၎င်းတို့ပါဝင်နိုင်စွမ်းကို ကန့်သတ်နေသည့်အထဲတွင် အချိန်အခက်အခဲက အရေးကြီးဆုံးဖြစ်ကြောင်း တွေ့ဆုံ

[71] ဗဟိုစာရင်းအင်းဌာန၏ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးများ စာရင်းအင်း ၂၀၀၉ (နေပြည်တော်၊ CSO၊ ၂၀၁၀); Renaud Egreteau ၏ "အာဏာရှင်ခေတ်လွန် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားလွှတ်တော်မှ ဥပဒေပြုသမားများ (၂၀၁၀-၂၀၁၅) A Sociological Analysis ၏ အရှေ့တောင်အာရှ လတ်တလောအရေးအခင်းများ ဂျာနယ် အတွဲ ၃၃ အမှတ် ၂ (၂၀၁၄)။ N.b. the ၁၉၄၈-၈၇ ကိန်းဂဏန်းများအတွက် *မြန်မာနိုင်ငံ အမျိုးသမီးနှင့်ကလေးများ စာရင်းအင်း* ကို ရယူခဲ့သည့် ရင်းမြစ်မှာ "အမျိုးသားမှတ်တမ်းဌာန" ဖြစ်ပြီး အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။

[72] Robert H. Taylor ၏ မြန်မာနိုင်ငံ၏ ပြည်နယ် (စင်္ကာပူ၊ NUS Press၊ ၂၀၀၉) စာ - ၃၂၈။

[73] Egreteau စာ - ၁၀၀

*74* Harriden စာ - ၁၆၃။

[75] ၂၀၁၁-၂၀၁၅ တိုင်း/ပြည်နယ်လွှတ်တော်များရှိ တပ်မတော်ကိုယ်စားလှယ်များ၏ ကျား၊ မ ဖွဲ့စည်းပုံနှင့်ပတ်သက်သော အချက်အလက်များ မရရှိသည့်အတွက် စုစုပေါင်းအရေအတွက်ကို ဖော်ပြနိုင်ခြင်းမရှိပါ။ ယင်းကာလအတွင်း ရန်ကုန်တိုင်း လွှတ်တော်တွင် အမျိုးသမီး တပ်မတော်ကိုယ်စားလှယ် တစ်ဦးရှိခဲ့ကြောင်း Renaud Egreteau က သတင်းပေးထားသည်ဖြစ်ရာ Minoletti ၏ တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်းတွင် ပါရှိသကဲ့သို့ တပ်မတော်ကိုယ်စားလှယ်အားလုံး အမျိုးသားများဟု မှတ်ယူရန်မသင့်ပါ။ Minoletti, *Women's Participation in the Subnational Governance of Myanmar*, စာ - ၁၁ Renaud Egreteau, "၂၀၁၀-၂၀၁၅ မြန်မာ ပြည်ထောင်စုဥပဒေပြုရေးတွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဘယ်သူတွေလဲ?" အရှေ့တောင်အာရှ လူမှုအရေးကိစ္စများဂျာနယ် အတွဲ ၃၀ အမှတ် ၂ (၂၀၁၅)၊ စာ ၃၃၈-၇၀

[76] Minoletti ၏ တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ 11.

မေးမြန်းခံရသူများစွာက ပြောကြားခဲ့ရာ ယခင်သုတေသနရှာဖွေတွေ့ရှိချက်များနှင့် တူညီသည်။ အမျိုးသမီးများအနေဖြင့် ဝင်ငွေရ အလုပ် (သို့) အုပ်ချုပ်မှုရေးရာတွင် ပါဝင်နေသည့်တိုင်အောင် အိမ်အလုပ်မှာ အမျိုးသမီးများ၏တာဝန်ဖြစ်သည်ဟု ရှုမြင်ထားသည့် အတွက် မြန်မာနိုင်ငံရှိအမျိုးသားများက အိမ်အလုပ်ကို တာဝန်ယူရန် ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြသည်ဖြစ်ရာ ဓလေ့ထုံးတမ်းများ၏ အခန်းကဏ္ဍကိုလည်း အချက်တစ်ချက်အနေဖြင့် တွေ့ဆုံမေးမြန်းခံရသူများက ပြောကြားခဲ့သည်။ [77]မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် အမျိုးသားများ ၏ အချိန်အသုံးပြုမှု နှင့် အုပ်ချုပ်မှုရေးရာတွင် ပါဝင်နိုင်ရန် အချိန်ရမှုနှင့် ပတ်သက်သည့် အသေးစိတ်နှင့် စာရင်းအင်း အချက်အလက်များ မရှိသေးသော်လည်း လက်ဝယ်ရှိအထောက်အထားများက အမျိုးသား၊ အမျိုးသမီးပါဝင်မှု ညီမျှမှုမရှိရခြင်း၏ အဓိကအကြောင်းရင်းအဖြစ် ညွှန်ပြနေသည်။

အခြားနိုင်ငံများမှာကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အိမ်ပြင်တွင်အလုပ်လုပ်ကိုင်သည့် (သို့) ကိုယ်ပိုင်ဝင်ငွေရှိသည့် အမျိုးသမီးများတွင် မိသားစုနှင့် အလျော့အတင်းပြုလုပ်နိုင်စွမ်းရှိကြောင်း တွေ့ရသည်။ အုပ်ချုပ်မှုရေးရာတွင် ပါဝင်ခြင်းအား အခြားမိသားစုဝင်များက ဆန့်ကျင်မှုကို အမျိုးသမီးများကျော်လွှားနိုင်ရန် ယင်းအလုပ်များက အထောက်အကူပြုသည်။ လူထုရေးရာတွင် လုပ်ကိုင်ဖူးသည့် အတွေ့အကြုံကိုသာမက ယုံကြည်မှုကိုပါ ပေးစွမ်းသည်။ သို့သော် ယင်းအလုပ်များကိုလုပ်ကိုင်သည့်အတွက် အုပ်ချုပ်မှုရေးရာတွင် ပါဝင်ရန် အချိန်အခက်အခဲဖြစ်စေသည်။ ထို့ကြောင့် အိမ်ပြင်ပအလုပ်အကိုင် လုပ်ကိုင်ခြင်းက အမျိုးသမီးများ၏ပါဝင်နိုင်မှုကို မြှင့်တင် ပေးနိုင်သလို လျော့ကျ [78]စေနိုင်သည်။ မြန်မာနိုင်ငံ၌ မည်သည့်အခြေအနေအောက်တွင် မည်သို့အကျိုးသက်ရောက်မှုရှိနေသည်ကို သိရှိနိုင်မည့် လုံလောက်သော အထောက်အထားများ မရှိသေးပါ။

## ၂.၃.၂) ရိုးရာအစဉ်လာနှင့် ဘက်လိုက်မှုများ

ရိုးရာအစဉ်လာက အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်ခွင့် အခွင့်အလမ်းအပေါ် အခြားသောနည်းများဖြင့်လည်း အကျိုးသက်ရောက်မှုရှိသည်။ မြန်မာနိုင်ငံတွင် ခေါင်းဆောင်မှုကို "ကျားဆန်ခြင်း" နှင့် တွဲမြင်သည်။ ၂၀၁၄ စစ်တမ်းအရ အမျိုးသမီးများထက် အမျိုးသားများက ပိုကောင်းသော နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသည်ဟု မြန်မာနိုင်ငံသားအများစုက ထင်မြင်ကြသည်။ စစ်တမ်း ဖြေဆိုသူ ၄၂% က အဆိုပါအဆိုကို လုံးဝသဘောတူညီကြပြီး ၂၉%က အနည်းငယ်သဘောတူကြသည်။ ယင်းသို့ယူဆကြရာတွင် အမျိုးသားနှင့်အမျိုးသမီးများအကြား ကွာခြားမှုမရှိသလောက်ပင်ဖြစ်သည်။[79] နိုင်ငံသူရော နိုင်ငံသားပါ အမျိုးသားခေါင်းဆောင်များကို လိုလားကြခြင်းက နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနည်းရခြင်း၏ အဓိကအချက်တစ်ချက်ဖြစ်သည်ဟု ရခိုင်အမျိုးသားပါတီ ဗဟို ကော်မတီ အမျိုးသမီးများအနက်မှ တစ်ဦးဖြစ်သော ဒေါ်စိုးစိုးသေးက ယူဆထားသည်။ မြန်မာနိုင်ငံတဝှမ်းလုံးတွင် အမျိုးသား ခေါင်းဆောင်မှုကိုလိုလားသော်လည်း မြို့ပြဒေသနှင့် လူလတ်တန်းစားပညာတတ်အကြားတွင်[80] [ယင်းအယူအဆ] မပြင်းထန် ကြောင်းတွေ့ရပြီး အမျိုးသမီးများ ရပ်ကျေးအုပ်ချုပ်ရေးမှူးဖြစ်နိုင်ရန် အခွင့်အလမ်း [81]၂ ဆ ပိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ အမျိုးသားခေါင်းဆောင်မှုကို လိုလားကြသည်။ "မူဝါဒချမှတ်ရာမှာ အမျိုးသမီးတွေ အနေနှင့် ပိုမိုပါဝင်နိုင်ဖို့ အမျိုးသမီးများဟာ စွမ်းဆောင်နိုင်တဲ့ ခေါင်းဆောင်များ မဟုတ်ဘူးဆိုပြီး ကျယ်ပြန့်နေတဲ့ အယူအဆက အကြီးမားဆုံး အတားအဆီးတစ်ခုဖြစ်နိုင်ပါတယ်။" ဟု ထိပ်တန်းစီးပွါးရေးပညာရှင် Esther Duflo က မှတ်ချက်ချသည်။ [82]အိန္ဒိယနိုင်ငံ တွင် အသေးစိတ်ဂရုတစိုက်ပြုလုပ်ခဲ့သောလေ့လာမှုများအရ ခေါင်းဆောင်သူ၏စွမ်းဆောင်မှုများ (ဥပမာ ပြည်သူ့ဝန်ဆောင်မှု အရေ အတွက်နှင့်အရည်သွေး) ကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ရာတွင် အမျိုးသမီးခေါင်းဆောင်များက (ပို၍) စွမ်းဆောင်နိုင်ကြသည့်တိုင်အောင်

---

[77] ၂၀၁၅ ဒီဇင်ဘာတွင် ပြုလုပ်ခဲ့သော ကွင်းဆင်းမေးမြန်းမှုများ။ See also ကျား၊ မ လူမှုရေးရာနှင့် ဖွံ့ဖြိုးတိုးတက်မှု ရှေ့ဆောင်ဦးရွက်မှုများ၊ UNDP မြန်မာ HDI ၏ ကျေးလက်ဒေသများရှိ ကျား၊ မ လူမှုရေးရာပေါ် အခြေခံသော အခက်အခဲအဟန့်အတားများ နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြင့်တင်ပေးမှု (ရန်ကုန်၊ HID၊ ၂၀၁၁) စာ - ၃၇။ Gender Equality Network ၏ ခန်းဆီးကာ လုစ်ကြည့်ခြင်း - မြန်မာနိုင်ငံရှိ ရိုးရာစွဲများ၊ ဓလေ့ကျင့်သုံးမှုများနှင့် ကျား၊ မ တန်းတူညီမျှမှု (ရန်ကုန်၊ GEN၊ ၂၀၁၅) စာ ၇၁-၇၉. Gender Equality Network ၏ ဦးဆောင်မှုပြုခြင်း စာ - ၁၇။; Annami Löfving ၏ မြန်မာနိုင်ငံတွင် အများပြည်သူလူမှုဘဝ၌ အမျိုးသမီးများပါဝင်မှု (ရန်ကုန်၊ ActionAid၊ CARE နှင့် Oxfam၊ ၂၀၁၁) စာ ၁၀-၆၀; Minoletti ၏ တိုင်း/ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ ၂၆-၂၈

[78] Minoletti ၏ တိုင်း/ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ ၂၅-၂၈

[79] N.b. စီးပွါးရေးလုပ်ငန်းအမှုဆောင်များအဖြစ် အမျိုးသားများက ပိုကောင်းအောင်ဆောင်ရွက်နိုင်သည် ဟူသော အဆိုအား တုံ့ပြန်မှုများနှင့် များစွာ ကိုက်ညီသည်။ The Asia Foundation၊ မြန်မာ ၂၀၁၄ ကို ရှု - *နိုင်ငံသားရေးရာ အသိပညာနှင့် လူမှုအသိုက်အဝန်းအားပြောင်းလဲမှုဆိုင်ရာ တန်ဖိုးများ* (ရန်ကုန်၊ The Asia Foundation၊ ၂၀၁၄) စာ ၇၉; အမျိုးသားစိတ်ရှိသော ခေါင်းဆောင်မှုရှိသည့် အသင်းအဖွဲ့များအတွက် Löfving ၏ စာ ၁၀ နှင့် ၆၂ ကို ရှု။

[80] The Asia Foundation၊ မြန်မာ ၂၀၁၄ ကိုရှု - *နိုင်ငံသားရေးရာ အသိပညာနှင့် လူမှုအသိုက်အဝန်းအားပြောင်းလဲမှုဆိုင်ရာတန်ဖိုးများ* (ရန်ကုန်၊ The Asia Foundation၊ ၂၀၁၄) စာ ၇၉။ Gender Equality Network ၏ ခန်းဆီးကာ လှစ်ကြည့်ခြင်း စာ - ၆၅။ Minoletti ၏ တိုင်း/ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ - ၃၀။

[81] Röell, စာ ၁၈-၁၉။

[82] Esther Duflo ၏ "အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်မှုနှင့်စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှု" *စီးပွါးရေး စာပေ အနုပညာ ဂျာနယ် အတွဲ ၅၀* အမှတ် ၄ (၂၀၁၂) စာ - ၁၀၆၂။

နိုင်ငံသားများအနေဖြင့် အမျိုးသမီးခေါင်းဆောင်များအပေါ် ကျေနပ်မှုနည်းပါးကြောင်းတွေ့ရသည်။ [83]

အမျိုးသားခေါင်းဆောင်မှုနှင့် အခွင့်အာဏာကို လိုလားမှုက ခေါင်းဆောင်ပိုင်းနေရာရှိ အမျိုးသား၊ အမျိုးသမီး အရေအတွက်ကိုသာမက ၄င်းတို့ပါဝင်မှုအရည်အသွေးပေါ်ပါ သက်ရောက်မှုရှိသည်။ လူထုစည်းဝေးပွဲသို့ တက်ရောက်သောအမျိုးသမီးများမှာ ဖွင့်ဟထုတ်ဖော်မှုနည်းပါးပြီး ထုတ်ဖော်ပြောဆိုပါကလည်း ၄င်းတို့၏အမြင်များကို အလေးပေးမှုနည်းပါးသည်။ မြန်မာနိုင်ငံရှိအမျိုးသမီးများအနေဖြင့် လူထုဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးရန် ယုံကြည်မှု နည်းပါးပြီး ယင်းနည်းပါးမှုကပင် မူဝါဒချမှတ်ခြင်းတွင် ၄င်းတို့ပါဝင်မှုအရည်သွေးကို ကန့်သတ်နေသည့်အတားအဆီးများအနက်မှ တစ်ခုဖြစ်သည်။ [84]ယုံကြည်မှုနည်းပါးခြင်းက အမျိုးသမီးများလူထုတွေ့ဆုံပွဲတွင်ပါဝင်မှုအတွေ့အကြုံနည်းပါးခြင်း၏ အရင်းခံ တစိတ်တပိုင်းဖြစ်သော်လည်း အဓိကအကြောင်းရင်းမှာ ခေါင်းဆောင်မှုနှင့် လူထုရေးရာ အသိသုတကို ကျားဆန်ခြင်းနှင့်လည်းကောင်း နိမ့်ချခြင်းနှင့်ယဉ်ကျေးဖွယ်ရာ[85]ပြုမူခြင်းကို မိန်းမဆန်ခြင်းနှင့်လည်းကောင်း တွဲဖက်မြင်လေ့ရှိသည့် ရိုးရာအစဉ်လာကြောင့်ဖြစ်သည်။

## ၂.၃.၃) နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် မိသားစုဝင်များ ပါဝင်မှု

ဒေါ်အောင်ဆန်းစုကြည်၏ နောက်ခံမှာ တမူထူးခြားသည့်အတွက် အမျိုးသမီးခေါင်းဆောင်မှုကို ဆန့်ကျင်မှု အပါအဝင် မြန်မာနိုင်ငံရှိ အမျိုးသမီးအများစုကြုံတွေ့ရသော အတားအဆီးများနှင့် ကွေကွင်းသွားသည်။ မြန်မာနိုင်ငံရှိ လူအများက သူမ၏ဖခင်အပေါ် တန်ဖိုးထားလေးစားမှုက ဒေါ်အောင်ဆန်းစုကြည်ထင်ပေါ်ကျော်ကြားမှုလာမှုအတွက် အထောက်အကူဖြစ်စေခဲ့ပြီး သူမနှင့် NLD ကလည်း ဖခင် နှင့် သမီး သွေးသားဆက်နွယ်မှုကို ထပ်တလဲလဲ ပြောကြားခဲ့သည်။ သူမ၏ ၁၉၈၈ ခုနှစ် ပထမဆုံးအကြိမ်နိုင်ငံရေးဟောပြောပွဲတွင် "ဖေဖေ့သမီးအနေနှင့် ခုဖြစ်နေတာတွေကို ဘာမှမဖြစ်သလို နေလို့မရတော့ပါဘူး။ တကယ်တော့ ခုဖြစ်နေတဲ့အရေးအခင်းဟာ ဒုတိယမြောက်လွတ်လပ်ရေး ကြိုးပမ်းမှုလို့ ပြောလို့ရပါတယ်" [86]ဟု လူထုကို ပြောကြားခဲ့သည်။ NLD က ယခုအချိန်ထိ ဖခင်သမီး ဆက်နွယ်မှုကို အလေးပေးပြောကြားနေဆဲဖြစ်ပြီး ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲအတွက် NLD ရွေးကောက်ပွဲနိုးဆော်ရေးလှုပ်ရှားမှု ပိုစတာများတွင် ဖခင်နှင့်သမီးဓါတ်ပုံကို ဘေးချင်းယှဉ်ထားခဲ့သည်။ အခြားအရှေ့တောင်နှင့်တောင်အာရှနိုင်ငံများတွင်လည်း လူကြိုက်နည်းသော၊ အမျိုးသားခေါင်းဆောင်သည့် အာဏာရှင်များ ပြုပြင်ပြောင်းလဲရေးအတွက် ဖိအားပေးခံနေရချိန်၌ အမျိုးသားခေါင်းဆောင် "သူရဲကောင်း" များ၏ သမီးနှင့် ဇနီးများက နိုင်ငံရေးခေါင်းဆောင်နေရာကို ရယူလေ့ရှိကြသည်။ ယင်းအချိန်များတွင် အာဏာရှင်ဆန်သော၊ ခြစားသော၊ အမျိုးသားခေါင်းဆောင်သည့် အာဏာရှင်များထက် ကိုယ်ကျင့်တရားကောင်းမွန်မှုကို အတွေ့ အကြုံနည်းပါးမှုနှင့် အမျိုးသမီးဖြစ်ခြင်း ဆိုသည့်အချက်ကို အကျိုးရှိအောင် အသုံးချနိုင်ခဲ့ကြသည်။[87]

ဒေါ်အောင်ဆန်းစုကြည်၏ ဖြစ်ရပ်အပြင် မကြာသေးမီက ပြုလုပ်ခဲ့သော UNDP ၏ မြန်မာနိုင်ငံရှိ အမျိုးသမီးအုပ်ချုပ်ရေးမှူး လေ့လာမှုအရ ဖခင် (သို့) မိသားစုဝင် တစ်ဦးဦးက အုပ်ချုပ်ရေးခေါင်းဆောင်နေရာများတွင်ရှိလျှင် မေးမြန်းခံရသူကိုယ်တိုင်လည်း ပါဝင်ရန် အလားအလာပိုရှိသည်။ ဖြေဆိုသူ အမျိုးသမီးအုပ်ချုပ်ရေးမှူး ၁၅ ဦးအနက် ၉ ဦးတွင် မြို့နယ် (သို့) ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့တွင် လုပ်ကိုင်သော ဖခင် (သို့) ဆွေမျိုးရင်းချာရှိသည်။ အုပ်ချုပ်ရေး ခေါင်းဆောင်မှုအတွေ့အကြုံရှိ မိသားစုအရင်းအချာတစ်ဦးဦးရှိနေခြင်းက မြန်မာအမျိုးသားများ ခေါင်းဆောင်နေရာ ရရှိရန်အတွက်လည်း အထောက်အကူဖြစ်စေသည်သာ ဖြစ်သည်။ [88]သို့သော် အမျိုးသား နှင့်အမျိုးသမီးများအတွက် ယင်းအချက်၏ ဆက်စပ်အရေးပါပုံကို ဆန်းစစ်လေ့လာရန်အချက်အလက်များ မရှိသေးပါ။

## ၂.၃.၄) စံပြပုဂ္ဂိုလ်များ

အမျိုးသမီးများခေါင်းဆောင်နေရာရယူခြင်းက အခြားအမျိုးသမီးများပါဝင်မှုအပြောင်းအလဲပေါ် ကြီးကြီးမားမားသက်ရောက်မှုရှိသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ရန် အမျိုးသမီးများကိုယ်တိုင်က တမင်ကြံရွယ်လုပ်ဆောင်ခြင်းကြောင့် ဖြစ်သလို "စံပြပုဂ္ဂိုလ်" အကျိုးသက်ရောက်မှုကြောင့်လည်းဖြစ်[89]သည်။ ကဲရ်မြန်မာက လုပ်ငန်းလုပ်ဆောင်နေသည့် ကယားပြည်နယ်[90]၌

---

[83] Beaman and others ၏ "ထက်မြက်သောအမျိုးသမီးများ" စာ ၁၅၁၄-၂၁။ Duflo ၏ "နိုင်ငံရေးလျာထားမှု ဘာကြောင့်လုပ်ရလဲ?"စာ ၆၇၄။

[84] Minoletti ၏ ကျား၊ မ လူမှုရေးရာနှင့် စပ်လျဉ်းသော ဘဏ္ဍာရေးဆွဲခြင်း။ Minoletti ၏ တိုင်း/ ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ ၂၈-၃၀။

[85] Gender Equality Network ၏ ခန်းဆီးကာ လှစ်ကြည့်ခြင်း စာ ၂၇-၄၁။ Löfving၊ စာ ၁၀ နှင့် ၆၂။

[86] Bertil Lintner ၏ အောင်ဆန်းစုကြည်နှင့် ဗမာပြည် ဒီမိုကရေစီကြိုးပမ်းလှုပ်ရှားမှု (ချင်းမိုင်၊ Silkworm Books၊ ၂၀၁၁): စာ ၁-၂။ ဆိုလိုသည်မှာ လုပ်ကြံသတ်ဖြတ်ခံရ (သို့) ထောင်သွင်းအကျဉ်းချခံရခြင်း။

[87] Harriden, 211-3.

[88] Röell, 22.

[89] ဥပမာ၊ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် အမျိုးသမီးကိုယ်စားပြုမှု အနိမ့်ဆုံးအဆင့် သတ်မှတ်ပေးမည့် မူဝါဒများ မိတ်ဆက်ပေးခြင်း။ Minoletti ၏ တိုင်း/ ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ ၃၂ နှင့် ၃၄။

[t] ၂၀၁၅ ဒီဇင်ဘာလတွင် ကဲရ်မြန်မာမှ ပြည်တွင်းအကြံပေး (ဂျန်ဒါ) နီလာထွန်းနှင့် ကွင်းဆင်းမေးမြန်းမှု။

ဒေသခံ အုပ်ချုပ်ရေးရာထူးနေရာများတွင် အမျိုးသမီးများ ဝင်ရောက်နေရာယူခြင်းကြောင့် အလားတူလုပ်ဆောင်လိုသည့် အခြား အမျိုးသမီးများအတွက် ယုံကြည်မှုပိုစေသည့်အကြောင်းကို ကဲရ်မြန်မာမှ ပြည်တွင်းပညာရပ်ပိုင်းဆိုင်ရာအကြံပေး (ဂျန်ဒါ) နီလာထွန်း က ပြောကြားသည်။ ခေါင်းဆောင်ပိုင်းရာထူးနေရာများတွင် ကျား၊ မ တန်း တူညီမျှကိုယ်စားပြုမှုက လူထုဆွေးနွေးပွဲသို့ ဝင်ရောက်ပံ့ပိုး ပေးနိုင်စွမ်းရှိသည်ဟု နိုင်ငံသူနိုင်ငံသားအားလုံး ခံစားရစေမည့် အလားအလာပိုရှိသည်။ တောင်အာရှရှိ ဒေသခံအုပ်ချုပ်ရေးဌာနများ အားပြုလုပ်သည့် သုတေသနအရ ကျေးရွာအစုအဖွဲ့ပိုင်သစ်တော အမှုဆောင်ကော်မတီတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှု မြင့်တက် လေ အစည်းအဝေးများ၌ အမျိုးသမီးများ ထုတ်ဖော်ပြောဆိုနိုင်ခြေ ပိုများလေဖြစ်ပြီး ကျေးရွာဥက္ကဋ္ဌက အမျိုးသမီးဖြစ်လျှင်လည်း ယင်းကဲ့သို့ပင်ဖြစ်သည်။[91]အိန္ဒိယရှိဒေသခံအုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှုမြင့်တင်ခြင်းကြောင့် အမျိုးသမီးများအနေဖြင့် ၎င်းတို့အပေါ် ကျူးလွန်သည့် မှုခင်းများကို ပို၍လိုလိုလားလား တိုင်ကြားလိုစိတ်ရှိစေကြောင်း တွေ့ရသည်။ [92]

## ၂.၃.၅) ခရီးသွားလာမှုအား ထိန်းချုပ်ကန့်သတ်ခြင်းများ

အချိန်အခက်အခဲ၊ ရိုးရာအစဉ်လာနှင့် ကျား၊ မကွဲပြားမှုပေါ် အခွင့်ကောင်းယူ အကြမ်းဖက်မှုအားလုံးတို့ကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားများထက် အမျိုးသမီးများက သွားလာလှုပ်ရှားမှု ကန့်သတ်ခံရပြီး ကျား၊ မ တန်းတူညီမျှ မရှိသော ပါဝင်မှု၏ နောက်ထပ် အချက်တစ်ချက်ဖြစ်သည်။ [93]အိမ်ပလူမှုရေးရာကူးလူးဆက်နွယ်ရန် အခွင့်အလမ်းနှင့်အတူ အမျိုးသမီးများ သွားလာလှုပ်ရှားနိုင်မှု လတ်တလောနှစ်များအတွင်း တိုးတက်လာခဲ့သော်လည်း ကျားဖြစ်ခြင်း မဖြစ်ခြင်းပေါ်မူတည်၍ သိသိသာသာကွာခြားမှု ကျန်ရှိနေဆဲ ဖြစ်သည့်အပြင် အပြောင်းအလဲ မည်မျှ ပေါ်ပေါက်ခဲ့သည်နှင့် ပတ်သက်ပြီး ရပ်ရွာအသိုက်အဝန်းများအကြား ကွဲပြားမှုအမျိုးမျိုးရှိနေ သည်။ [94]ပဋိပက္ခဖြစ်ပွါးရာဒေသများတွင် ကျား၊ မ ကွဲပြားမှုပေါ် အခွင့်ကောင်းယူ အကြမ်းဖက်မှု (အခြားအကြမ်းဖက်မှုပုံစံများလည်းရှိ) ဖြစ်ပွါးမှုနှုန်းမြင့်ပြီး ခရီးသွားလာမှုမှာလည်း ထိန်းချုပ်ကန့်သတ်မှုများရှိသည်။ [95]အိမ်နှင့်ဝေးရာတွင်ရှိသော အမျိုးသမီးများအတွက် လုံခြုံရေးကို စိုးရိမ်မှုမှာ မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော်လည်း နေရာဒေသများစွာတွင် အမှန်တကယ်ရှိသော အန္တရာယ်ထက် ကြောက်ရွံ့မှုက ပိုများကြောင်း ဇာတ်လမ်းအထောက်အထားများက ဖော်ပြလျက်ရှိသည်။ ထင်မြင်ယူဆချက်က တကယ့်အဖြစ်မှန်နှင့် မည်မျှသွေဖည်သည်ကို စိစစ်ဆုံးဖြတ်နိုင်ရန် မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် ကျူးလွန်သည့် မှုခင်းဖြစ်ပွါးမှုနှင့် ပတ်သက်သည့် ပိုကောင်းသောအချက်အလက်များ လိုအပ်သည်။

## ၂.၃.၆) ပညာရေး၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအတတ်

ကျား၊ မတန်းတူညီမျှပါဝင်မှုအတွက် အမျိုးသားနှင့် အမျိုးသမီးအကြား ပညာရေးအဆင့်ကွာခြားမှုက အဓိကအချက်ဖြစ်သည့်ပုံ မပေါ် ပါ။ မြန်မာနိုင်ငံတွင် အစဉ်အလာသဖြင့် အမျိုးသမီးများထက် အမျိုးသားများက ပညာပိုတတ်ခြေရှိခဲ့ပြီး အားလုံးခြုံကြည့်လျှင် အမျိုးသားပညာတတ်ဦးရေက ပိုများနေဆဲ (၉၅.၆% နှင့် ၈၉.၃%) [96]ဖြစ်သော်လည်း စာသင်ခန်းတွင်းပညာကို အမျိုးသားများသာ သင်စေလိုသောဘက်လိုက်မှု အနည်းဆုံး ဆယ်စုနှစ်တော်တော်များများအတွင်း မရှိတော့ပါ။ ၁၉၉၀ အချက်အလက်အရ ကောလိပ်/ တက္ကသိုလ်ပညာရေးကို အမျိုးသမီးများက ရယူနိုင်ခြေပိုရှိနေပြီဖြစ်ကြောင်း သိရသည်။[97]မျိုးဆက်သစ်များတွင် အဆင့်မြင့်ပညာရေးကို အမျိုးသမီးများက ပိုပြီးဆုံးအောင်မြင်ကြောင်းတွေ့ရသည်။ လတ်တလောအချက်အလက်များအရ အမျိုးသမီး ၃၄.၂% နှင့် အမျိုးသား ၂၅.၇%အထက်တန်းကျောင်းပညာရေးပြီးဆုံးသည်ကိုတွေ့ရသည်။မြန်မာနိုင်ငံရှိဘွဲ့ ကြိုကျောင်းသား၆၅.၂%၊ဘွဲ့လွန်ကျောင်းသား ၈၀.၅% နှင့် ဒေါက်တာဘွဲ့ယူကျောင်းသား ၈၀.၈% မှာ အမျိုးသမီးများဖြစ်ကြသည်။[98]

ဆုံးဖြတ်ချက်ချသည့်နေရာများတွင် အမျိုးသမီးများပါဝင်မှု နည်းပါးခြင်းအတွက် စာသင်ခန်းအတွင်းပညာရေးသင်ယူခွင့်က အရေးပါ

---

[91] Bina Agarwal ၏ "အမျိုးသမီးများ၏ အချိုးကျအင်အားက ၎င်းတို့ပါဝင်မှုအပေါ် သက်ရောက်စေသလား? တောင်အာရှသစ်တောများအား စီမံ ကွပ်ကဲခြင်း" *ကမ္ဘာ့တိုးတက်မှု အတွဲ ၃၈ အမှတ် ၁ (၂၀၁၀)၊ စာ ၁၀၇။* Beaman, L., E. Duflo၊ R. Pande နှင့် P. Topalova တို့၏ ၂၀၁၀ "နိုင်ငံရေး လျာထားခြင်းနှင့် အရေးပါသောကိုယ်စားပြုမှု - အိန္ဒိယကျေးရွာကောင်စီများမှ သက်သေများ" ၂၀၁၀ အိန္ဒိယမူဝါဒရေးရာဖိုရမ်တွင် တင်ပြသောစာတမ်း။ နယူးဒေလီ - အသုံးချစီးပွါးရေးသုတေသန နိုင်ငံတော်ကောင်စီ စာ ၁၀-၁၂။

[92] Lakshmi Iyer and others ၏ "နိုင်ငံရေးစကားသံများ၏ ပါဝါ - အမျိုးသမီးများ နိုင်ငံရေးတွင် ကိုယ်စားပြုမှုနှင့် အိန္ဒိယရှိ ပြစ်မှုမှုခင်းများ" အမေရိကန်စီးပွါးရေးဂျာနယ် - အသုံးချစီးပွါးရေး အတွဲ ၄ အမှတ် ၄ (၂၀၁၂) စာ ၁၇၅-၈၅။

[93] Minoletti ၏ တိုင်း/ ပြည်နယ်အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ ၂၈။ Röell, 34.

[94] Equality Network ၏ ခန်းဆီးကာ လှစ်ကြည့်ခြင်း စာ - ၆၅

[95] Minoletti ၏ တိုင်း/ ပြည်နယ် အုပ်ချုပ်မှုရေးရာတွင် အမျိုးသမီးများပါဝင်ခြင်း၊ စာ ၂၈။

[96] အမျိုးသားစီမံကိန်းနှင့် စီးပွါးရေးဖွံ့ ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (MNPED) နှင့် UNDP ၏ အဆင့်မြင့် အိမ်ထောင်စု လူမှုဘဝအခြေအနေ စစ်တမ်း *(၂၀၀၉-၂၀၁၀)။ ဆင်းရဲနွမ်းပါးမှု ပရိုဖိုင်။* (ရန်ကုန်၊ MNPED၊ ၂၀၁၁ ဇွန်) စာ ၉၀။

[97] Röell, စာ ၂၄။

[98] UNESCO, *Comprehensive Education Sector Review: Higher Education in Myanmar* (Yangon: UNESCO, 2013): 13.

သည့်ပုံ မရသော်လည်း ၄င်းနေရာများနှင့် ဆီလျော်သည့်ကျွမ်းကျင်မှုအတတ်နှင့် အတွေ့အကြုံရယူနိုင်သည့်အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဖယ်ကြဉ်ခံရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ အစိုးရမဟုတ်သောအဖွဲ့များတွင် လုပ်ကိုင်ခြင်းသည် အမျိုးသမီးများအတွက် ယင်းကျွမ်းကျင်မှုအတတ်ရယူရန် နည်းလမ်းတစ်ခုဖြစ်သည်။ ဆုံးဖြတ်ချက်ချနိုင်သည့်ရာထူးနေရာများတွင် အမျိုးသမီးပါဝင်နိုင်မှုမြင့်တက်လာလျှင် အတွေ့အကြုံနှင့် စာသင်ခန်းပြင်ပပညာရေး ရယူရာတွင် ကျား၊ မအခွင့်အရေးကွာဟမှု လျော့ကျသွားမည်။[99] သို့သော် ယင်းကဲ့သို့ပြောင်းလဲမှုမှာ ကြန့်ကြာမှုများရှိနိုင်သည့်အတွက် လက်ရှိနှင့် အလားအလာရှိအမျိုးသမီးခေါင်းဆောင်များအား ခေါင်းဆောင်မှုနှင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာများ သင်တန်းပေးခြင်းဖြင့် မြန်ဆန်အောင် ဆောင်ရွက်နိုင်မည်။ (အခန်း ၃.၂.၄ ကို ရှု။)

## ၂.၃.၇) စနစ်

အမျိုးသမီး၊ အမျိုးသားများ ပါဝင်နိုင်စွမ်းကို ပုံဖော်ပေးရာတွင် စနစ်က အရေးပါသည်။ ဥပမာအားဖြင့် အချိုးကျကိုယ်စားပြုသူစနစ် (ပီအာစနစ်) ရှိသောနိုင်ငံများထက် မဲများသူအနိုင်ရစနစ်ရှိသော နိုင်ငံများရှိ အမျိုးသမီးများမှာ အမတ်လောင်းအဖြစ် ထိုမှတဆင့် အမတ်အဖြစ် ရွေးချယ်ခံရနိုင်ခြေနည်းပါးသည်ကို နိုင်ငံပေါင်းစုံ လေ့လာမှုတစ်ရပ်က ဖော်ပြသည်။ [100]မြန်မာနိုင်ငံရှိ ပြည်ထောင်စုနှင့် တိုင်း/ပြည်နယ်လွှတ်တော်များအတွက် ရှိနှင့်ပြီး ရွေးကောက်ပွဲစနစ်က အမျိုးသမီးများ ရွေးကောက်ပွဲရုံးသို့ လက်လှမ်းမီနိုင်မှုကို ကန့်သတ်မှု ဖြစ်စေနိုင်ခြေရှိသည်။

## ၂.၃.၈) အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့များ၏ တမင်ကြံရွယ်လုပ်ဆောင်ချက်များ

စီးပွါးရေးနှင့်လူမှုရေးအပြောင်းအလဲအတွက် ကြိုးပမ်းနေသော အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့များ၏ ဆောင်ရွက်ချက်များက အုပ်ချုပ်မှုရေးရာတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှုအပေါ် ကြီးမားသောသက်ရောက်မှုရှိသည်။ ယင်းအဖွဲ့များအတွက် ကျား၊ မ တန်းတူညီမျှမှုက အဓိကရည်မှန်းချက်မဟုတ်သည့်တိုင်အောင် တိုးတက်ပြောင်းလဲမှုများ ရရှိသည်။ ပြောင်းလဲမှုကို မြှင့်တင် (သို့) နှောင့်နှေးစေရာတွင်ပါဝင်သော ယင်းအဖွဲ့များ၏ အခန်းကဏ္ဍကို အခန်း ၃ တွင် ထပ်မံဆွေးနွေးထားသည်။

[99] UNESCO, *Comprehensive Education Sector Review: Higher Education in Myanmar* (Yangon: UNESCO, 2013): 13.

[100] Franceschet၊ Krook နှင့် Piscopo စာ ၇။

# ၃။ မြန်မာနိုင်ငံ အုပ်ချုပ်မှုရေးရာတွင် ကျား၊ မတန်းတူညီမျှမှု မြှင့်တင်ရေးအတွက် နည်းနာများ

## ၃.၁) လက်ရှိနှင့် မကြာသေးမီက ကြိုးပမ်းမှုများ

### ၃.၁.၁) မြန်မာနိုင်ငံအစိုးရ

အမျိုးသမီးများဘဝမြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (NSPAW) ၂၀၁၃-၂၀၂၂ ကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး "လူ့အဖွဲ့အစည်းတွင်း အဆင့်တိုင်း၏ ဦးဆောင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နေရာများတွင် အမျိုးသမီးများ တန်းတူညီမျှပါဝင်ခွင့် ရရှိရေးအတွက် စနစ်၊ ဖွဲ့စည်းပုံ၊ ဆောင်ရွက်မှု[101]" မြှင့်တင်ရေးအတွက် တောင်းဆိုသည်။ ယင်းရည်မှန်းချက်အောင်မြင်ရေးအတွက် နည်းလမ်းအမျိုးမျိုးကို အကြံပြုထားရာတွင် "ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဌာနများရှိ ဆုံးဖြတ်ချက်ချပိုင်ခွင့်နေရာများတွင် အမျိုးသမီးများပါဝင်မှု သေချာစေရေး" [102]ကို အကောင်အထည်ဖော်ရေး ပါဝင်သည်။ NSPAW သည် "နိုင်ငံတဝှမ်းတွင် အမျိုးသမီးများ အခွင့်အရေးကို ကာကွယ်မြှင့်တင်ရေး နိုင်ငံအစိုးရ၏ ကတိကဝတ်ပြုမှု"[103] ဖြစ်သော်လည်း တရားဥပဒေဖြင့်ချုပ်နှောင်ထားခြင်းမရှိသော ကတိကဝတ်ဖြစ်ရာ ၂၀၁၁-၂၀၁၅ အစိုးရသက်တမ်းတွင် ခြွင်းချက်အချို့မှလွဲလျှင် ကျား၊ မ အချိုးညီ ပါဝင်မှုမြှင့်တင်ရေးအတွက် အနည်းငယ်သာ ဆောင်ရွက်ခဲ့သည်။

လျှစ်လျူရှုထားသည်ဟုအကြမ်းဖျဉ်းဤသို့ဆိုနိုင်သော်လည်းခြွင်းချက်တစ်ခုမှာအမျိုးသားလူထုခေါင်းဆောင်သော ဖွံ့ ဖြိုးမှုစီမံချက်ကို ၂၀၁၃ ခုနှစ်တွင် မြို့နယ် ၃ ခုတွင်စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် ၂၇ မြို့နယ်ထိ [104]တိုးချဲ့သွား ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ UNDP မှ ပံ့ပိုးပေးသော ဤစီမံချက်မှာ ကျေးရွာမှ နွမ်းပါးသောရပ်ရွာလူထုအတွက် ရည်ရွယ်ထားပြီး အခြေခံအဆောက်အဦများအား လူထုလက်လှမ်းမှီနိုင်ရန် ဒေသအလိုက်ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံသားများပါဝင်မှုကိုမြှင့်တင်ရန် စီစဉ်ထားသည်။ ဤစီမံချက်အတွက် ဖွဲ့စည်းသော ကျေးရွာအုပ်စုကော်မတီများ တွင် အမျိုးသားနှင့် အမျိုးသမီး ၅၀% စီထည့်သွင်းရန် သတ်မှတ်ပေးရေးအတွက် ကျေးလက်ဒေသ ဖွံ့ ဖြိုးတိုးတက်ရေးဌာနကို တိုက်တွန်းစည်းရုံးနိုင်ခဲ့သည်။ အဆိုပါကော်မတီများမှာ မည်သည့်အခြေခံ အဆောက်အဦကို ရံပုံငွေဖြည့်မည် ဆိုသည်နှင့်စပ်လျဥ်းပြီး ဆုံးဖြတ်ချက်ချမည့် အဓိကအဖွဲ့များဖြစ်သည်။ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်နိုင်စေရေး ယုံကြည်ချက်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးသင်တန်းများ အမျိုးသမီးကော်မတီဝင်များအတွက် ပံ့ပိုးပေးရန်လည်း စီမံချက်ဒီဇိုင်းတွင်ပါဝင်သည်။ စီမံချက်အတွက်ရွေးချယ်ထားသောမြို့နယ်များမှ ကျေးရွာအုပ်စုတိုင်းသည် စီမံချက် ကာလ ၄ နှစ်တာအတွင်း ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၃၂၀၀၀ ရရှိမည်ဖြစ်ရာ ယင်းကဲ့သို့အောက်ခြေအဆင့်တွင် များပြားသောရံပုံငွေကို စီမံကိုင်တွယ်ရမည့် ဌာနတွင်း ကျား၊ မ တန်းတူညီမျှပါဝင်မှုကို မြှင့်တင်နေခြင်းဖြစ်သည်။ [105]

အုပ်ချုပ်ရေးတွင် ကျား၊ မ တန်းတူညီမျှပါဝင်မှုကို မြှင့်တင်ရန် အစိုးရသစ်က မည်သို့လုပ်ဆောင်မည်ကို သိရန်စောသေးသော်လည်း NLD ၏ ကြေညာစာတမ်းတွင် ဤအရေးကိစ္စနှင့်ပတ်သက်ပြီး ရေးဆွဲထားသော မူဝါဒနှင့် စပ်လျဥ်း၍ အလျဥ်းဖော်ပြခြင်းမရှိပါ။ [106]သို့သော် ကြေညာစာတမ်းတွင် အမျိုးသမီးများ၏အရေးကိစ္စနှင့်ပတ်သက်ပြီး တစ်မျက်နှာပါရှိကာ အောက်ပါအချက်များ ပါဝင်သည် - (၁) စီးပွါးရေးလုပ်ငန်း၊ အစိုးရနှင့် လူမှုရေးရာများတွင် ကျား၊ မ တန်းတူညီမျှမှု ရှိစေရေးအတွက် ပြဌာန်းထားသည့် တရားဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး၊ (၂) အမျိုးသမီးများခံစားနေရသည့် မတရားဆက်ဆံခံရမှု၊ မလုံခြုံမှု၊ အကြမ်းဖက်မှုနှင့် အခြားဖိနှိပ် အနိုင်ကျင့်ခံရမှုများ အဆုံးသတ်ရေး၊ (၃) မြေယာပိုင်ဆိုင်ခွင့် မျှမျှတတဖြစ်ရေး၊ (၄) လုပ်ငန်းခွင်တွင် လစာနှင့် ရာထူးတိုးမြှင့်မှု တန်းတူညီမျှဖြစ်ရေး၊ (၅) ကျား၊ မ တန်းတူညီမျှ ပညာသင်ကြားခွင့်ရရေး၊ (၆) မီးဖွားခွင့်၊ မီးမဖွားမီနှင့် မီးဖွားပြီး စောင့်ရှောက်မှုလက်လှမ်းမှီစေရေး။ ပါတီတွင်း ကျား၊ မတန်းတူညီမျှပါဝင်ခွင့်ရရေးအတွက် NLD က USDP ထက်ပိုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ဗဟိုအမှုဆောင်ကော်မတီတွင် အမျိုးသမီးအဖွဲ့ဝင်ရာခိုင်နှုန်း မြင့်မားရေး၊ အရည်အချင်းတူညီပါက အမျိုးသမီး၊ တိုင်းရင်းသားလူမျိုးလူနည်းစုများနှင့် လူငယ်လူရွယ်များအား လွှတ်တော်အမတ်လောင်းအဖြစ် ဦးစားပေးမည့် မူဝါဒကို ၂၀၁၃ ခုနှစ်တွင် ကျင့်သုံးခဲ့ခြင်းတို့ ပါဝင်သည်။

---

[101] မြန်မာအမျိုးသမီးရေးရာနိုင်ငံတော်ကော်မတီ (MNCWA) ၏ "အမျိုးသမီးများဘဝ တိုးတက်မြင့်မားရေး နိုင်ငံတော်အဆင့် နည်းဗျူဟာအစီအစဉ် ၂၀၁၃-၂၀၀၂ (နေပြည်တော်၊ MNCWA၊ ၂၀၁၃) စာ ၂၁။

[102] မြန်မာအမျိုးသမီးရေးရာနိုင်ငံတော်ကော်မတီ စာ ၂၃။

[103] မြန်မာအမျိုးသမီးရေးရာနိုင်ငံတော်ကော်မတီ စာ ၁။

[104] N.b. ၂၀၁၉ တွင် ၆၃ မြို့နယ်သို့ ချဲ့ထွင်သွားရန်စီစဉ်နေသည်။ Bart Robertson၊ Cindy Joelene နှင့် Lauren Dunn တို့၏ မြန်မာဒေသ ဖွံ့ ဖြိုးတိုးတက်ရေး ရံပုံငွေများ - ကနဦးသုံးသပ်လေ့လာချက် (MDRI-CESD နှင့် The Asia Foundation၊ ၂၀၁၅) စာ ၄-၅။

[105] ကမ္ဘာ့ဘဏ်၊ မြန်မာ၏ နိုင်ငံတော်အဆင့် လူထုဦးဆောင်သော ဖွံ့ ဖြိုးတိုးတက်ရေးစီမံကိန်း - ထပ်တိုးဘဏ္ဍာဖြည့်တင်းခြင်း (ဝါရှင်တန်၊ ကမ္ဘာ့ဘဏ်၊ ၂၀၁၅) စာ ၄-၁၉။ ကမ္ဘာ့ဘဏ်ဝန်ထမ်းများနှင့် စာပေးစာယူဆက်သွယ်မှု။

[106] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၏ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်း - အခွင့်ရဘာသာပြန်ဆိုမှု (၂၀၁၅) စာ ၂၂။

ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏နိုင်ငံရေးသက်တမ်း ကနဦးကာလတွင် အမျိုးသမီးအခွင့်အရေးအတွက်[107] ဝံ့ဝံ့ရဲရဲ ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ဘဲ ယင်းအစား စစ်အုပ်ချုပ်ရေးအောက်တွင် အမျိုးသမီးရောအမျိုးသားပါ အတူတကွ ခံစားရမှုများကိုသာ အလေးထားပြောဆိုရန် လိုလားခဲ့သည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ အမျိုးသမီးအခွင့်အရေးအတွက် လုပ်ဆောင်ရန်လိုအပ်မှုကို ပို၍ပို၍ပြောကြားလာခဲ့သည်။လွှတ်တော်အချိုးကျခွဲဝေမှုနှင့်ပတ်သက်ပြီး သူမ၏ပြိုင်ဘက်ပါတီကိုလူသိရှင်ကြားကန့်ကွက်ခဲ့သော်လည်း သူမ၏ပါတီက ကျား၊ မတန်းတူညီမျှပါဝင်ခွင့်ရှိရေး မြှင့်တင်ရန်ကြိုးပမ်းမှုကို ယခင်အစိုးရထက် ပိုပံ့ပိုးမည်ဟု မျှော်လင့်ရပါသည်။

## ၃.၁.၂) နိုင်ငံရေး ပါတီများ

ယခင်ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီအချို့သည် အနည်းဆုံး အမျိုးသမီးကိုယ်စားလှယ်များမှ မိမိသဘောအလျောက် ပါဝင်စေရန် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် အမျိုးသား ဒီမိုခရက်တစ် အင်အားစု (National Democratic Force) သာလျှင် ၄င်း၏ ရည်မှန်းချက်များကို ရရှိခဲ့ပြီး ပါတီအများစု၏ အမြင်များမှာ အချိုးကျပါဝင်ရန် သတ်မှတ်ချက် (mandatory quota)[108]နှင့် ဆန့်ကျင်နေကြောင်းတွေ့ရှိရသည်။

ရှမ်းအမျိုးသား ဒီမိုခရက်တစ်ပါတီ (SNLD) သည် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုအတွက် မည့်သည့်မူဝါဒများကိုမှ မကျင့်သုံးထားပါ။ သို့ရာတွင် ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းစဉ်က ပါတီ၏အထွေထွေအတွင်းရေးမှူးဖြစ်သော ဦးစိုင်းညွန့်လွင်မှ ပါတီအားလုံးအတွက် ကျား၊ မ အပါဝင်မှု မျှတစေရန် အရေးအတွက်သတ်မှတ်ချက် ထားရှိမည်ဆိုပါက ၄င်းအနေဖြင့် ဆန့်ကျင်မည် မဟုတ်ကြောင်း ပြောဆိုခဲ့သည်[109]။ SNLD သည် အမျိုးသမီး ပါတီအဖွဲ့ဝင်များအား "ဖန်တီးအိမ်" နှင့် မြန်မာနိုင်ငံ၏အမျိုးသမီးအသင်း အဖွဲ့အစည်းများမှတဆင့် နိုင်ငံရေးဆိုင်ရာ သင်တန်းအခွင့်အရေးများကို ပံ့ပိုးပေးနေသော သက်ဝင်လှုပ်ရှားနေသည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ SNLD ၏ အမျိုးသမီးလွှတ်တော် အဖွဲ့ဝင်အရေအတွက် (၁၆.၇ ရာခိုင်နှုန်း)မှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် နေရာ (၅) နေရာ (သို့) အထက် ပိုအနိုင်ရရှိခဲ့သော အခြားသောပါတီများထက် [110]သာလွန်သည်။ ဦးစိုင်းညွန့်အောင်သည် သူ၏ပါတီတွင် ဆုံးဖြတ်ချက်ချမှတ်ရေးကဏ္ဍနှင့် အဖွဲ့ဝင်များတွင် အမျိုးသားအရေအတွက် ကြီးစိုးနေသော်လည်း ၄င်းပါတီ၏ မြို့နယ်ကော်မတီအားလုံးတွင် အနည်းဆုံး အမျိုးသမီးတစ်ဦးပါဝင်ကြောင်းကို အလေးထားပြောကြားခဲ့သည်။ [111]

ရခိုင်အမျိုးသားပါတီ (ANP) တွင် အမျိုးသမီးများ နှင့် လူငယ်များပါဝင်မှုသည် အရေးကြီးကြောင်း ဖော်ပြထားသည့် မူဝါဒရှိသည်။ သို့ရာတွင်ဤအစီရင်ခံစာအတွက်ပြုလုပ်ခဲ့သောလူတွေ့မေးမြန်းမှုတွင်ယင်းကိစ္စနှင့်စပ်လျဉ်း၍ပါတီမှ လက်တွေ့ကိုင်တွယ်ဆောင်ရွက်မှု မရှိကြောင်း တွေ့ရှိရသည်။ ဗဟိုအမှုဆောင်ကော်မတီ (CEC)တွင် အမျိုးသားအရေအတွက် ကြီးစိုးနေသည့်အပြင် ယင်းဌာနတွင် လူငယ်များ၏ ပြောဆိုနိုင်ခွင့်/ အသံများကို ကိုယ်စားပြုပါဝင်မှုပါလည်း နည်းပါးနေပြီး အသက် (၃၉) နှစ်အရွယ် အမျိုးသားလူငယ်တစ်ဦးသာ ပါဝင်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ရခိုင်အမျိုးသားပါတီ (ANP) နှင့် လူတွေ့မေးမြန်းချက်များတွင် ယင်းတို့၏ ပါတီအဖွဲ့ဝင်များသည်အမျိုးသမီးများပါဝင်လာမှုမြင့်တက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်လုပ်ငန်းအဖြစ်မတွေ့ မြင်ကြောင်းပြောဆိုခဲ့သည်။[112]

ဤလေ့လာသုံးသပ်မှု အပိုင်းတွင် ကြံ့ခိုင်ရေးနှင့်ဖွံ့ ဖြိုးရေးပါတီ (USDP) တွင် အမျိုးသမီး ပါဝင်မှုကို မြှင့်တင်ရန်အတွက် နည်းဗျူဟာ (သို့) မူဝါဒ များ ရှိ/မရှိကို အတိအကျဖော်ပြ၍ မရနိုင်ခဲ့ပါ။ သို့ရာတွင် ကြံ့ခိုင်ရေးနှင့်ဖွံ့ ဖြိုးရေးပါတီ (USDP) မှ ဤကဏ္ဍတွင် လှုပ်ရှားသက်ဝင်(active) နေပုံမရပါ။

## ၃.၁.၃) ငြိမ်းချမ်းရေးလမ်းစဉ်

ငြိမ်းချမ်းရေးလမ်းစဉ်တွင် ကျား၊ မ တန်းတူညီမျှမှုစွာ ပါဝင်နိုင်ရေးမှာ ယခုအချိန်ထိ လျော့နည်းနေပြီး ကျား၊ မ ရေးရာကိစ္စကို ဆွေးနွေးရန်မှာလည်း စိတ်ဝင်စားမှု နည်းနေသေးသည်။ ဤအခက်အခဲများကို ပြုပြင်ရန် ကြိုးပမ်းရာတွင် the Alliance for Gender Inclusion in the Peace Process (AGIPR) ကို (ဤသို့ အရေးပါသည့် အုပ်ချုပ်ရေး စက်ဝန်းတွင် ကျား၊ မ တန်းတူညီမှုကို

---

[107] Harriden ၊ ၂၃၃-၃၄

[108] ဖန်တီးအိမ် - အမျိုးသမီးတို့၏ ပူးပေါင်းပါဝင်မှု အစီရင်ခံစာ

[109] ဦးစိုင်းညွှန်အောင် နှင့် ကွင်းဆင်းလူတွေ့မေးမြန်းချက် ။

[110] ၂၀၁၅ ခုနှစ်နိုဝင်ဘာလတွင် ရွေးချယ်တင်မြောက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်စာရင်း နှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုခဲ့သည့် စာရင်းအပေါ် စာရေးသူ၏ သုံးသပ်ချက် ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ တွင် ကျား၊ မ တန်းတူညီမျှမှုရှိစေရေး ကွန်ယက်မှ စာရေးသူအား ပံ့ပိုးထားသည် ။

[111] ဦးစိုင်းညွှန်အောင် နှင့် ကွင်းဆင်းလူတွေ့မေးမြန်းချက် ။

[112] ဒေါ်စိုးစိုးသေး နှင့် ကွင်းဆင်းလူတွေ့မေးမြန်းချက်

အသိပေးဆွေးနွေးရန် ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။[113] AGIPR သည် ကစဦးပိုင်းတွင် ငြိမ်းချမ်းရေးလမ်းစဉ် ကိစ္စရပ်များအတွက် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်သည့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု တန်းတူညီမျှရှိစေရန် အနည်းဆုံး (၃၀) ရာခိုင်နှုန်းကို ဦးစားပေးသတ်မှတ်ခဲ့သည်။[114] ယင်းကိစ္စကို ယခုအခါတွင် အရေးတယူဆောင်ရွက်လာကြပြီး (၂၀၁၆) ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် " တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၏ နိုင်ငံရေးဆွေးနွေးမှု မူဘောင်အရ နိုင်ငံရေးဆွေးနွေးမှုများ၏အဆင့်တိုင်းတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး (၃၀)ရာခိုင်နှုန်း ပါဝင်စေရန် သဘောတူညီခဲ့ကြသည်။ [115]သို့ရာတွင် (၂၀၁၆) ခုနှစ် ဖေဖော်ဝါရီလ အလယ်အချိန်ထိ မည်သည့်ဌာနများမှ ယင်း သဘောတူညီချက်ကို လက်ခံကျင့်သုံးမည်၊ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ကို တိတိကျကျမသိသေးကြောင်းကိုလည်း မှတ်သားသင့်သည်။

### ၃.၁.၄) မြန်မာနိုင်ငံ အရပ်ဘက်အဖွဲ့အစည်း နှင့် နိုင်ငံတကာ ဖွံ့ ဖြိုးရေး အဖွဲ့အစည်းများ

မြန်မာနိုင်ငံ၏ အမျိုးသမီးအဖွဲ့အစည်းများကွန်ယက် (WON) ၏ ပူးပေါင်းအဖွဲ့ဝင်များ နှင့် ကျား၊ မ တန်းတူညီမျှရေး ကွန်ယက် (GEN) တွင် မြန်မာနိုင်ငံအတွင်းတွင် ကျား၊ မ သာတူညီမျှမှု နှင့် အမျိုးသမီးအခွင့်အရေးများအတွက် လုပ်ငန်းဆောင်ရွက်နေကြသော ပြည်တွင်း နှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်ကြသည်။ မကြာခင်သေးခင်က ယင်းကွန်ယက်များ၏ အဖွဲ့ဝင် အဖွဲ့အစည်းများကို ပြုစုခဲ့ရာ အများစုမှာ NSPAW ၏ "အမျိုးသမီးများ နှင့် ဆုံးဖြတ်ချက်ချမှတ်ရေး" ကဏ္ဍတွင် ပါဝင်လုပ်နေသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ( WON မှ အဖွဲ့ဝင် (၃၆) ဦး နှင့် GEN မှ အဖွဲ့ဝင် (၃၅) ဦး)[116] "ခေါင်းဆောင်မှု နှင့် အများပြည်သူတို့၏ဘဝ တွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ခြင်း" မှာ GEN အဖွဲ့အစည်း၏ ၂၀၁၂-၁၅ နည်းဗျူဟာ အစီအစဉ်အောက်ရှိ အဆင့်မြင့် နည်းဗျူဟာ ရည်မှန်းချက် ၅ ခုမှ တစ်ခု ဖြစ်ပြီး အုပ်ချုပ်ရေး နှင့် အများပြည်သူတို့၏ဘဝ (pubic life) တွင် ကျား၊ မ သာတူညီမျှမှုရှိစေရေး မှာ ၂၀၁၆-၁၈ နည်းဗျူဟာအစီအစဉ်မှ အဓိက ရည်မှန်းချက်သုံးခု၏ တစ်ခုဖြစ်သည်။ [117]

အမျိုးသမီးများအရေးကိစ္စ၊ ခေါင်းဆောင်မှု/အမျိုးသမီးများ နှင့် အများပြည်သူဘဝ အစရှိသည့် အခန်းကဏ္ဍများအတွက် လုပ်ငန်းဆောင်ရွက်နေကြသော GEN နှင့် WON အဖွဲ့ဝင် အဖွဲ့စည်းတို့သည် ကနဦးကပင်လျှင် အသိပေးဆွေးနွေးသည့် လုပ်ငန်းများတွင် ပါဝင်ခဲ့ပြီး အမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်းများ ပံ့ပိုးပေးခဲ့သည်။[118] (၂၀၁၁) ခုနှစ်မှ စတင်၍ ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့ နှင့် ဒီမော့ဆို မြို့များတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကဲရ်မြန်မာ၏ အမျိုးသမီးများပူးပေါင်းပါဝင်မှု မြှင့်တင်ပေးသော ဆောင်ရွက်မှုများမှာ အများပါဝင်မှုအရှိဆုံး နှင့် ပြည့်စုံမှုအရှိဆုံးဟု ဆိုနိုင်သည်။ ကဲရ်မြန်မာသည် ၎င်း၏ ရေရှည် စီမံကိန်း နှင့် (၁) အမျိုးသမီးအဖွဲ့စည်းတစ်ခုစီအား ( သူတို့၏ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ ယုံကြည်မှု နှင့် အသိပညာများ) တည်ဆောက်ပေးခြင်းအားဖြင့် မြှင့်တင်ပေးခြင်း နှင့် (၂) ဆက်ဆံရေး (မိသားစုအဖွဲ့ဝင်များ၊ သက်တူရွယ်တူများ၊ မိတ်ဆွေများ၊ ဘာသာရေခေါင်းဆောင်များ) နှင့် ဖွဲ့စည်းတည်ဆောက်ပုံများ (အယူစွဲများ၊ ရိုးရာ၊ မူဝါဒ၊ ဥပဒေ၊ ဘာသာရေး၊ စည်းမျဉ်းများ) တို့အပေါ် လွှမ်းမိုးနိုင်ရန် လိုအပ်ချက်များရှိနေကြောင်းကို အထူးပြုပြောထားသည်။ ကဲရ်သည် ၎င်း၏ စီမံကိန်းများတွင် အောင်မြင်မှုများ ရရှိခဲ့ပြီးကြောင်း အစီရင်ခံတင်ပြထားသည်။ လုပ်ငန်းဆောင်ရွက်ခဲ့သော မြို့နယ်များမှ အမျိုးသမီးအချို့သည် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ဖြစ်လာကြပြီး ကျေးရွာ၏ Green Emerald Fund ကော်မတီ၏ ဥက္ကဋ္ဌဖြစ်လာသော အမျိုးသမီးကဲ့သို့ အခြားစီမံချက်များတွင်လည်း အမျိုးသမီးတို့သည် ခေါင်းဆောင်မှု အခန်းကဏ္ဍများမှ ပါဝင်ခဲ့ကြသည်။ ကဲရ် စီမံကိန်းသည် နိုင်ငံသားများနှင့် တိုက်ရိုက်လုပ်ငန်းဆောင်ရွက်သည့်အပြင် မြို့နယ်အရပ်ဘက် ဝန်ထမ်းများနှင့် ပြည်နယ်အစိုးရဌာနများကိုလည်း ပါဝင်စေသည်။ [119]

---

[113] www.agipp.org ဝက်က်ဆိုက်ကို ကြည့်ပါ ။

[114] AGIPP, မြန်မာနိုင်ငံတွင် အမျိုးသမီးများ၊ ငြိမ်းချမ်းရေး၊ နှင့် လုံခြုံရေးမူဝါဒများ ချမှတ်ခြင်း ။

[115] ငြိမ်းချမ်းရေးလမ်းစဉ် အချိုးကျဝန်ရန် သတ်မှတ်ချက်သည် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုရှိစေရေးအတွက် ယခုအခါတွင် မြန်မာနိုင်ငံအတွက် အာမ မခံပါ။ ၁၅ ဖေဖော်ဝါရီလ ၂၀၁၆ *http://www.myanmar-now.org/news/i/?id=09b86529-94a1-4620-9f4b-57de3a8b76b8* [accessed 21 March 2016].

[116] GEN နှင့် WON အဖွဲ့ဝင်အများအပြားမှ NSPAW တွင် လုပ်ငန်းဆောင်ရွက်နေသော ကဏ္ဍများမှာ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကြောင်း၊ အမျိုးသမီးများ၊ ပညာရေး နှင့် သင်တန်းများ၊ အမျိုးသမီးများ နှင့် ကျန်းမာရေး၊ အမျိုးသမီးအကြမ်းဖက်မှု ဆန့်ကျင်ရေး၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး ။ မနန်းဖြူဖြူလင်း ၊ WON-GEN အဖွဲ့ဝင် စာရင်းအစီရင်ခံစာ ၊ စက်တင်ဘာ ၂၀၁၄ - မတ်-၂၀၁၅ (WON-GEN ၊ ၂၀၁၅ ) ကို ကြည့်ပါ။

[117] ကျား၊ မ တန်းတူညီမျှရေးကွန်ယက်၊ ၂၀၁၄ နှစ်စဉ် အစီရင်ခံစာ (၂၀၁၄)၊ ၂၊ ကျား၊ မ တန်းတူညီမျှရေးကွန်ယက်၊ နည်းဗျူဟာ အစီအစဉ်၊ ၂၀၁၆-၁၈ (၂၀၁၅) : ၁၆ ။

[118] ကျား၊ မ တန်းတူညီမျှရေး ကွန်ယက် နှင့် INGOs အမျိုးမျိုး နှင့် ကွင်းဆင်းလူတွေ့မေးမြန်းချက် ၊ ဒီဇင်ဘာလ ၂၀၁၅ ။

[119] ဒေါ်နီလာထွန်း နှင့် ကွင်းဆင်း လူတွေ့မေးမြန်းခြင်း၊ ဒီဇင်ဘာလ ၂၀၁၅ ခုနှစ် ။ N.b the Green Emerald ရံပုံငွေသည် မကြာသေးခင်က ကျေးလက်ဖွံ့ ဖြိုးရေးဌာနမှ စတင်မိတ်ဆက်ခဲ့သော ရံပုံငွေဖြစ်ပြီး စိုက်ပျိုးရေး နှင့် အခြားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်သူ တစ်ဦးချင်းစီအား အတိုးအနည်းငယ်ဖြင့် ချေးငွေပံ့ပိုးပေးသည်။ ဤကော်မတီအတွက် အမျိုးသမီးကို ဥက္ကဋ္ဌရာထူးပေးထားခြင်းမှာ ကျား၊ မ တန်းတူညီမျှမှုအတွက် ကောင်းမွန်သောခြေလှမ်း နှင့် ၎င်းအမျိုးသမီးအတွက် အကျိုးကျေးဇူးဟု ဆိုနိုင်သော်လည်း ကယားပြည်နယ်မှ အစိုးရအရာရှိများမှ ဥက္ကဋ္ဌရာထူး၏ အလုပ်ပမာဏကြောင့် ၎င်းနေရာအတွက် ခန့်အပ်ရန် အခက်တွေ့နေကြောင်း သတင်းပို့ခဲ့သည်။ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း Minoletti ကိုကြည့်ပါ။

လွန်ခဲ့သော နှစ်ပေါင်း (၂၀)အတွင်းက ပြည်ပတွင်နေထိုင်သူများအတွက် (exile) လုပ်ငန်းဆောင်ရွက်နေသော (အထူးသဖြင့် ထိုင်းနိုင်ငံတွင်) မြန်မာအမျိုးသမီးအဖွဲ့အစည်းအချို့သည် နိုင်ငံအတွင်းမူဝါဒများ နှင့် အခြားနိုင်ငံမှ မူဝါဒများ မြန်မာနိုင်ငံအပေါ်သို့ သက်ရောက်မှုရှိလာစေရန်အတွက် သုံးသပ်လေ့လာမှုများ နှင့် အသိပေးဆွေးနွေးခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာခဲ့ကြသည်။ (၂၀၁၁) ခုနှစ်မှစ၍ မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများ နှင့် နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများသည် ကျား၊ မ တန်းတူ ညီမျှမှုရှိစေရေး နှင့် အုပ်ချုပ်ရေးတွင်ပါဝင်ခွင့်ရရှိရန် မြှင့်တင်ပေးသော သုတေသနလုပ်ငန်းနှင့် အသိပေးဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အခွင့်အလမ်းပိုမိုရရှိလာကြသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းအများစုသည် ယခုအခါတွင် သုတေသန၊ အသိ ပေးဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဦးဆောင်မှုအခန်းကဏ္ဍတို့တွင် ကျား၊ မ သာတူညီမျှမှုရှိစေရန် မြှင့်တင်ပေးသောစီမံကိန်းလုပ်ငန်းများကိုဆောင်ရွက်နေကြသော်လည်းယင်းအဖွဲ့အစည်းများသည်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) (သို့) နိုင်ငံရေးပါတီများမှလွဲ၍ အစိုးရနှင့် ထိတွေ့ဆက်ဆံမှု အလွန်နည်းနေသည်။ ဤအကြောင်း အရာ နှင့် ပတ်သက်၍ ချွင်းချက်တစ်ခုမှာ UNDP ပင်ဖြစ်သည်။ UNDP သည် ပြည်ထောင်စု မြို့ပြဝန်ဆောင်မှုဘုတ်အဖွဲ့ (Union Civil Service Board) နှင့် ဖွံ့ဖြိုးရေးစီမံရေးရာအဖွဲ့အစည်းနှင့်အတူ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ယင်းအဖွဲ့အစည်းများတွင် ယခုအခါတွင် ကျား၊ မ ရေးရာ သင်တန်းဆရာ/မ များရှိလာကြပြီး ၎င်း၏ သင်ခန်းစာများတွင်လည်း ကျား၊ မ ရေးရာ အခန်းကဏ္ဍများ ပါဝင်လာပြီဖြစ်သည်။ [120]

နိုင်ငံရေးပါတီများနှင့် လုပ်ငန်းအတူဆောင်ရွက်နေကြသော အဖွဲ့အစည်းများတွင် "ဖန်တီးအိမ်" အဖွဲ့သည် ပါတီအချို့ဖြင့် လုပ်ငန်းဆောင်ရွက်ရန် ( NLD (သို့) USDP မပါဝင်ပါ) ၎င်း၏ အမျိုးသမီးခေါင်းဆောင်မှုပညာရပ် (Academy) ကို အသုံးပြု၍ အမျိုးသမီးပါတီအဖွဲ့ဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆွေးနွေးပွဲများ၊ အသိပေးဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ နှင့် ( အိန္ဒိယ နှင့် ဆွီဒင် နိုင်ငံ) သို့ လေ့လာရေးခရီးစဉ်အဖြစ် ပို့ဆောင်ပေးခြင်း ပါဝင်ပြီး အထင်ရှားဆုံးဖြစ်နိုင်သည်။ သင်တန်းရရှိပြီးဖြစ်သော အမျိုးသမီးပါတီအဖွဲ့ဝင် (၆၀-၇၀) ခန့်သည် (၂၀၁၅) ခုနှစ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ [121]ရှမ်းအမျိုးသမီးလုပ်ငန်းကွန်ယက် (SWAN) ကဲ့သို့သော ထိုင်းနိုင်ငံအခြေစိုက် အမျိုးသမီးအဖွဲ့အစည်းအများစုမှာလည်း တိုင်းရင်းသားနိုင်ငံရေးပါတီများမှ အမျိုးသမီးအဖွဲ့ဝင်များကို သင်တန်းများ ပံ့ပိုးထားခဲ့ပြီးဖြစ်သည်။ [122] ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင်အချိန်က Oxfam အဖွဲ့အစည်းသည် ကျား၊ မရေးရာ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ (Gender Development Initiative) အတူတွဲ၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အရည်အချင်းရှိသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများကို သင်တန်းပေးရန်နှင့် နိုင်ငံသားများအကြားတွင် အမျိုးသမီးခေါင်းဆောင်များကို လက်ခံနိုင်မှု မြှင့်တက်လာစေရန် ဆောင်ရွက်ခဲ့သည်။ [123]

လာမည့်နှစ်များအတွင်းတွင် နိုင်ငံတကာဖွံ့ ဖြိုးရေး မိတ်ဖက်ဆောင်ရွက်သူများနှင့် မြန်မာနိုင်ငံအရပ်ဖက်အဖွဲ့အစည်းများသည် ကျား၊ မ သာတူညီမျှစွာပါဝင်နိုင်ရေးကိစ္စဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်အစိုးရ နှင့် နိုင်ငံရေးပါတီများနှင့် အတူလက်တွဲဆောင်ရွက်လာကြပြီး နှင့် ယင်းအဖွဲ့အစည်းတို့၏ ကျွမ်းကျင်မှုများကိုလည်း မျှဝေလာကြမည်ဟု မျှော်လင့်ရသည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ယင်းလုပ်ငန်းများအတွက် ရံပုံငွေများပံ့ပိုးပေးနိုင်ပြီး မြန်မာနိုင်ငံ အရပ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံသားတို့သည် အစိုးရနှင့် နိုင်ငံရေးပါတီများနှင့်အတူ ပါဝင်ဆောင်ရွက်လာမှု မြှင့်တင်ပေးရန်အတွက် သူတို့၏ အဖွဲ့ဝင်ကွန်ယက်များ နှင့် အဆက်အသွယ်များကို အသုံးပြုနိုင်မည်ဖြစ်သည်။ သို့ရာတွင် ခေါင်းဆောင်မှုအပိုင်းနှင့် အများပြည်သူတို့၏ဘဝတွင် ကျား၊ မ သာတူညီမျှမှုကို မြှင့်တင်ပေးရန်မှာ အစိုးရနှင့် နိုင်ငံရေးပါတီတို့၏ ဆောင်ရွက်မှုများအပြင် လက်ရှိကြိုပမ်းဆောင်ရွက်ထားမှုများကိုလည်း တိုးချဲ့ဆောင်ရွက်ရန်အရေးကြီးသည်။

## ၃.၂) အနာဂတ်အစီအစဉ်များ နှင့် အခွင့်အလမ်းများ

### ၃.၂.၁) ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းခဲ့သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ အနာဂတ်အစီအစဉ်များ

ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းမှုများပြုလုပ်ခဲ့စဉ်က ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သောအဖွဲ့အစည်းအများစုသည် လာမည့်နှစ်အနည်းငယ်အတွင်း အမျိုးသမီးပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးမည့် ၎င်းတို့၏အစီအစဉ်များနှင့် ပတ်သက်၍ သူတို့သည် အသစ်ဖွဲ့စည်းမည့်အစိုးရနှင့် ပူပေါင်းပါဝင်မှုကဏ္ဍ ပို၍ရှင်းလင်းစေရေးကို စောင့်ဆိုင်းနေရခြင်းကြောင့် မရေးဆွဲရသေးကြောင်း ပြောဆိုခဲ့ကြသည်။ သို့ဖြစ်စေကာမူ ယင်းအဖွဲ့အစည်းများသည် လက်ရှိဆောင်ရွက်လျက်ရှိသော အသိပေးဆွေးနွေးမှုလုပ်ငန်းများနှင့် ခေါင်းဆောင်

---

[120] UNDP စီမံကိန်း ကျွမ်းကျင်ပညာရှင် Allison Hope Moore နှင့် ကွင်းဆင်းလူတွေ့မေးမြန်းခြင်း၊ အရပ်ဖက်အဖွဲ့အစည်း နှင့် မီဒီယာ၊ ဒီဇင်ဘာလ ၂၀၁၅ခုနှစ်

[121] ဖန်တီးအိမ် ဒါရိုက်တာ ဒေါ်ရွှေရွှေစိန်လတ် နှင့် ကွင်းဆင်း လူတွေ့မေးမြန်းခြင်း၊ ဒီဇင်ဘာလ ၂၀၁၅ ။

[122] ဦးစိုင်းညွှန့်လွင် နှင့် ကွင်းဆင်းလူတွေ့မေးမြန်းခြင်း ။

[123] Oxfam နှင့် ကွင်းဆင်းလူတွေ့မေးမြန်းခြင်း၊ ဒီဇင်ဘာလ ၂၀၁၅ ခုနှစ် ။ N.B သင်တန်းသည် အသိပေးလှုံ့ဆော်ခြင်း၊ ဘဏ္ဍာရေး၊ ကျား၊ မ အခက်အခဲများ နှင့် အချေအတင်ပြောဆိုခြင်း ကျွမ်းကျင်မှု။ ဤစီမံကိန်းကို အနာဂတ်တွင် ဆက်လက်ဆောင်ရွက်နိုင်စေရန် နိုင်ငံရပ်ခြားသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ရမည် ( အင်ဒိုနီးရှား နှင့်/သို့ ကမ္ဘောဒီးယား)

မှုသင်တန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်အပြင် အခြားအသစ် (သို့) တိုးချဲ့ထားသော နည်းဗျူဟာများကိုလည်း ဖော်ပြခဲ့ကြသည်။ ၄င်းတို့တွင် ဒေသအတွင်း အစီအစဉ်ရေးဆွဲခြင်း နှင့် ဘဏ္ဍာငွေခွဲဝေခြင်း၊ အများပြည်သူသတင်းအချက်အလက် စည်းရုံးလှုံ့ဆော်ပွဲများအတွက် ဂီတနှင့် သတင်းမီဒီယာများအသုံးပြုခြင်း၊ ကျား၊ မရေးရာ ကဏ္ဍတွင် အမျိုးသားများပါဝင်လာစေရန်တိုးမြှင့်ဆောင်ရွက်ခြင်း စသည့်အခန်းကဏ္ဍတို့တွင် အမျိုးသမီးတို့၏ ပြောဆိုမှုများ/အသံများ မြှင့်တင်ပေးရန်အတွက် ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်တို့တွင် လုပ်ငန်းဆောင်ရွက်ခြင်းတို့ပါဝင်သည်။ UNDP သည် ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်လာစေရန် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ နှင့် လက်ရှိအချိန်တွင် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

### ၃.၂.၂) အမျိုးသားများ ပါဝင်စေခြင်း နှင့် လူမှုရေးဆိုင်ရာ အယူစွဲများ ပြောင်းလဲခြင်း

လွန်ခဲ့သော ၁ နှစ်၊ (သို့မဟုတ်) ၂ နှစ်အတွင်းက အမျိုးသမီးတို့၏ အခွင့်အရေး နှင့် ကျား၊ မ သာတူညီမျှမှု ကိစ္စရပ်များအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် အမျိုးသားများပါဝင်မှု လိုအပ်ချက်ရှိနေကြောင်းကို တွေ့ရှိလာကြပြီးနောက် (GEN) အဖွဲ့သည် မကြာသေးခင်က အဖွဲ့အစည်းတစ်ခုစီမှ အဖွဲ့ဝင်များပါဝင်သော "အမျိုးသားများပါဝင်စေခြင်း"လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အမျိုးသားတို့၏သဘောထားများသည် အိမ်ထောင်စုတစ်ခုအပေါ်တွင် သက်ရောက်မှုရှိနေသည်ဖြစ်ရာ အမျိုးသမီးများမှ အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်လာနိုင်စေရန်အတွက် "အမျိုးသားများ ပါဝင်လာခြင်း" သည် အရေးကြီးသည်။ ၄င်းသည် အမျိုးသမီးများပါဝင်သည့်အခါ အမျိုးသားများ မည်သို့တုံ့ပြန်သည်ကိုဖော်ပြပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ရန် အခွင့်အလမ်းများ၏ ကျယ်ပြန့်သည့်လူမှုရေးကဏ္ဍအပေါ်တွင် သက်ရောက်မှုရှိနေသည်။

အိမ်ထောင်စု နှင့် ရပ်ရွာအဆင့်များအပြင် အမျိုးသားများသည် အစိုးရ၊ နိုင်ငံရေးပါတီများ၊ EAG များ နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများတွင် ပါဝင်လာစေရန်လိုအပ်သည်။ ကြိုးပမ်းဆောင်ရွက်မှုအချို့မှာ အောင်မြင်မှုများရရှိခဲ့ပြီးဖြစ်သည်။ ဥပမာ တစ်ခုမှာ ကဲရ်အဖွဲ့အစည်းမှ ကယားပြည်နယ်တွင် ဒေသခံအစိုးရ အရာရှိများအတွက် ဆောင်ရွက်ခဲ့သော Gender Sensitization သင်တန်းဖြစ်သည်။[124] သို့ရာတွင် အမျိုးသားများပါဝင်လာစေရန်အတွက် နည်းဗျူဟာများမှာ မြန်မာနိုင်ငံတွင် အတွေ့အကြုံနည်းပါးနေပြီး လက်ရှိအချိန်တွင် မည်သည့်နည်းလမ်းများမှာ ထိရောက်မရှိ၍ မည်သည်တို့မှာ ထိရောက်မှုမရှိကြောင်းမှာ မရှင်းလင်းပါ။ ပိုမိုနားလည်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည် လာမည့်နှစ်များတွင် အဓိက ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။

ဤအချိန်မှစ၍ အမျိုးသမီးများအား အားပေးမြှင့်တင်မှုနှင့် ခေါင်းဆောင်မှုကို မြှင့်တင်ပေးသော ဖွံ့ ဖြိုးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအများစုသည် အမျိုးသမီးတို့၏ ဗဟုသုတ၊ ကျွမ်းကျင်မှုများ နှင့် ယုံကြည်မှုများကို မြှင့်တင်ပေးသော သင်တန်းများအပေါ်တွင် ဦးတည်ဆောင်ရွက်သည်။ ယင်းသင်တန်းများသည် အမှန်အကန်လိုအပ်ချက်ဖြစ်သော်လည်း ကျား၊ မ ရေးရာတန်းတူညီမျှရေး ကွန်ယက် (GEN) ၏ ဦးဆောင်မှုအစီရင်ခံစာ (Taking the Lead report) တွင် ယင်းသင်တန်းများရရှိထားသည့် အမျိုးသမီးများ၏ ပြောဆိုချက်များအရလည်းကောင်း၊ ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းခဲ့မှုများမှလည်းကောင်း ကျား၊ မ ပူးပေါင်းပါဝင်မှုကဏ္ဍတွင် တန်းတူညီမျှမှုရှိလာစေရေးကိစ္စမှာ လူမှုအသိုင်းအဝိုင်းအများအပြားမှလည်း ပြောင်းလဲလာရမည်ဖြစ်သည်။ ၄င်းသည် အမျိုးသားများပါဝင်လာစေရန် လိုအပ်ချက်နှင့် ဆက်နွယ်နေပြီး "ဦးဆောင်ခြင်း" (taking the lead) အတွက် လူတွေ့မေးမြန်းခဲ့သော အမျိုးသမီးများသည် သူတို့၏အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ နှင့် အစိုးရ၊ မိတ်ဆွေသူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များ နှင့် လူထုအတွင်းပင်လျှင် သဘောထားများ ပြောင်းလဲရန်လိုအပ်ကြောင်း ပြောဆိုခဲ့သည်။ [125]

ကဲရ်(Care)၏လှိုင်ကော်နှင့်ဒီမော့ဆိုမြို့နယ်များတွင်ဆောင်ရွက်ထားသည့်လုပ်ငန်းများတွင်အမျိုးသမီးများဦးဆောင်မှုသင်တန်းများဖြင့် လူမှုအသိုင်းအဝိုင်းကို ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲရန် ကြိုးပမ်းရာတွင် ပူးပေါင်းပါဝင်မှု အရှိဆုံးနှင့် ရေရှည်တည်တံ့မှု အရှိဆုံးဖြစ်သည်ဟုဆိုနိုင်သည်။ ဤစီမံကိန်းနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှု သုံးသပ်ချက်များ (impact evaluations) မထုတ်ဝေရသေးသော်လည်း ကျား၊ မ တန်းတူညီမျှစွာ ပါဝင်နိုင်စေရန် ရေရှည်တည်တံ့သည့် အပြောင်းအလဲကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန် အလားအလာပိုရှိနိုင်သည်။ သို့ရာတွင် ဤနည်းလမ်း၏ ဖြစ်နိုင်သည့် ဆိုးကျိုးတစ်ခုမှာ ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ် သုံးစွဲမှုမြင့်မားပြီး တိုးချဲ့ဆောင်ရွက်ရန် အခက်အခဲရှိနိုင်သည်။

### ၃.၂.၃) မီဒီယာတို့၏ အခန်းကဏ္ဍ

နိုင်ငံတကာမီဒီယာများကို လက်လှမ်းမှီနိုင်ခြင်းဖြင့် ကျား၊ မ ရေးရာ အယူစွဲများအပေါ်တွင် သက်ရောက်မှုရှိကြောင်း ဖွံ့ ဖြိုးဆဲနိုင်ငံအချို့တွင် ဖော်ပြထားသည်။ [126] ရုပ်မြင်သံကြား၊ အင်တာနက် နှင့် အခြားသော မီဒီယာ အရင်းအမြစ်များကို လက်လှမ်းမှီနိုင်မှုသည်

---

[124] Minoletti, မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေ ခွဲဝေခြင်း

[125] ကွင်းဆင်း လူတွေ့မေးမြန်းခြင်း၊ ဒီဇင်ဘာလ ၂၀၁၅ ခုနှစ်၊ ကျား၊ မ တန်းတူညီမျှရေးကွန်ယက်၊ Taking the Lead၊ ၁၀

[126] ကမ္ဘာဘဏ်၊ ကမ္ဘာ့ဖွံ့ ဖြိုးရေး အစီရင်ခံစာ ၂၀၁၂ ၊ ကျား၊မ တန်းတူညီမျှရေး နှင့် ဖွံ့ ဖြိုးရေး ၊ ၂၆၈ ။

မြန်မာနိုင်ငံတွင် အလျင်အမြန်ကျယ်ပြန့်လာပြီး အမျိုးသမီးခေါင်းဆောင်မှုကို ပို၍လက်ခံလာနိုင်မည်ဟု မျှော်မှန်းရသည်။ [127]မြန်မာနိုင်ငံနှင့်အခြားနိုင်ငံများမှအမျိုးသမီးစံပြခေါင်းဆောင်များကိုလေ့လာတွေ့ မြင်ရခြင်းအားဖြင့်အမျိုးသမီးတို့အားခေါင်းဆောင်မှုရာထူးနေရာများကို ရရှိပိုင်ဆိုင်နိုင်ရန် ယုံကြည်မှုများ ပို၍ရရှိစေသည်။ ၎င်းအပြောင်းအလဲများသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျား၊ မ တန်းတူညီမျှမှုရှိစေရေးကိုမြှင့်တင်ရန် မီဒီယာကို ရည်ရွယ်အသုံးမပြုသည့်အချိန်တွင်ပင် ဖြစ်ပေါ်နိုင်သော်လည်း ရည်ရွယ်အသုံးပြုခြင်းအားဖြင့်အကျိုးသက်ရောက်မှုပို၍ရရှိစေနိုင်သည်။ ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းမှုများတွင် ဂီတသည် လူမှုအသိုင်းအဝိုင်း၏ အယူစွဲများနှင့် အမျိုးသမီးခေါင်းဆောင်မှုကို မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း အကြံပြုပြောဆိုခဲ့ကြသည်။

## ၃.၂.၄) သင်တန်းများ နှင့် လေ့လာရေး ခရီးစဉ်များ

Taking the Lead အတွက် လူတွေ့မေးမြန်းခဲ့သော နိုင်ငံရေးပါတီများ၊ NGO များ နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်မှုသင်တန်းများ တက်ရောက်ထားဖူးသော အမျိုးသမီးခေါင်းဆောင်များမှ အဆိုပါသင်တန်းများသည် အကျိုးရှိကြောင်း ပြောကြားခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်းများမှ အမျိုးသမီးများသည် သူတို့ရရှိသည့် ဗဟုသုတကို အလေးထားပြောဆိုကြသည်။ NGO မှ အမျိုးသမီးတို့သည့် လူထုအတွင်း စကားပြောပညာရပ်၊ ပြဿနာများကို ဦးစားပေးဖြေရှင်းခြင်း၊ မိမိကိုယ်တိုင်နှင့် အခြားသူများကို အားပေးခြင်းနှင့် ဝေဖန်စဉ်းစားခြင်း အစရှိသည့် ခေါင်းဆောင်မှုအပိုင်းများတွင် ကျွမ်းကျင်မှုများ တိုးတက်လာကြောင်း ပြောဆိုကြပြီး နိုင်ငံရေးပါတီများမှ အမျိုးသမီးတို့သည် အမျိုးသမီးအခွင့်အရေး၊ ဥပဒေကိစ္စရပ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာပြဿနာများ စသည်တို့ကို ပို၍နားလည်လာကြောင်း ပြောဆိုကြသည်။ အမျိုးသမီးတို့သည် သင်တန်းများကြောင့် အခြားသော အမျိုးသမီးခေါင်းဆောင်များဖြင့် တွေ့ဆုံခွင့်ရကြကြောင်းကိုလည်း ပြောဆိုကြသည်။ သို့ရာတွင် လူတွေ့မေးမြန်းခဲ့သူများမှ တစ်ဝက်ခန့်သာလျှင် သင်တန်းအပြီး ဆက်လက်အကြံပေးမှုများ (သို့) သင်ပြပေးမှုများကို ရရှိကြသည်။ နိုင်ငံရေးပါတီများမှ အမျိုးသမီးများသည် သင်တန်း အလုပ်ရုံဆွေးနွေးပွဲများသည် ပုံမှန်အားဖြင့် အချိန်အလွန်နည်းပြီး အကြောင်းအရာတို့၏ အခြေခံဗဟုသုတများသာ ပံ့ပိုးပေးကြောင်းပြောဆိုထားပြီး နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအပေါ်တွင် ပို၍အလေးထားသင့်ကြောင်းနှင့် အခြားနိုင်ငံများမှ နိုင်ငံရေးစနစ်များကို ပို၍လေ့လာသင့်ကြောင်း ပြောဆိုထားသည်။ [128]အက်ရှင်အေ့ဒ်သည် မကြာမီတွင် မြို့နယ်အဆင့် အမျိုးသမီးအရာရှိများအတွက် သင်တန်းပေးရန် [129]စီစဉ်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် အရပ်ဖက်ဝန်ဆောင်မှုများမှ အမျိုးသမီးများအား ဦးတည်ထားသော ခေါင်းဆောင်မှုသင်တန်းများမှာ နည်းပါးနေသေးကြောင်းကို မှတ်သားရန် အရေးကြီးသည်။ [130]

အမျိုးသမီးနိုင်ငံရေးပါတီအဖွဲ့ဝင်များသည် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူရန် ဆန္ဒရှိကြသည်မှာ ရှင်းလင်းသည်။ အချို့သောအခြေအနေများတွင် ယင်းကဏ္ဍကို ခေါင်းဆောင်မှုသင်တန်းတွင် ထည့်သွင်းလျှင် သင့်လျော်မည်ဖြစ်သည်။ အခြားတစ်နည်းမှာ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုများအား သီးသန့်သင်တန်းပေးခြင်းကို ပို၍နှစ်သက်ကြသည်။ တစ်ခါတစ်ရံတွင် ယင်းသင်တန်းများကို ကျား၊ မ ရောထွေးပြီး ပို့ချပေးလျှင် ပိုမိုလက်တွေ့ကျပြီး သင့်လျော်ပါသည်။

ယခင်အစိုးရလက်ထက်တွင် လွှတ်တော်ကိုယ်စားလှယ်များ နှင့် နိုင်ငံရေးပါတီ အဖွဲ့ဝင်များ၏ လေ့လာရေးခရီးစဉ်များတွင် နိုင်ငံရပ်ခြားသို့ သွားရောက်ခြင်းများပါဝင်သည်။ ယင်းခရီးစဉ်များမှ သံသယမရှိအောင်ပင် အသုံးဝင်လှပါသည်။ သို့ရာတွင် အလှူ့ရှင်များနှင့် ဖွံ့ ဖြိုးရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်းတွင်ပင် subnational နိုင်ငံရေး ဆောင်ရွက်သူများအတွက် ဗဟုသုတများဖလှယ်ခြင်း နှင့် လေ့လာရေးခရီးများသွားရောက်ခြင်း၏ ရရှိနိုင်သည့် အကျိုးရလဒ်များကို ကျော်၍ ကြည့်ရှုနေကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ စည်ပင်၊ မြို့နယ် နှင့် ကျေးရွာအုပ်စုများမှ အခက်အခဲအမျိုးမျိုးကို တွေ့ ကြုံကြရပြီး အရှိန်အဟုန်အမျိုးမျိုးဖြင့် တိုးတက်ပြောင်းလဲနေကြသည်။ မြန်မာနိုင်ငံတွင် subnational အဆင့် ဆောင်ရွက်သူများအတွက် တစ်ဦးစီမှတစ်ဦး သင်ယူနိုင်ရန် အခွင့်အလမ်းများ တိုးမြှင့်လာခြင်းဖြင့် လေ့လာတွေ့ရှိမှုအသစ်များ၊ အကောင်းဆုံးအလေ့အကျင့်များကိုဖြန့်ဝေရန် အထောက်အပံ့ဖြစ်စေနိုင်ပြီး ၎င်းမှာ နိုင်ငံရပ်ခြားသို့စေလွှတ်ခြင်းထက် ကုန်ကျစရိတ်ပို၍ သက်သာသည်။ ပြည်နယ်/တိုင်းဒေသကြီး (သို့) မြို့နယ်အဆင့်ရှိ အစိုးရအဖွဲ့သည် ကျား၊ မ တန်းတူညီမျှစွာ ပါဝင်နိုင်မှု မြှင့်တင်ရေးတွင်လည်းကောင်း (သို့) မူဝါဒများ ချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုပေးခြင်းစသည့်ကဏ္ဍတို့တွင် ကျား၊ မ တန်းတူညီမျှမှုပို၍ရှိစေရန်လည်းကောင်းကြိုးပမ်းဆောင်ရွက်မှုကို ဦးဆောင်လျှင် ဖွံ့ ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများသည် အခြား subnational အဆင့်မှ ဆောင်ရွက်သူများအား သူတို့ထံမှ သင်ယူနိုင်ရန် ပံ့ပိုးကူညီသင့်သည်။

---

[127] မီဒီယာ တို့မှ ကျား၊ မ အယူစွဲများ နှင့် မညီမျှမှုများကို ဆက်လက်တည်တံ့စေမည့် နည်းလမ်းများအတွက် ကျား၊ မ တန်းတူညီမျှရေးကွန်ယက်၊ လိုက်ကာဖွင့်ပါ (Raising the Curtain) အခန်း ၁၂၊ ကို ကြည့်ပါ။

[128] ကျား၊ မ တန်းတူညီမျှရေး ကွန်ယက်၊ ဦးဆောင်ခြင်း၊ ၁၁-၁၂။ N.b. အရပ်ဖက်အဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းတို့မှ အမျိုးသမီးများမှ အကြံပြုထားသော ခေါင်းဆောင်မှုသင်တန်းများကို တိုးတက်စေရန် ဖော်ပြထားသော နည်းလမ်းများကို ဤစာအုပ်၏ စာမျက်နှာ ၁၂ တွင် ကြည့်ပါ ။

[129] ကျား၊ မ တန်းတူညီမျှရေး ကွန်ယက၊ Taking the Lead, ၂၁ ။

[130] Actionaid အမျိုးသမီးအခွင့်အရေး အကြံပေး Melanie Hilton နှင့် ကွင်းဆင်း လူတွေ့မေးမြန်းခြင်း ၊ ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ် ။

### ၃.၂.၅) ကျေးရွာလူထု အခြေပြု ဖွံ့ဖြိုးမှုစီမံကိန်း

"ရပ်ရွာဦးဆောင်သော ဖွံ့ ဖြိုးရေး စီမံချက်" (CDD) များသည် မကြာသေးခင် ဆယ်စုနှစ်များအတွင်းက အလှူရှင်များ နှင့် နိုင်ငံတကာ ဖွံ့ ဖြိုးရေးအဖွဲ့ အစည်းများအတွက် အသုံးများသော နည်းလမ်းများဖြစ်ခဲ့သည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများတွင် နိုင်ငံသားတို့ တပါးတည်း ပူးပေါင်းပါဝင်လာခြင်းအားဖြင့် အကျိုးအမြတ်များရရှိစေမည့် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော World Bank မှာ အထင်ရှားဆုံးဖြစ်သည်။ ထိုကဲ့သို့ စီမံချက်များတွင် အများအားဖြင့် ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ကျား၊ မ တန်းတူညီမျှစွာပါဝင်မှုကို မြှင့်တင်ပေးသော ဆောင်ရွက်မှုများပါဝင်သည်။ အချို့သော အခြေအနေများတွင် ဆုံးဖြတ်ချက်ချမှတ်ရေးအဖွဲ့ တွင် ကျား၊ မ တန်းတူညီမျှရှိစေရန် လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် အစမ်းပြုလုပ်နေသော NCDDP ကဲ့သို့ အချိုးကျပါဝင်စေရန် စည်းမျဉ်းဖြင့် ချမှတ်ထားသည်။

ကျား၊ မ မညီမျှမှု အလွန်မြင့်သော အာဖကန်နစ္စတန်မှ (ရပ်ရွာဦးဆောင်သော ဖွံ့ ဖြိုးရေး) စီမံကိန်းတစ်ခုတွင် အမျိုးသား နှင့် အမျိုးသမီး ညီတူမျှတူ ကိုယ်စားပြုပါဝင်မှုရှိစေရန် စည်းမျဉ်းဖြင့် အချိုးကျ သတ်မှတ်ထားသည်။ ဤစီမံကိန်းတွင် အမျိုးသမီးတို့သည် အိမ်ထောင်စုပြင်ပတွင် ဆောင်ရွက်ချက်များ မြှင့်တက်လာကြောင်းတွေ့ ရှိရပြီး အမျိုးသားများမှလည်း အမျိုးသမီးများ အုပ်ချုပ်ရေးပိုင်းတွင် ဝင်ရောက်ပါဝင်လာသည်ကို လက်ခံလာကြသည်။ သို့ရာတွင် ၎င်းစီမံချက်ကြောင့် လူမှုအဖွဲ့ အစည်းအတွင်းမှ အမျိုးသမီးတို့၏ အခန်းကဏ္ဍ (သို့) မိသားစုများအတွင်းမှ အမျိုးသမီးတို့၏ အခန်းကဏ္ဍ အပေါ်ထားရှိသည့် သဘောထားအမြင်များမှာ မပြောင်းလဲပါ။[131] ၎င်းဖြစ်ရပ်သည် လူမှုအသိုင်းအဝိုင်းတစ်ခု၏ အယူစွဲများကို ဖျောက်ဖျက်မည်ဆိုပါက သင်တန်းများပို့ချခြင်းနှင့် အချိုးကျပါဝင်စေရန် သတ်မှတ်ချက်များထားရှိခြင်းတို့အပြင် ဆောင်ရွက်ရန်များရှိနေသေးကြောင်း ဖော်ပြနေသည်။ Sierra Leone မှ CDD စီမံကိန်းသည် ၎င်း၏ ရည်မှန်းချက်ကို ထိထိရောက်ရောက် ပြည့်မီစွာရရှိသော်လည်း ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ကျား၊မ တန်းတူညီမျှစွာ ပါဝင်နိုင်ရေးကိစ္စမှာ မပြောင်းလဲ[132]ပါ။ ဆောင်ရွက်ချက်အချို့ရှိသော်လည်း မပြောင်းလဲပါ။[133] ထို့အပြင် ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ကျား၊ မ တန်းတူညီမျှမှုရှိစေရန်မှာ တိုက်ရိုက်ဆောင်ရွက်၍မရဘဲ ကျယ်ပြန့်ပြီး ရေရှည်တည်တံ့စေမည့် နည်းလမ်းတို့ဖြင့် ဆောင်ရွက်ရန် အများအားဖြင့် လိုအပ်သည်။

အများပြည်သူဝန်ဆောင်မှုပေးသည့်လုပ်ငန်းများမြှင့်တင်ရန်အတွက် ဒေသခံ ဆုံးဖြတ်ချက်ချမှတ်ရေးအဖွဲ့ တည်ထောင်မှုတွင် ပါဝင်သော နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့ အစည်းအချို့ နှင့် အနည်းဆုံး ပြည်တွင်း NGO (METTA Development Foundation) တစ်ခုသည် ယင်းအဖွဲ့ များတွင် ကျား၊ မ တန်းတူညီမျှစွာပါဝင်နိုင်စေရန် အထူးဂရုပြုဆောင်ရွက်ခဲ့သည်။[134] ဤနည်းလမ်းသည် အများနှင့်မဆိုင်သော်လည်း ဤဆောင်ရွက်မှုများ၏ အောင်မြင်မှုကို အကဲဖြတ်ဆုံးဖြတ်နိုင်ရန် (judge) အချက်အလက်များ မလုံလောက်ပေ။

CFG တို့သည် ကျား၊ မ တန်းတူညီမျှစွာပါဝင်နိုင်ရေးကဏ္ဍတွင် ဒေသတွင်းအုပ်ချုပ်ရေး၏ အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ သို့ရာတွင် CFGs တို့မှာ အမျိုးသမီးအခွင့်အရေးများနှင့် ကျား၊ မ တန်းတူညီမျှမှု ကိစ္စရပ်များအတွက် လုပ်ငန်းဆောင်ရွက်နေသော ဖွံ့ ဖြိုးရေးအဖွဲ့ အစည်းများ၏ သတိပြုမိမှု နည်းပါးနေသည်။ တစ်ချိန်တည်းတွင် CFG အတွက် လုပ်ငန်းဆောင်ရွက်နေသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများသည် male-dominated MOECAF (ဇယား ၁) နှင့်အတူ CFG ၏ ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့ များတွင် ကျား၊ မ မညီမျှမှုကို ဆွေးနွေးမှုများအတွက် ကြိုးပမ်းမှုများမှာလည်း အလွန်နည်းနေသေးသည်။

### ၃.၂.၆) အရေးအတွက်ခွဲတမ်း

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ရာ "နိုင်ငံသူ/သားများ ဦးဆောင်သော ဖွံ့ ဖြိုးရေးစီမံချက်" NCDDP သည် သက်ဆိုင်ရာ ကျေးရွာအုပ်စုကော်မတီအတွက် အမျိုးသား၊ အမျိုးသမီး ကိုယ်စားလှယ် ၅၀/၅၀ အချိုးကျပါဝင်ရန် သတ်မှတ်ထားသည်။ အိန္ဒိယနိုင်ငံတွင် ဒေသတွင်းအုပ်ချုပ်ရေးတွင် အချိုးချပါဝင်ရန် သတ်မှတ်ချက်ကို အသုံးပြုခြင်းကြောင့် အရေအတွက်အားဖြင့် ကျား၊ မ တန်းတူညီမှုကို မြှင့်တင်ပေးရုံသာမက အချို့နေရာများတွင် ဘဏ္ဍာငွေခွဲဝေမှုလျာထားချက်များ နှင့် အများပြည်သူ ဝန်ဆောင်မှုပံ့ပိုးပေးသည့် လုပ်ငန်း

131 Andrew Beath, Fotini Chrisia နှင့် Ruben Enikolopov " ဖွံ့ ဖြိုးရေးအကူအညီများဖြင့် အမျိုးသမီးတို့ကို အားပေးခြင်း၊ အာဖကန်နစ္စတန် မှ ကွင်းဆင်းအတွေ့ အကြုံ အထောက်အထား" အမေရိကန် နိုင်ငံရေးသိပ္ပံ သုံးသပ်ချက် ၁၀၇ ၊ no. ၀၃ (၂၀၁၃) ၊ ၅၅၄-၅၅ ။

132 Katherine Casey ၊ Rachel Glennerster နှင့် Edward Miguel၊ GoBifo စီမံချက် သုံးသပ်မှုအစီရင်ခံစာ - Sierra Leone တွင် ရပ်ရွာဦးဆောင်သော ဖွံ့ ဖြိုးရေးအတွက် သက်ရောက်မှု ဆန်းစစ်ခြင်း၊ သက်ရောက်မှုသုံးသပ်ချက် အစီအရင်ခံစာ ၃ (နယူးဒေလီ ၊ သက်ရောက်မှုသုံးသပ်ခြင်းအတွက် နိုင်ငံတကာဆောင်ရွက်ချက်များ၊ ၂၀၁၃ ။ စာမျက်နှာ ၃၃

133 ဥပမာ - ကျေးရွာတွင် ဖွဲ့ စည်းထားသော အမျိုးသမီးများ၊ ကျေးရွာတွင် ဆုံးဖြတ်ချက်ချမှတ်ရေးကော်မတီတွင် ပါဝင်နေသော အမျိုးသမီး၊ ပူးတွဲဘဏ်စာရင်းတွင် လက်မှတ်ထိုးထားသော အမျိုးသမီး စသူတို့ကို ခွဲထုတ်ခြင်း ။

134 Minoletti မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း၊ Minoletti subnational မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် အမျိုးသမီးတို့၏ ပူးပေါင်း ပါဝင်မှု ၊ ၃၃ ။

များတွင်ပါအပြောင်းအလဲဖြစ်စေခြင်း၊အများပြည်သူဝန်ဆောင်မှုအရည်အသွေးများကောင်းမွန်လာခြင်း၊အမျိုးသမီးခေါင်းဆောင်များ နှင့် နှိုင်းယှဉ်ပြီး အမျိုးသားနိုင်ငံသားဘက်သို့လိုက်ခြင်းတို့ လျော့နည်းလာခြင်း၊ အမျိုးသမီးတို့သည် သူတို့အပေါ်ကျူးလွန်သော ပြစ်မှုများကို သတင်းပို့ရန် ပို၍အခွင့်အရေးရလာကြသည်။ [135]Rwanda နိုင်ငံတွင် နိုင်ငံအဆင့် နှင့် subnational အဆင့်တို့တွင် အချိုးကျပါဝင်ရန် သတ်မှတ်ပုံကို လေ့လာခဲ့ရာ သူတို့သည် အမျိုးသမီးတို့အား မိမိကိုယ်ကို လေးစားတန်ဖိုးထားမှု မြှင့်တင်ပေးခြင်း၊ အမျိုးသမီးတို့အား လူထုအတွင်း စကားပြောချင်စိတ်ကို အားပေးခြင်း၊ မိန်းကလေးငယ်များအား ပညာရေးကို လက်လှမ်းမီအောင် မြှင့်တင်ပေးခြင်း နှင့် အိမ်ထောင်တစ်ခုအတွင်း အာဏာပါဝါ နှင့် ဆုံးဖြတ်နိုင်ခွင့် ညီတူမျှတူရှိစေရန် ဆောင်ရွက်ခြင်း တို့ပါဝင်သည်။ [136]

အရေအတွက်အချိုးကျပါဝင်ရန် သတ်မှတ်ချက်၏ (quotas) သက်ရောက်မှုသည် ဝေစုစနစ်၏ သဘာဝ၊ နိုင်ငံရေးနှင့် လူမှုရေး အခြေအနေပေါ်မူတည်၍ ပြောင်းလဲမှုရှိသည်။ အချို့သောအခြေအနေများတွင် ဝေစုခွဲဝေပုံသည် စင်စစ် ကျား၊ မ တန်းတူညီမျှမှု ဖြစ်စေရေးအတွက် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိခြင်း (သို့) လုံးဝမရှိပါ။ အချို့သောနေရာများတွင် အရေအတွက်အားဖြင့် ညီမျှစွာကိုယ်စားပြုပါဝင်ရန်ပင် မဆောင်ရွက်နိုင်ပါ။[137] သို့ပါလျှက် ကောင်းမွန်သည့် အရေအတွက်ခွဲဝေမှုစနစ်သည် အခြားသင့်လျော်သော ဆောက်ရွက်မှုများ (သင်တန်းများ နှင့် လူထုတွင်း ပညာပေးလှုံ့ဆော်ပွဲများစသည်) ဖြင့် ထပ်မံပေါင်းစည်းလိုက်သည့်အခါတွင် အရေအတွက်အားဖြင့်လည်းကောင်း၊ အခြေအမြစ်ရှိခြင်းအားဖြင့်လည်းကောင်း၊ စံနမူနာအဖြစ်လည်းကောင်း ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန် အထိရောက်ဆုံး နည်းကိရိယာတစ်ခုဖြစ်လာသည်။ ကျား၊ မ သာတူညီမျှမှုရှိစေရန် အရေအတွက်အားဖြင့် အနိမ့်ဆုံးအဆင့်ခွဲဝေမှုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်တွင် ရွေးချယ်ခဲ့သော ကော်မတီများ၊ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများ နှင့် ကျေးရွာအုပ်စု နှင့် ကျေးရွာများမှ ကော်မတီအမျိုးမျိုးတို့ အပါအဝင် အစိုးရအုပ်ချုပ်ရေးဌာနများ နှင့် ရာထူးနေရာများအတွက် ထည့်သွင်းစဉ်းစားနိုင်သည်။

## ၃.၂.၇) ဒေသအဆင့်တွင် ပူးပေါင်းပါဝင်မှု မြှင့်တင်ရန် လုပ်ငန်းများ

၂၀၁၂ ခုနှစ် ရပ်ကွက် (သို့) ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးဥပဒေတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာအတွက် ရွေးချယ်သတ်မှတ်ရန် ဖော်ပြထားသည်။ ရွေးချယ်မှုကို ဥပဒေတွင်ဖော်ပြထားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်မှု မရှိသော်လည်း စည်းမျဉ်းအရ အိမ်ထောင်ဦးစီးများသည် သူတို့ကိုယ်စား အခြားတစ်ယောက်ကို ဆယ်အိမ်မှူးများအဖြစ် ရွေးချယ်တင်မြှောက်ကြပြီးနောက် ဆယ်အိမ်မှူးများမှ ကျေးရွာအုပ်စု/ရပ်ကွက် အုပ်ချုပ်ရေးမှူးကို သူတို့အတွင်းမှ ပြန်လည်ရွေးချယ်တင်မြှောက်ကြသည်။ [138]မြန်မာနိုင်ငံရှိ အိမ်ထောင်ဦးစီး (household heads) အများစုမှာ အမျိုးသားများဖြစ်ကြသောကြောင့် လက်တွေ့တွင် မဲဆန္ဒရှင်ပွဲ (electorate) သည် ကျား၊ မ အလွန်မညီမျှဘဲ အမျိုးသမီးတို့၏ ပါဝင်မှုနှင့် ပြောဆိုခွင့်များကို တားမြစ်ထားသည်။ ဤသို့ သွယ်ဝိုက်၍ ရွေးချယ်ခြင်းစနစ်ကို အရွယ်ရောက် နိုင်ငံသားများမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား သူတို့၏နစ်သက်ရာကိုယ်စားလှယ်လောင်းအား တိုက်ရိုက်မဲပေးရွေးချယ်နိုင်သည့် နည်းလမ်းကို အစားထိုးရန် အကြံပြုပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံသားများမှ ပူးပေါင်းပါဝင်မှုအတွက် အခွင့်အလမ်းသည် ကျေးရွာအုပ်စုများနှင့် မြို့နယ်များပေါ်မူတည်၍ ကွာခြားမှုရှိသည်။ အဓိကအကြောင်းအရင်းမှာ မည်သည့်အချိန် (သို့) မည်သည့်အခြေအနေတွင် ဒေသခံအရာရှိမှ လူထုနှင့် တွေ့ဆုံသင့်သည်ဆိုသည့် စည်းကမ်းသတ်မှတ်ချက်မရှိဘဲ ဒေသတွင်းကျေးရွာအုပ်စု နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ သဘောဆန္ဒအတိုင်း (whims) ဆောင်ရွက်နေခြင်းကြောင့် ဖြစ်သည်[139]။ အချို့သော ဒေသအတွင်း ညှိနှိုင်းဆောင်ရွက်နိုင်မှု (flexibility ) များကို ထိန်းသိမ်းသင့်သော်လည်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ နှင့် ပြည်သူလူထုကြား ထိတွေ့မှုရှိစေရန် အနိမ့်ဆုံးအဆင့် သတ်မှတ်ထားသည့် မူဝါဒများ ရှိသင့်သည်။ ဥပမာ - လူထုအစည်းအဝေးကို တစ်လ တစ်ကြိမ် ပြုလုပ်သင့်သည်။ အစိုးရ၏ မြို့နယ်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် အဓိကကော်မတီများအတွက် အလားတူ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

၂၀၁၂ ခုနှစ် ရပ်ကွက် (သို့) ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးဥပဒေတွင် ရာအိမ်မှူး (ကျေးလက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ရာထူးနှင့် တူညီ) ကို တရာဝင်းဖျက်သိမ်းလိုက်သည်။ ဤအပြောင်းအလဲသည် မြို့ ပြဒေသများတွင် အဆင်ပြေနိုင်သော်လည်း ကျေးလက်ဒေသများတွင် ကျေးရွာတစ်ခုလုံးကပင်လျှင် လူ့အသိုင်းအဝိုင်းတစ်ခုဖြစ်နေပြီး ကျေးရွာပြင်ပတွင်ကျင်းပသော အစည်းအဝေးသို့ရောက်ရန်

---

[135] Lori A. Beaman နှင့် အခြား၊ အင်အားကောင်းသော အမျိုးသမီးများ၊ လေ့လာရေးခရီးစဉ်များက ဘက်လိုက်မှုကို လျော့နည်းစေပါသလား။ ၁၅၁၆-၃၂၊ Chattopadhyan နှင့် Duflo ၊ ၁၄၃၁၊ Duflo ဘာကြောင့်နိုင်ငံရေး ကြိုတင်စာရင်းပေးပါသဲ ။ ၆၇၁၊ ၆၇၄၊ Iyer နှင့် အခြား၊ ၁၇၆-၈၅ ။

[136] Jennie Burnet ၊ အမျိုးသမီးများ လုပ်ပိုင်ခွင့်ပေးခြင်း နှင့် ရာဝန်ဒါတွင် ယဉ်ကျေးမှု ပြောင်းလဲလာခြင်း " ကျား၊ မ အရေအတွက် အချိုးတူ ပါဝင်သတ်မှတ်ချက်၏ သက်ရောက်မှု၊ Susan ၊ Mona Lena Krook နှင့် Jennifer M. Piscopo (Oxford တက္ကသိုလ် Press ၊ ၂၀၁၂ ) ၁၉၆-၉၉ ။

[137] Franceschet Krook နှင့် Piscopo ၊ ကျား၊ မ အရေအတွက် အချိုးကျပါဝင်ရာ အရေအတွက်သတ်မှတ်ချက်အပေါ် သက်ရောက်မှု ၊ ၆-၁၂ ။

[138] ရပ်ကွက် (သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေ၊ ၂၀၁၂ ။ အခန်း ၇ ။

[139] Minoletti မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာကဏ္ဍတွင် ဘဏ္ဍာငွေခွဲဝေခြင်း ။

အချိန်အခက်အခဲရှိနေခြင်းကြောင့် တရားဝင်ကိုယ်စားပြုပါဝင်ရန် အခက်အခဲဖြစ်နိုင်သည်။ လက်တွေ့အခြေအနေတွင် ရာအိမ်မှူး/ကျေးရွာခေါင်းဆောင်တို့သည် ကျေးလက်တွင် အရေးပါနေပြီး မြို့နယ်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့မှ သူတို့၏ အရေးပါမှုတို့ကို အသိအမှတ်ပြုနေကြသေးသည်။ အချို့ကျေးရွာများတွင် သူတို့ တစ်ဦးချင်းစီသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံသားများ ပါဝင်မှုကို မြှင့်တင်မှုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီးဖြစ်သည်။ [140] ရာအိမ်မှူး/ကျေးရွာခေါင်းဆောင်၏ နေရာကို ကျေးလက်ဒေသများတွင် တရားဝင် (formally) ပြန်လည်ခန့်အပ်ရန် အကြံပြုပြီး ၎င်းနှင့် လူထု အနည်းဆုံးထိတွေ့ပါဝင်မှုရှိစေရန် စည်းမျဉ်းများ ချမှတ်ထားသင့်သည်။

Subnational အဆင့် ဆုံးဖြတ်ချမှတ်ခြင်းကဏ္ဍ နိုင်ငံသားများ ပူးပေါင်းပါဝင်မှု အပြည့်အဝရရှိရေးမှာ လူထုဆွေးနွေးပွဲသို့ ဖိတ်ခေါ်ရန်လိုအပ်ရုံသာမက နိုင်ငံသားများဘက်မှလည်း ဝင်ရောက်ပါဝင်ရန် လိုအပ်သည်။ အားလုံးမှပါဝင်နိုင်ရေးကို မြှင့်တင်ရန်မှာ အမျိုးသမီးများ၊ လူငယ်များ၊ လူမျိုးစုများ နှင့် ဘာသာရေးလူနည်းအုပ်စုများ၊ လူမှုစီးပွားရေး နိမ့်ပါးသောအုပ်စုများ စသည့် ဘေးဖယ်ခံအုပ်စုများ (marginalized groups)၏ စွမ်းဆောင်ရည် နှင့် ယုံကြည်မှုများကို တစ်ထောင့်တစ်နေရာမှ တည်ဆောက်ပေးရန်လိုအပ်သည်။ ထို့အပြင် ယင်းသို့သော အစည်းအဝေးများကို စီစဉ်ဆောင်ရွက်ပေးမည့် အစိုးရဝန်ထမ်းတို့၏ သဘောထားများသည်လည်း ပြောင်းလဲလာရန်လိုအပ်သည်။ လက်ရှိအချိန်တွင် လူထုအတွင်း "ညှိနှိုင်းဆွေးနွေးမှု" များမှာ တက်ရောက်လာသူအားလုံးကို တာဝန်ကျအရာရှိတစ်ဦး (သို့) အများမှသာ ပြောဆိုနေကြပြီး အခြားတက်ရောက်လာသူများ၏ ပြောဆိုရန် အခွင့်အရေး နည်းပါးခြင်း (သို့) လုံးဝ မရှိပါ။ နိုင်ငံသားတို့၏ ပြောဆိုခွင့်အသံများမြှင့်တင်မှုကို ရပ်ရွာအကြံပြုသေတ္တာကဲ့သို့သော လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည့်အပြင် အစည်းအဝေးအချိန်များကိုလည်း အများစု တက်ရောက်နိုင်မည့် အချိန်များဖြင့် အစားထိုးပြောင်းလဲသတ်မှတ်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ [141]

## ၃.၂.၈) ဒေသအဆင့်တွင် လုပ်ငန်းဆောင်ရွက်နေသော အမျိုးသမီးတို့၏ အဖွဲ့အစည်းများ

မြန်မာနိုင်ငံ၏ မြို့နယ်အများစုတွင် အမျိုးသမီးအရပ်ဖက်အဖွဲ့အစည်းများ မရှိကြသေးပါ။ လူတွေ့မေးမြန်းခဲ့သူတစ်ဦး၏ ဖြေဆိုချက်တစ်ခုတွင် အမျိုးသမီးတို့သည် အများပြည်သူဘဝတွင် ပါဝင်လာရေးနှင့် ဒေသအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းကဏ္ဍတို့တွင် သူတို့၏အဆိုများကို လက်ခံပေးမှု မြှင့်တင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် နည်းလမ်းရှိကြောင်းပြောဆိုထားသည်။ လူတွေ့မေးမြန်းခဲ့သူမှ ဆက်လက်၍ ဤ CSO ကွာဟချက်ကို ဖြည့်ဆည်းရန် အလှူရှင်များ နှင့် ဖွံ့ ဖြိုးရေးအဖွဲ့အစည်းများမှ အသေးစားရံပုံငွေ နှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ ဖြိုးရေး ပံ့ပိုးကူညီမှုများပြုလုပ်ရန် အကြံပြုထားသည်။ [142]

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ (MWAF) နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA) သည် အစိုးရ၏ဖွဲ့စည်းအောက်ကျေးရွာအုပ်စုအဆင့်နှင့်အထက်တစ်နိုင်ငံလုံးတွင်ရှိသည်။ သူတို့သည်အဖွဲ့ဝင်အများအပြားကိုဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာရန် စည်းရုံးနိုင်ပြီး အခြားအစိုးရအခန်းကဏ္ဍများအတွက် ပြင်ဆင်ရန်လည်း အမျိုးသမီးများအား ဦးဆောင်မှုအတွေ့အကြုံများ ပံ့ပိုးနိုင်သည်။ UNDP မှ လူတွေ့မေးမြန်းခဲ့သော အမျိုးသမီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှာ ယခင်က MWAF နှင့် MMCWA [143]၏အဖွဲ့ဝင်များဖြစ်ခဲ့ကြောင်း တွေ့ရှိရပြီး ၂၀၁၁-၂၀၁၅ အတွင်းက လွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အများစုမှာလည်း လွှတ်တော်အမတ်ဖြစ်မလာခင်အချိန်က ယင်းအဖွဲ့အစည်းများတွင် လှုပ်ရှားပါဝင်ခဲ့ကြသူများဖြစ်သည်။ ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းခဲ့သော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးမှ သူတို့သည် သက်ဆိုင်ရာဒေသအတွင်းရှိ ယင်းအဖွဲ့အစည်းများတွင် ပါဝင်နေရာသည့်မှာ အကျိုးရှိကြောင်းနှင့် ယင်းအဖွဲ့ဝင်များ၏ ခံယူချက်များကိုလည်း ချီးကျူးပြောဆိုခဲ့သည်။ [144]

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ (MWAF) နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း MMCWA တို့တွင် ကောင်းကျိုးများရှိသော အခန်းကဏ္ဍမှ ဝင်ရောက်ပါဝင်နေသော်လည်း ဤအဖွဲ့အစည်းများတွင် ထင်ရှားသည့် ချွတ်ယွင်းချက်များလည်း ရှိနေသည်။ ဤအဖွဲ့အစည်းများအတွင်းရှိ အချက်အလက်အချို့တွင် ကျား၊ မ အခန်းကဏ္ဍ နှင့် အမျိုးသမီးတို့၏အခွင့်အရေးများ အပေါ်တွင် ရှေးရိုးစွဲနေရာများ ရှိနေသေးပြီး တစ်ခါတစ်ရံတွင် အစိုးရ၏ အမျိုးသမီးအခွင့်အရေးများကို ဆန့်ကျင်သည့်ဘက် လိုက်နေသည်များလည်းရှိသည်။ [145]ယခင်ထက်ပို၍ ပြန့်နှံ့မှု (prevalent) ဖြစ်သော်လည်း အမျိုးသမီးတို့သည် သူတို့၏အမျိုးသားများမှ အစိုးရဌာန၏

[140] Minoletti မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာကဏ္ဍတွင် ဘဏ္ဍာငွေခွဲဝေခြင်း ။

[141] Minoletti မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာကဏ္ဍတွင် ဘဏ္ဍာငွေခွဲဝေခြင်း ။

[142] Allison Hope Moore နှင့် ကွင်းဆင်း လူတွေ့မေးမြန်းခြင်း ၊ ဒီဇင်ဘာလ ၂၀၁၅ ခုနှစ် ။

[143] Roell ၂၇ ။

[144] ကျား၊ မ တန်းတူညီမျှရေးကွန်ယက် နှင့် လူတွေ့မေးမြန်းခြင်း ၊ ဒီဇင်ဘာလ ၂၀၁၅ ။

[145] Harriden ကိုကြည့်ပါ ၊ ၂၅၇-၆၅ ။

အဆင့်တူသောနေရာများတွင် အရာရှိများဖြစ်နေခြင်းကြောင့် ဤအဖွဲ့အစည်းများတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍများမှ ပါဝင်နေခြင်းမှာ ပုံမှန်ဖြစ်နေသည်။ ၎င်းသည် တန်းတူညီမျှပါဝင်ရန် အခွင့်အလမ်းကို တိုက်ရိုက်ဆန့်ကျင်နေပြီး အခြေခံအားဖြင့် အမျိုးသားတို့ကြီးစိုးမှုကို အားပေးရာရောက်သည်။ ထို့အပြင် တိကျသည့်အချက်အလက်များ မရရှိဘဲ ဤအဖွဲ့အစည်းများတွင် လုပ်ရှားသက်ဝင်နေသူများမှ တိုင်းရင်းသားလူမျိုးစုများထက် ဗမာအမျိုးသမီးများကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် MWAF (သို့) MMCWA နှင့် လုပ်ငန်းဆောင်ရွက်မည့် မည်သည့်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမဆို စီမံကိန်းလုပ်ငန်းများအတွင်းတွင် တိုင်းရင်းသားလူမျိုးစုများပါဝင်မှု မညီမျှမှုကို ပို၍မဆိုးရွားစေရန် ဂရုပြုဆောင်ရွက်ရမည်။

အချုပ်အားဖြင့်ဆိုသော် MWAF နှင့် MMCWA ၏ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးမှုနှင့် ယင်းအဖွဲ့အစည်းများရှိ အချို့သူများ၏ ကတိကဝတ်နှင့် ကျွမ်းကျင်မှုများမှာ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအတွက် ကောင်းမွန်သောမိတ်ဖက်ဆောင်ရွက်သူများဖြစ်နိုင်သည်။မည်သို့ပင်ဆိုစေ သူတို့လုပ်ငန်းဆောင်ရွက်လျက်မည့်လူမှုအဖွဲ့အစည်းများနှင့် နယ်မြေဒေသ၏ သဘာဝကို ဂရုတစိုက် ဆန်းစစ်လေ့လာသင့်သည်။ ယင်းအဖွဲ့အစည်းများသည် သမိုင်းကြောင်းတစ်လျှောက် USDP နှင့် အနီးကပ်ချိတ်ဆက်မှုရှိခဲ့သည်ဖြစ်ရာ အနာဂစ်အခြေအနေနှင့် လွှမ်းမိုးမှုများမှာ မရှင်းလင်းပါ။

### ၃.၂.၉) ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မှု

အခြားကဏ္ဍများကဲ့သို့ပင် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းအများစုသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍ၏ ခေါင်းဆောင်မှုအပိုင်းတွင် ကျား၊ မ တန်းတူညီမျှမှု နှင့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ပထမဦးဆုံးအကြိမ် စတင်လုပ်ငန်းဆောင်ရွက်လာသည်။ ဤ အခန်းကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသော မြန်မာနိုင်ငံမှအဖွဲ့အစည်းများအတွက် ရံပုံငွေမှာလည်း တိုးမြှင့်လာသည်။ အချို့သော ဒေသခံအဖွဲ့အစည်းများသည် ဤအခန်းကဏ္ဍတွင် ပထမဦးဆုံးအကြိမ် စတင်လုပ်ငန်းဆောင်ရွက်နေကြပြီးဖြစ်ရာ အချို့မှာ စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်လာကြသည်။ အုပ်ချုပ်ရေးအပိုင်းတွင် ကျား၊ မ တန်းတူညီမျှမှု မြင့်တက်လာခြင်းကြောင့် ရရှိသည့်အကျိုးအမြတ်များမှာ စဉ်းစားရန်အချက်ဖြစ်ပြီး နိုင်ငံရေးပုံစံပြောင်းလဲလာမှုကြောင့် ဤအခန်းကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်ရန် ပို၍လွယ်ကူလာသည်။ ထိုနည်းတူစွာ ယင်းကဏ္ဍ အရေးပေးမှု နှင့် ရံပုံငွေများလည်း တိုးမြှင့်လာသည်။ သို့ရာတွင် ဤသို့ ရုတ်တရက် တိုးမြှင့်လာမှုကြောင့် ဖြစ်လာနိုင်သည့် ဆိုးကျိုးများလည်းရှိနေပြီး စီမံချက်များကို ထပ်တူဆောင်ရွက်နိုင်သောကြောင့် ဆွေးနွေးညှိနှိုင်းမှု လိုအပ်ချက်များလည်းပါဝင်နိုင်သည်။ ထို့အပြင် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်တင့်သော ကျွမ်းကျင်မှုများရှိသည့် ဝန်ထမ်းမလုံလောက်မှုများလည်းရှိနေသည်။အသစ်စတင်ဆောင်ရွက်မည့်နိုင်ငံတကာအဖွဲ့အစည်းများတွင် သင့်လျော်သောစီမံကိန်းများကို ပုံစံရေးဆွဲနိုင်ရန် နှင့် လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ၏ လိုအပ်သော ဗဟုသုတလိုအပ်ချက်များလည်း ရှိနိုင်သည်။

### ၃.၂.၁၀) ပူးပေါင်းပါဝင်မှုတွင် ကျား၊ မ (မ) တန်းတူညီမျှမှုကို ပြုလုပ်ပေးသော ကဏ္ဍများကို ဦးစားပေးဆောင်ရွက်ခြင်း နှင့် နားလည်သဘောပေါက်ခြင်း

အခန်း ၂.၃ သည် အုပ်ချုပ်ရေးတွင် ပူးပေါင်းပါဝင်ရန်အတွက် အမျိုးသားများ နှင့် အမျိုးသမီးတို့၏ စွမ်းရည် နှင့် အခွင့်အလမ်းများအပေါ်လွှမ်းမိုးသော အဓိကကဏ္ဍများကိုဖော်ပြထားပြီး အချိန်အခက်အခဲ၊ နှောင့်နှေးမှု၊ ဘက်လိုက်မှုတို့မှာ အမျိုးသမီးခေါင်းဆောင်မှုအတွက် အရေးပါသည့် ဖြေရှင်းရန်အချက်ဖြစ်သည်။ အခန်း ၂.၃ တွင် ဖော်ပြထားသော အခြေအနေအမျိုးမျိုးသည်[146] ယခင်ကသုတေသနများတွင် ဖော်ပြထားပြီးဖြစ်ပြီး ဤကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသူများမှ ကောင်းစွာ သိရှိပြီးဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏အရေးပါမှုတို့ကို နားလည်မှု နည်းပါးနေသေးသည်။ အများစုမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုရှိနေပြီး အားလုံးမှာ ယဉ်ကျေးမှုအားဖြင့် ပုံစံသွင်းခံထားရသည်။ ဤကဏ္ဍတို့အတွက် ထပ်မံသုံးသပ်လေ့လာမှုများ၊ ဆွေးနွေးမှုများနှင့် ၎င်းတို့၏အရေးပါမှုကို အကျိုးရှိရှိ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သည်။

[146] ကျားမ ရေးရာ နှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများ၊ ကျား၊ မ အခြေပြု အခက်အခဲများ ၊ ၈-၁၀၊ ၂၁ Lofving ၊ ၁၃-၁၄၊ ၁၇-၁၉၊ ၂၉-၃၂၊ ၅၈-၆၄၊ Minoletti မြန်မာနိုင်ငံ၏ subnational အုပ်ချုပ်ရေးကဏ္ဍ အမျိုးသမီး ပူးပေါင်းပါဝင်မှု ။

## ၄။ ကျား၊ မ တန်းတူညီမျှမှု နှင့် မူဝါဒသတ်မှတ်ခြင်း၊ ငွေကြေးလျာထားမှု နှင့် လူထုဝန်ဆောင်မှု ပံ့ပိုးပေးခြင်း

### ၄.၁) ကျား၊ မ သာတူညီမျှမှုကို မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးခြင်း ကိစ္စရပ်များတွင် ဘာကြောင့် ထည့်သွင်းဆောင်ရွက်သလဲ။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး နှင့် အများပြည်သူဝန်ဆောင်မှု အခန်းကဏ္ဍတို့တွင် ကျား၊ မ တန်းတူညီမျှမှု မရှိခြင်းသည် တရားမျှတမှုမရှိဘဲ ကျား၊ မ (အထူးသဖြင့်အမျိုးသမီး) တို့၏ ကောင်းကျိုးချမ်းသာတို့ကို လျော့နည်းစေသည်။ ၄င်းတို့သည် အများအားဖြင့် စီးပွားရေး နှင့် လူမှုရေးကဏ္ဍ ဖွံ့ ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေသည်။ ဥပမာ - အချို့မှာ -

- **ပစ္စည်းဥစ္စာအခွင့်အရေး နှင့် အမွေခံပစ္စည်းဆိုင်ရာ အခွင့်အရေး မညီမျှမှု** ။ ပစ္စည်းဥစ္စာအခွင့်အရေး နည်းပါးခြင်းသည် အမျိုးသမီးတို့အား အချိန်၊ ငွေကြေး၊ မြေအရင်းအမြစ်များ (သို့) အခြားအရင်းအမြစ်များကို ရင်းနှီးမြုပ်နှံရန်အတွက် အခွင့်အရေး လျော့နည်းစေသည်။[147] ထိုသို့ ရင်းနှီးမြုပ်နှံမှု လျော့နည်းစေသောကြောင့် အိမ်ထောင်စု နှင့် နိုင်ငံ၏ ဝင်ငွေလည်း လျော့နည်းစေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော် ဥပဒေများတွင် အမျိုးသား နှင့် အမျိုးသမီး နှစ်ဦးစလုံးအတွက် ပစ္စည်းဥစ္စာနှင့် အမွေဆိုင်အခွင့်အရေးများ တန်းတူညီမျှရှိသော်လည်း ထုံးတမ်းဥပဒေသည် အချို့နေရာများတွင် ကွဲပြားပြီး ခေတ်နှင့် မညီဘဲ ဖြစ်လေ့ရှိသည်။ ဥပမာ ကချင် နှင့် ချင်း လူမျိုးစုတွင် အမျိုးသမီးတို့သည် အမွေခံပစ္စည်းများကို ရရှိပိုင်ဆိုင်ခွင့် လုံးဝ မရှိပေ။ [148]

- **အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးမှု မညီမျှခြင်း** ။ နိုင်ငံအများစုတွင် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များသည် လျှပ်စစ်နှင့် ရေပံ့ပိုးမှုစနစ်များတွင် ရင်းနှီးမြုပ်နှံမှုလျော့နည်းသောကြောင့် လစာမရရှိသော အလုပ်များအတွက် အချိန် အလွန်ပေးကြရသည်။ ၄င်းစနစ်များ တိုးတက်လာလျှင် အမျိုးသမီးများ နှင့် မိန်းကလေးငယ်တို့၏ အချိန်ပေးရမှုလျော့နည်း လာမည်ဖြစ်ပြီး သူတို့အတွက် ဝင်ငွေရလုပ်ငန်းများ၊ စာပေလေ့လာခြင်း နှင့်/ သို့ အားလပ်ချိန်များအတွက် အချိန်ပိုမိုရရှိလာ မည်ဖြစ်သည်။ [149]ယင်းကဏ္ဍများအပေါ်တွင် သမိုင်းတလျှောက် ရင်းနှီးမြုပ်နှံမှုလျော့နည်းခဲ့သော နိုင်ငံများကိုကြည့်လျှင် ရင်းနှီးမြုပ်နှံမှုမြင့်တင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှု *(အလုပ်သမားအင်အားပါဝင်မှု နှင့် လုပ်အားကျွမ်းကျင်မှုများ တိုးတက်ခြင်း)* နှင့် နိုင်ငံသားတို့၏ သက်သာချောင်ချိမှု *(အိမ်ထောင်တစ်ခု၏ဝင်ငွေ နှင့် အမျိုးသမီးတို့၏ အားလပ်ချိန်များ ပိုမိုရရှိလာခြင်း)* တို့ ပို၍ ရရှိလာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ လျှပ်စစ်၊ ရေ ပံ့ပိုးမှုစနစ်များ မှ အားနည်းနေခြင်းနှင့် အချို့နေရာများတွင် လုံးဝမရှိဘဲ ဖြစ်နေရာ ထိုကဲ့သို့ အသုံးစရိတ်များလျာထားချက်များကြောင့် ရရှိမည့် ကောင်းကျိုးများ သည် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည်။ [150]

- **ဝင်ငွေများ လျာထားမှုကဏ္ဍ၏ ကျား၊ မ မတူညီမှုကြောင့် ။** နိုင်ငံအများစုတွင် အမျိုးသမီးတို့၏ ဝင်ငွေများ တိုးမြင့်လာ ကြောင်းတွေ့ရှိရသည်။ အမျိုးသမီးတို့သည် ဝင်ငွေပိုမိုရရှိမည်ဆိုပါက သူတို့ရရှိသည့် ငွေအများအပြားကို သူတို့၏ကလေး များအတွက် အမျိုးသားများထက် ပို၍အသုံးပြုကြသည်။ [151]ဝင်ငွေသည် လုပ်အားခ (သို့) အစိုးရပေးငွေအဖြစ် အိမ်ထောင် ဦးစီးအားပေးသည့် ပုံစံဖြစ်နေပါစေ ကျား၊ မ မညီမျှမှုသည် မိသားစုသာယာဝဖြိုးရေး နှင့် လူ့အသိုင်းအဝိုင်းတစ်ခု သာယာ ဝဖြိုးရေးအပေါ်တွင် သက်ရောက်နိုင်သည်။

အထက်တွင်ဖော်ပြခဲ့ပြီးသော ကျား၊ မ တန်းတူညီမျှမှု မရှိခြင်းကို စိန်ခေါ်ခြင်းဖြင့် မူဝါဒများချမှတ်ခြင်း နှင့် ဘဏ္ဍာငွေခွဲဝေခြင်းတို့တွင် ကျား၊ မ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အစိုးရ၏ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုလာနိုင်မည်ဖြစ်သည်။ အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုအား လက်လှမ်းမှီနိုင်မှုကဏ္ဍတွင် ကျား၊ မ တန်းတူညီမျှမှု ရရှိရေးကို ထည့်သွင်းသုံးသပ်ခြင်းအားဖြင့် အကျိုးရှိမှု နှင့် တန်းတူညီမျှမှုကို မြှင့်တင်ပေးနိုင်သည်။ ဥပမာ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများထက် ခရီးမသွားလာမှု နည်းသည်။ အထူးသဖြင့် အိမ်နှင့်ခွဲခွာ၍ ညအိပ်ခရီးသွားရသည့် အခြေအနေမျိုးတွင် ပို၍မဖြစ်နိုင်ပါ။ ယင်းအချက်ကို သတင်းများ ပံ့ပိုးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ နှင့် အခြားသော အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးသည့် အချိန်များတွင် ထည့်သွင်းစဉ်းစားသင့် သည်။ [152]

---

[147] Duflo "အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးခြင်း နှင့် စီးပွားရေး ဖွံ့ ဖြိုးခြင်း၊ " ၁၀၆-၆၉

[148] Minolett, မြန်မာနိုင်ငံ၏ subnational အုပ်ချုပ်ရေးအပိုင်းတွင် အမျိုးသမီးတို့၏ ပူးပေါင်းပါဝင်မှု၊ ၁၉

[149] Duflo အမျိုးသမီးတို့အား လုပ်ပိုင်ခွင့်ပေးခြင်း နှင့် စီးပွားရေး ဖွံ့ ဖြိုးတိုးတက်မှု ၊ ၁၀၅၈-၅၉

[150] Minoletti မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာ ဘဏ္ဍာငွေခွဲဝေခြင်း

[151] ကမ္ဘာ့ဘဏ်၊ ၁၅၁ ။

[152] Minoletti မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာ ဘဏ္ဍာငွေခွဲဝေမှု ။

နိုင်ငံသားတို့၏ပူးပေါင်းပါဝင်မှုမြင့်တင်လာခြင်း နှင့်အတူ တန်းတူညီမျှပူးပေါင်းပါဝင်ခြင်းသည် အများအားဖြင့် သူတို့ကိုယ်တိုင်အတွက် အကျိုးရရှိခြင်းပင်ဖြစ်သည်။ လူ့အဖွဲ့ အစည်းကို ဗဟုသုတများပို၍ ဖြည့်ဆည်းပေးခြင်းအားဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အရည်အသွေးကို တိုးမြှင့်ပေးပြီး အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးခြင်းသည် ပို၍ပြည့်စုံပြီး လုံလောက်မှုရှိလာမည်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားများနှင့် အမျိုးသမီးတို့သည် မူဝါဒများနှင့် အချိန်အသုံးပြုမှုအပေါ်တွင် နှစ်သက်မှု မတူညီကြသောကြောင့် မညီမျှမှုများ ပို၍ရှိလာကြသည်။

မူဝါဒများချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးမှုများကို အတူတကွ အားလုံးပူးပေါင်း စဉ်းစားသုံးသပ်သင့်သည်။ ကမ္ဘာ့ဘဏ်မှ ဖော်ပြခဲ့သကဲ့သို့ "အစိုးရသည် သူ၏ဘဏ္ဍာငွေခွဲဝေမှုများအား မူဝါဒများမှာ ပံ့ပိုးပေးနိုင်မှသာလျှင် ၎င်း၏ ရည်မှန်းချက်များကို ရရှိမည်ဖြစ်သည်" ဖြစ်သည်။ [153]သို့ရာတွင် ယခုအချိန်တွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေခွဲဝေမှုမှာ အလွန်ကြိုတင်၍ ကျင့်သုံးထားခြင်းဖြစ်ပြီး အသုံးစရိတ်လျာထားချက်များကို ဗဟိုမှ ထိန်းချုပ်ခြင်း (သို့) ကြည့်ကြပ်မှု အလွန်နည်းပါးသည်။[154] ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန်အတွက် အချို့ဆောင်ရွက်ရန်မှာ ကုန်ကျစရိတ်သက်သာသော်လည်း (*ဥပမာ- အမျိုးသမီးများအား ခွဲခြားထားသော ဥပဒေ များကို ဖယ်ထုတ်ခြင်း*) အခြားအစိုးရ မူဝါဒများကဲ့သို့ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ရန် ရည်ရွယ်သော မူဝါဒများ ထိရောက်စွာဆောင်ရွက်နိုင်စေရန်အတွက်မှာ ငွေကြေးလုံလောက်မှုရှိရန် လိုအပ်သည်။ [155]တစ်ချိန်တည်းတွင် အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုများကို လက်လှမ်းမှီနိုင်ရန်အတွက် ကျား၊ မ တန်းတူညီမျှမှုကို အရေးတယူဂရုစိုက် ဆောင်ရွက်မည်ဆိုပါက ကြိုတင်ရေးဆွဲထားသော ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးချရန်လိုအပ်မည်ဖြစ်ပြီး ငွေကြေးလျာထားချက် နှင့် ဖွံ့ ဖြိုးရေးရလဒ်များတွင် ကျား၊ မ တန်းတူညီမျှမှုများ ပို၍ ရရှိမည်ဖြစ်သည်။

## ၄.၂) မြန်မာနိုင်ငံ၏ လတ်တလော အခြေအနေ

### ၄.၂.၁) မြန်မာနိုင်ငံတော်အစိုးရ၏ CEDAW နှင့် NSPAW အောက်ရှိ ထားရှိထားသည့် ကတိကဝတ်များ

၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် Convention on the Elimination of All forms of Discrimination Against Women (CEDAW) တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံဖြစ်လာသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရသည် မှ CEDAW သည် မြန်မာနိုင်ငံ ဥပဒေနှင့် တိုက်ရိုက်အကျုံးဝင်သည်ဟု ထပ်မံပြောဆိုခဲ့သည်။ [156]CEDAW သည် နိုင်ငံတော်မှ "အမျိုးသမီးအပေါ် ခွဲခြားထားမှုကို သင့်လျော်သော နည်းလမ်းများအားလုံးဖြင့် ဆောင်ရွက်ရန်လည်းကောင်း၊ မူဝါဒများဖြေလျော့ပေးမှုကို နှောင့်နှေးမှု[157]မရှိစေဘဲ" ဆောင်ရွက်ရန် သဘောတူရမည်ဖြစ်ပြီး အမျိုးသမီးတို့၏ဘဝများ ဖွံ့ ဖြိုးတိုးတက်ရေးစေရန် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နှင့် ယဉ်ကျေးမှုကဏ္ဍများ ဥပဒေပြုပြင်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။ CEDAW ကော်မတီသည် နိုင်ငံများတွင် အမျိုးသမီးတန်းတူညီမျှမှု အောင်မြင်စေရန် ငွေကြေးလျာထားချက်များကို အသုံးပြုရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။[158] ထို့အပြင် မြန်မာနိုင်ငံသည် Beijing Platform for Action (BPA) တွင် ပါဝင်လက်မှတ်ထိုးထားသည့် နိုင်ငံဖြစ်ရာ

> ယင်းတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် ထိရောက်သည့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အလမ်းများမှာ မူဝါဒများ နှင့် စီမံကိန်းများအတွက် ရေးဆွဲထားသည့် ငွေကြေးလျာထားချက်များ၊ ဆုံးဖြတ်ချက်ချမှတ်သောကဏ္ဍတို့တွင် ကျား၊ မ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများ နှင့် အမျိုးသားများအကြား တန်းတူညီမျှမှုရှိစေရန် စီမံကိန်းများအတွက် ငွေကြေးလုံလောက်မှုရှိရန်လည်း လိုအပ်သည်။ အစိုးရများသည် အမျိုးသမီးတို့ အများပြည်သူကဏ္ဍအသုံးစရိတ် (public sector expenditure)တို့မှ မည်သို့အကျိုးရရှိကြောင်းကို စနစ်တကျ သုံးသပ်လေ့လာရမည်ဖြစ်ပြီး အများပြည်သူအသုံးစရိတ်များကို လက်လှမ်းမှီနိုင်ရေးတွင် တန်းတူညီမျှမှုရှိစေရန်လည်း ငွေကြေးလျာထားချက်များကို ချိန်ညှိရမည်ဖြစ်သည်။ [159]

---

[153] ကမ္ဘာ့ဘဏ်၊ အများပြည်သူ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ဆောင်ရွက်ချက် အစီရင်ခံစာ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် (ဝါရှစ်တန်၊ ကမ္ဘာ့ဘဏ်၊ မေ ၂၀၁၃)၊ ၅၁ ။

[154] ကမ္ဘာ့ဘဏ်၊ အများပြည်သူ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ဆောင်ရွက်ချက် အစီရင်ခံစာ ၊ ၅၁-၅၄ ။

[155] Diane Elson ၊ အမျိုးသမီးအခွင့်အရေးအတွက် ဘဏ္ဍာငွေခွဲဝေခြင်း၊ CEDAW နှင့် ကိုက်ညီမှုရှိစေရန် အုပ်ချုပ်ရေး ဘဏ္ဍာငွေခွဲဝေမှုကို စောင့်ကြည့်လေ့လာခြင်း ။ (နယူးယော့ဂ်၊ UNIFEM၊ ၂၀၀၆) ၊ ၃၂ ။

[156] အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းအား လျော့နည်းစေရန်ဆောင်ရွက်သည့် UN ကော်မတီ "ဒုတိယ နှင့် တတိယ အပတ်စဉ် အစီရင်ခံစာကို ပူးစည်းခြင်း နှင့် ပတ်သက်၍ အခက်အခဲများ နှင့် မေးခွန်းများအပေါ် တုံ့ပြန်ဆောင်ရွက်ရန် စာရင်းများ ။ ၂၀၀၈ ။

[157] ၁၅၈ UN အထွေထွေညီလာခံ၊ အမျိုးသမီးတို့အပေါ် ခွဲခြားဆက်ဆံခြင်း ပုံစံအားလုံးကို လျော့နည်းစေရန်ဆောင်ရွက်သည့် ညီလာခံ ၊ ၁၉၇၉၊ ဆောင်းပါး ၂ ။

[158] Elson အမျိုးသမီးများ အခွင့်အရေးအတွက် ဘဏ္ဍာငွေခွဲဝေခြင်း၊ ၁၃ ။

[159] ကုလသမဂ္ဂ "အမျိုးသမီးများအတွက် စတုတ္ထမြောက် ကမ္ဘာ့ညီလာခံတွင် အတည်ပြုခဲ့သော Beijing ကြေငြာချက် နှင့် လုပ်ငန်းဆောင်ရွက်ရန် အခွင့်အလမ်းများ" ၁၉၉၅၊ စာပိုဒ် ၃၄၅-၄၆ ။

CEDAW နှင့်  BPA အကောင်အထည်ဖော်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတော် အစိုးရသည် အမျိုးသမီးများဘဝ တိုးတက်စေရေးအတွက် National Strategic Plan ကို ထုတ်ဝေခဲ့သည်။ NSPAW တွင် CEDAW နှင့် BPA ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်ရန် ၁၂ ခုပါဝင်သည်။[160] ဦးစားပေးဆောင်ရွက်ရန်ကဏ္ဍ ၁၁ ခု အတွက် NSPAW မှ "အမျိုးသမီးများ ဖွံ့ ဖြိုးတိုးတက်ရေး နှင့်  ယင်းမူဝါများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာစေရန်" [161]တိုက်တွန်းထားသည်။  ဦးစားပေးဆောင်ရွက်ရန် ၁၂ ခု စလုံးအတွက် NSPAW သည် ဥပဒေများ နှင့် မူဝါဒများကို အမျိုးသမီးများ နှင့် မိန်းကလေးငယ်တို့၏ ဘဝများကို မြှင့်တင်ပေးရန်အတွက် ပြန်လည်သုံးသပ်ခြင်း၊ ပြုစုရေးဆွဲခြင်း နှင့် လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်းဖော်ပြထားသည်။ ထိုသို့ပြုလုပ်ရာတွင်လည်း CEDAW နှင့် BPA တို့နှင့် အညီ ပြုလုပ်ရန် လိုအပ်ကြောင်းဖော်ပြထားသည်။ ထို့အပြင် NSPAW သည် "အထက်တွင်ဖော်ပြထားသော ငွေကြေးလျာထားးချက်များ သတ်မှတ်ခြင်း၊ လူများနှင့်ပစ္စည်းအရင်းအမြစ်များကိုအစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများအပါအဝင်ပါဝင်သူအားလုံးမှစသည့်လုပ်ငန်းများ လျာထားရန် တိုက်တွန်းထားသည်။

NSPAW ၏ ရည်မှန်းချက်များ ခိုင်မာသော်လည်း အမှန်တကယ် မူဝါဒချမှတ်ခြင်း (သို့) ဘဏ္ဍာငွေခွဲဝေခြင်းတို့ အပေါ်တွင် အကျိုးသက်ရောက်မှုအနည်းငယ်သာရှိပြီး လွှတ်တော် (သို့) နိုင်ငံတော်မှ ကတိကဝတ်ထားရှိမှုအနည်းငယ်သာရှိသည်။ ထို့အပြင် (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၀.၁ ရာခိုင်နှုန်းသာ ရရှိထားသည်။  [162]NSPAW အတွက် နည်းဗျူဟာကို မရေးဆွဲရသေးခြင်းမှာလည်းအခက်အခဲတစ်ခုဖြစ်နေပြီးအဆုံးသတ်ရန်အချိန်လိုအပ်ပြီးလက်တွေ့ မူဝါဒရေးရာကိစ္စများအကောင်အထည်ဖော်ရန်မှာ  ခက်ခဲနေသေးသည်။

## ၄.၂.၂)  ဥပဒေ နှင့် မူဝါဒအပြောင်းအလဲများ

ယခင်အစိုးရလက်ထက်တွင် အမျိုးသမီးတို့၏ အခွင့်အရေးများ နှင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် ဥပဒေပြုပြင်ဆောင်ရွက်မှုများ နည်းပါးကြောင်းတွေ့ ရှိရသည် ။ ၎င်းတို့တွင် အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်ရေး  ဥပဒေ နှင့် မြေယာအသုံးပြုမှု ဥပဒေကဏ္ဍများ၏ မှတ်တမ်းများပေါ်တွင် ကျား၊ မ တန်းတူညီမျှမှု နှင့် အမျိုးသမီးတို့၏ အခွင့်အရေးများသည် ခိုင်မာသင့်သလောက် မခိုင်မာပဲရှိနေသည်။ GEN နှင့် ၎င်း၏ အဖွဲ့ ဝင်အဖွဲ့ အစည်းများမှလည်း မြန်မာနိုင်ငံအတွင်း universal periodic review process တွင် ကျား၊ မ တန်းတူညီမျှမှု အရေးကိစ္စများကို ပြောဆိုခဲ့ကြသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်အတွင်းတွင် "four bills to protect race and religion" ဟုခေါ်ဆိုသည့် အရာကို တွေ့ ရှိခဲ့ကြသည်။ ယင်း bills များသည် CEDAW အောက်တွင် မြန်မာနိုင်ငံမှ ထားရှိထားသည့် ကတိကဝတ်များကို သိသိသာသာဆန့်ကျင်နေပြီး  အမျိုးသမီးတို့၏  အခွင့်အရေးများအတွက်  ခေတ်နောက်ပြန်ဆွဲနေသည်။[163] ထို့အပြင် မူဝါဒများ (သို့) ဘဏ္ဍာငွေခွဲဝေမှုများ သတ်မှတ်ချိန်တွင်လည်း ကျား၊ မ ကွာခြားချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မှုကိုလည်း အစိုးရဌာနများမှ နားလည်မှု နည်းပါးနေသေးသည်။

## ၄.၂.၃) မူဝါဒ နှင့် ဘဏ္ဍာငွေခွဲဝေမှုများ၏ နှစ်သက်မှုများအတွက် ကျား၊ မ မတူညီမှုများ

အခြားနိုင်ငံများတွင် ပြုလုပ်ခဲ့သော လေ့လာသုံးသပ်မှုများတွင် အမျိုးသားများ နှင့် အမျိုးသမီးများသည် အစိုးရမှကျင့်သုံးသော မူဝါဒများနှင့်  လျာထားသော  ဘဏ္ဍာငွေခွဲဝေမှုများ  အပေါ်တွင်  မတူညီသည့်  ဦးစားပေးဆောင်ရွက်ရန်များရှိကြသည်။  မြန်မာနိုင်ငံတွင် နည်းပါးနေသော ပြည့်စုံသည့် အချက်အလက်များနည်းပါးခြင်း၊ နည်းလမ်းဆိုင်ရာပြဿနာများရှိသော်လည်း ရရှိနိုင်သည့် အထောက်အထားများမှ မြန်မာနိုင်ငံတွင် ဘဏ္ဍာငွေခွဲဝေမှုနှင့် မူဝါဒများအပေါ် နှစ်သက်မှုများတွင် ကျား၊ မ မတူညီမှုအပေါ် အခြေခံထားမှုများ ရှိသင့်ကြောင်း အကြံပြုထားသည်။  မြန်မာနိုင်ငံမှ အမျိုးသမီးတို့သည် ကျန်းမာရေး နှင့် ပညာရေး ကဏ္ဍအတွက် ပို၍ ဦးစားပေးကြပြီး အမျိုးသားတို့မှာ သယ်ယူပို့ဆောင်ရေး (လမ်းများအပါဝင်) အတွက် ပို၍ ဦးစားပေးကြသည်။  ငွေကြေးလျာထားမှု ပံ့ပိုးမှု လျော့နည်းသော  MoSWRR ၏ ဝန်ဆောင်မှုများကြောင့် အမျိုးသမီးတို့သည် အမျိုးသားများထက် အချိန်ကို ပို၍ အသုံးချရသည်။ [164]

---

[160] ဦးစားပေးဆောင်ရွက်ရန် ၁၂ ချက်မှာ- အမျိုးသမီးများ နှင့် အသက်မွေးဝမ်းကြောင်း၊ အမျိုးသမီးများ၊ ပညာရေး နှင့် သင်တန်း၊ အမျိုးသမီးများ နှင့် ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ အမျိုးသမီးများ နှင့် အရေးပေါ်အခြေအနေ၊ အမျိုးသမီးများ နှင့်စီးပွားရေး၊ အမျိုးသမီးများ နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ၊ အမျိုးသမီးတို့ဘဝတိုးတက်ရေးအတွက် အဖွဲ့ အစည်းဆိုင်ရာ နည်းလမ်းများ၊ အမျိုးသမီးများ နှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများ နှင့် မီဒီယာ၊ အမျိုးသမီးများ နှင့် ပတ်ဝန်းကျင်၊ ကလေး (မိန်းကလေး) ။

[161] ဤစာကြောင်းတွင် မပါဝင်သော ဦးစားပေးဆောင်ရွက်ရန် ကဏ္ဍ မှာ အမျိုးသမီးများ နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်ပြီး၊ ဤစာတမ်းမှ ကျန်ရှိသော ဦးစားပေးဆောင်ရွက်ရန်များမှာ မလိုအပ်ပေ ။

[162] ၁၆၃ ဦးဇော်ဦး နှင့် အခြားသူများ "မြန်မာနိုင်ငံမှ ကလေးများအတွက် အများပြည်သူဘဏ္ဍာရေးလုပ်ငန်း၊ အများပြည်သူ ဘဏ္ဍာရေး၏ ဦးတည်ရာ ၂၀၁၁-၁၂ မှ ၂၀၁၄-၁၅ (ရန်ကုန်၊ UNICEF နှင့် MDRI-CESD၊ ၂၀၁၄)၊ ၂၇ ။

[163] Chloe White ၊ မည်သူ့ ဆီမှ အကာအကွယ်ရလဲ။ နိုင်ငံတကာဥပဒချိုးဖောက်ခြင်း၊ မြန်မာနိုင်ငံ၏ "မျိုးစောင့်ဥပဒေ" အသစ်( ဝါရှစ်တန်၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေး၊ နှင့် လုံခြုံရေး၊ ၂၀၁၅ အတွက် Georgetown အဖွဲ့ အစည်း) ။

[164] Minoletti ၊ မြန်မာနိုင်ငံ၏ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း ။

ပညာရေးနှင့် ကျန်းမာရေးအပေါ်တွင် အသုံးစရိတ်များ မကြာခင်က နှစ်များအတွင်း အလျင်အမြန် တိုးမြင့်လာသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုငွေကြေးလျာထားချက်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန နှင့် MosWRR တို့၏ စုစုပေါင်းသည် စွမ်းအင်၊ ကာကွယ်ရေး နှင့် (power) ဝန်ထမ်းဌာနတို့အား ပေးထားသော ငွေကြေးထက်လျော့နည်းနေသည်။ [165]subnational အဆင့်တွင် ပြည်နယ်/ တိုင်းဒေသကြီး၏ အစိုးရအသုံးစရိတ် ထက်ဝက်ကျော်ကို လမ်းများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အခြားသော ပြည်သူပိုင်အဆောက်အအုံများကို ထိန်းသိမ်းရန်နှင့် တည်ဆောက်ရန်တာဝန်ယူထားသော အများပြည်သူလုပ်ငန်းဌာနမှ သုံးစွဲခဲ့သည်။ [166]တိကျသည့်အချက်အလက်များမရရှိနိုင်ပါ။ သို့ရာတွင် သိပ္ပံနည်းကျ လေ့လာထားခြင်းလည်းမရှိ၊ အသေးစိတ်လည်းမကျသော အထောက်အထားများမှ လမ်းများတည်ဆောက်ခြင်းသည် လွန်ခဲ့သောနှစ်များအတွင်းက မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်တို့တွင် အမြင့်ဆုံးအသုံးစရိတ်ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏လမ်းများသည် ပြုပြင်ရန်အလွန်လိုအပ်လျက်ရှိနေခြင်းမှာ ယုံမှားသံသယဖြစ်စရာ မလိုပေ။ သို့ရာတွင် အခြားသော ပြည်သူ့အဆောက်အအုံ နှင့် လူမှုရေးကဏ္ဍလိုအပ်ချက်များစွာ ရှိနေသေး သည်ဖြစ်ပြီး subnational လမ်းများတည်ဆောက်မှုသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသားတို့လွှမ်းမိုးမှုဘက်လိုက်နေကြောင်း ပေါ်လွင်နေသည်။ ၎င်းသည် မူဝါဒချမှတ်ခြင်း၏ အစောပိုင်း ညွှန်းကိန်းတစ်ခုဖြစ်နိုင်ပြီး ဘဏ္ဍာငွေခွဲဝေရေးအတွက် တာဝန်ရှိသူများမှ ကျား၊မ သာတူညီမျှမှုဆိုင်ရာ နည်းဗျူဟာများကို မကျင့်သုံးပါက ဆုံးဖြတ်ချက် ချမှတ်ရေးတွင် မျှတမှုရှိနိုင်မည် မဟုတ်ပါ။

## ၄.၂.၄) ငွေကြေးလျာထားချက် ရလဒ်များ နှင့် Outcomes များကို တိုင်းတာခြင်း

နောက်ဆုံးတွင် ဘဏ်ငွေခွဲဝေမှုရလဒ်များနှင့်အကျိုးကျေးဇူးများကိုကျား၊မရေးရာကဏ္ဍမှ အသေးစိတ် သုံးသပ်လေ့လာမှုခြင်းအားဖြင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ထွက်ရှိလာမည့် ကျား၊ မ ကဏ္ဍ"ငွေကြေး" လျာထားချက် အစီရင်ခံစာတွင်ဖော်ပြထားသကဲ့သို့ ယင်းသည် မကြာမီတွင် အချိန်တိုအတွင်းတွင် အဆင်ပြေစေလာမည့် ကိစ္စမဟုတ်ပါ။ ဘဏ္ဍာငွေခွဲဝေခြင်းလုပ်ငန်းစဉ်တွင် ရှင်းလင်းသည့် မူဝါဒဦးစားပေးဆောင်ရွက်ရန်များ ချမှတ်ခြင်း၊ ဘဏ္ဍာငွေအသီးအသီးခွဲဝေခြင်း၊ အားလုံးနှင့်ဆိုင်ပြီး တူညီသည့် ငွေကြေးလျာထားချက် ချမှတ်ခြင်း၊ ငွေကြေးလျာထားချက်များ နှင့် လုပ်ငန်းစဉ်များကို ထင်သာမြင်သာရှိစေခြင်း နှင့် နိုင်ငံသားများအားလုံးမှ အစိုးရ၏အဆင့်တိုင်းရှိ ငွေကြေးလျာထားချက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့်ကဏ္ဍတွင် အကျိုးရှိရှိပါဝင်နိုင်ရန် အခွင့်အရေးရရှိခြင်း စသည်တို့ပါဝင်သည့် ဦးစားပေးဆောင်ရွက်ရမည့် အခြေခံအပြောင်းအလဲများ [167]ရှိနေသေးသည်။ သို့ပါလျက် မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာကဏ္ဍနှင့် ပတ်သက်သည့် ငွေကြေးလျာထားချက်ဆိုင်ရာ ရလဒ်များနှင့် (outcomes) များအတွက် အချက်အလက်များ ရရှိနိုင်သည်။ ဥပမာ - မြန်မာနိုင်ငံတွင် မီးဖွားစဉ် မိခင်သေဆုံးမှုနှုန်းမှာ လူဦးရေ ၁၀၀,၀၀၀ တွင် ၂၀၀ ဦးခန့်ရှိသောကြောင့် အာရှတိုက်ရှိ *(အာဖဂန်နစ္စတန်၊ လာအို၊ တီမော နှင့် ယီမန်)* ၄ နိုင်ငံမှ လွဲ၍ အဆိုးရွားဖြစ်နေသည်။ [168] အခြားဥပမာတစ်ခုမှာ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအများစုသည် မြေပိုင်ဆိုင်မှုရှိသူကိုသာ စိုက်ပျိုးရေးချေးငွေထောက်ပံ့သည်။ လက်ခံရရှိသူများမှာ ကျား၊ မ ခွဲခြားထား၍ဖော်ပြထားသောအချက်အလက်များ မရှိသော်လည်း မြေယာပိုင်ဆိုင်သူ အများစု၏ အမည်များမှ အမျိုးသားများဖြစ်သည်။ ထို့ကြောင့် အမျိုးသားတို့သည် ငွေကြေးလျာထားချက် ရလဒ်များ နှင့် စိုက်ပျိုးရေးချေးငွေများကို ပို၍ အကျိုးခံစားခွင့်ရှိကြသည်။ [169]

## ၄.၂.၅) နိုင်ငံသားများ ပူးပေါင်းပါဝင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း နှင့် တာဝန်ခံခြင်း

လက်ရှိတွင် မရရှိနိုင်သော (သို့) ဘဏ္ဍာငွေခွဲဝေမှု အချက်အလက်အများစုမှာ မြန်မာနိုင်ငံ၏ ငွေကြေးအသုံးစရိတ် လျာထားချက် ရလဒ်များ နှင့် [170]အကျိုးကျေးဇူးများအတွက် ထိရောက်သည့် အချက်အလက်ဆန်းစစ်လေ့လာချက်ပြုလုပ်ရန် လိုအပ်သည်။ ဆုံးဖြတ်ချက်ချမှတ်သူတို့သည် ငွေကြေးလျာထားချက်နှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများတွင် နိုင်ငံသားများပါဝင်လာခြင်းအားဖြင့် ရရှိသော ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ သို့ရာတွင် နိုင်ငံသားတို့၏ ပါဝင်နိုင်ရန် အရည်အသွေးကို အခန်း ၂.၃ တွင် ဖော်ပြထားသော အကြောင်းအရာများသာမက ဘဏ္ဍာငွေခွဲဝေသောလုပ်ငန်းစဉ်၊ တာဝန်များ နှင့် လျာထားချက် နှင့် ပတ်သက်ပြီး အသိအလွန်နည်းပါးခြင်းတို့က ဟန့်တားထားသည်။ ဤသို့ အသိနည်းပါးမှုသည် အမျိုးသမီးတို့အကြားတွင် အဖြစ်များနေ

---

[165] ဦးနှင့် အခြားသူများ၊ ၂၀ ။

[166] Giles Dickenson-Jones, S. Kanay De, နှင့် Andrea Smurra၊ မြန်မာနိုင်ငံမှ ပြည်နယ်နှင့် တိုင်းဒေသကြီး အများပြည်သူနှင့်ဆိုင်သော ဘဏ္ဍာရေး (ရန်ကုန်၊ MDRI-CESD နှင့် အာရှဖောင်ဒေးရှင်း၊ အောက်တိုဘာလ ၂၀၁၅)၊ ၃၄ ။

[167] Minoletti မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း ။

[168] ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ဘဏ် ဖွံ့ ဖြိုးရေး ညွှန်းကိန်းများ၊ *http://data.worldbank.org/data-catalog/world-development-indicators*

[169] N.b ချွင်းချက် - အမျိုးသားများ ရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်မားသော မွန်ပြည်နယ်၏ အမျိုးသားမူဝါဒ၊ ၎င်းတွင် ရွှေ့ပြောင်းလုပ်ကိုင်သူ၏ အမျိုးသမီးမှ သူမ၏ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် အစိုးရထံမှ ချေးငွေကို ထုတ်ယူခွင့်ရှိသည်။ Minoletti ကို ကြည့်ပါ၊ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာ ဘဏ္ဍာငွေခွဲဝေမှု ။

[170] Minoletti ကို ကြည့်ပါ။ မြန်မာနိုင်ငံမှ ကျား၊ မ‌ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေမှု၊ ကမ္ဘာ့ဘဏ်၊ အများပြည်သူ ဘဏ္ဍာငွေစီမံခန့်ခွဲမှု ဆောင်ရွက်ချက် အစီရင်ခံစာ၊ ၃၇-၅၁ ။

သည်။ အထူးသဖြင့် အများအားဖြင့် subnational အဆင့်တွင် အစီအစဉ်ရေးဆွဲခြင်း၊ ဘဏ္ဍာငွေခွဲဝေရေးနှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးခြင်း ကိစ္စတို့တွင် တာဝန်ရှိသူတို့၏ လျစ်လျူရှုထားမှုကြောင့် နိုင်ငံသားတို့မှ ဆုံးဖြတ်ချက်ချမှတ်ရေးတွင် ပါဝင်ခွင့်ရရန် နည်းပါးကြသည်။ အရပ်ဘက်အဖွဲ့အစည်းအများစုသည်လည်း ဤကိစ္စအပေါ်တွင် သိနားလည်မှုနည်းပါးပြီး သူတို့၏ အသံများကို ကိုယ်စားပြုစေရန် နှင့် တာဝန်ခံမှုကို တောင်းဆိုရာတွင် သူတို့၏ စွမ်းဆောင်ရည်များကို ကန့်သတ်ခံထားရသည်။ အသိနည်းပါးမှုသည် ငွေကြေးလျာထားချက်များကို လူထုအား အသိမပေးထားခြင်းကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ပြီး အချက်အလက်များကိုလည်း ထိရောက်မှုမရှိဘဲ ဆက်သွယ်ဖြန့်ဝေနေသောကြောင့်ဖြစ်သည်။ [171]

## ၄.၂.၆) ကျား၊ မ ကဏ္ဍအတွက် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများတွင် ထည့်သွင်းထားသော လက်ရှိ မြန်မာနိုင်ငံမှ ကြိုးပမ်းမှုများ

အဆင့်တိုင်းရှိ နိုင်ငံရေးပါတီများ၊ အစိုးရဌာနများသည် ငွေကြေးအသုံးစရိတ်သတ်မှတ်ခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများကို ကျား၊ မ ရေးရာကဏ္ဍနှင့် ကိုက်ညီမှုရှိစေရန် နည်းလမ်းအနည်းငယ်သာရှိကြသည်။ (သို့) အဘယ်ကြောင့် ပြုလုပ်သင့်ကြောင်းကို မသိရှိကြပါ။ ထို့ကြောင့် အုပ်ချုပ်ရေး၏ ဤအခန်းကဏ္ဍတို့မှာ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးနိုင်ခြင်းမရှိဘဲ မြန်မာ့လူ့အဖွဲ့အစည်း၏ ကျား၊ မ မညီမျှမှုကိုသာ ဖော်ပြနေသည်။ ရှားပါးသည့် ချွင်းချက်မှာ ချင်းပြည်နယ်အစိုးရ၏ ကြိုတင်ပြင်ဆင်ထားသော ငါးနှစ်တာဖွံ့ ဖြိုးရေးစီမံကိန်း (၂၀၁၆-၂၁) ဖြစ်သည်။ ယင်းမှတ်တမ်းများတွင် ချင်းပြည်နယ်ရှိ အမျိုးသမီးတို့ကြုံတွေ့ရသော ခွဲခြားခံရမှု အဆင့်များပါရှိသည်။ အမျိုးသမီးတို့၏ဘဝများကို မြှင့်တင်ပေးမည့် စီမံချက်များနှင့် ကျား၊ မ မညီမျှမှုကို လျှော့ချပေးမည့် စီမံချက်များကို တစ်ခုစီ၏ ခန့်မှန်းကုန်ကျစရိတ်များဖြင့်ဖော်ပြထားပြီး ဖွံ့ ဖြိုးရေးရလဒ်များကိုလည်း ဖော်ပြထားသည်။ [172]NLD နှင့် အခြားနိုင်ငံရေးပါတီများတွင် အမျိုးသမီးအခက်အခဲများကို ဖြေရှင်းရန်အတွက် မူဝါဒရေးရာကော်မတီခွဲများရှိပြီး ယင်းကော်မတီများမှာ ငွေကြေးလျာထားချက်နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုများအတွက် မြှင့်တင်ပေးရန်ဆောင်ရွက်နေသော ကျား၊ မ အရေးကိစ္စအတွက် လုပ်ငန်းဆောင်ရွက်နေသည့် အရည်အချင်းပြည့်ဝသော မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည်။

လွန်ခဲ့သောနှစ်များအတွင်းက GEN ၊ WON နှင့် အခြားအဖွဲ့အစည်းအဖွဲ့ဝင်များသည် ကျား၊ မ ဖြစ်တည်မှုပေါ် အခြေခံသော အကြမ်းဖက်မှု နှင့် PoVAW ဥပဒေ၊ NSPAW၊ လူမျိုး နှင့် ဘာသာရေး၏ four bills National Land Use Policy ၊ constitutional reform နှင့် universal periodic သုံးသပ်ချက်တို့အပါဝင် ပြဿနာအချို့အား အောင်မြင်မှုအဆင့် ကွာခြားမှုများဖြင့် လူထု ညှိနှိုင်းလှုံ့ဆော်မှုများကို ပြုလုပ်ခဲ့ကြသည်။ [173]မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ NGO များသည် ငွေကြေးလျာထားချက်ပြဿနာများ ( citizens' budget လမ်းစဉ် ဖြင့် ) များအပေါ်တွင် လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ယခုအချိန်ထိ GEN နှင့် WON အဖွဲ့ဝင်များသည် ငွေကြေးလျာထားချက် နှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများအပေါ်တွင် ပါဝင်လုပ်ဆောင်မှု အလွန်နည်းနေသေးသည်။ လွန်ခဲ့သောနှစ်များအတွင်းတွင်ဤကွန်ယက်အတွင်းမှ အဖွဲ့အစည်းအဖွဲ့ဝင်အချို့မှာဤအကြောင်းအရာများအပေါ်တွင်စိတ်ဝင်စားမှု မြင့်လာကြောင်းတွေ့ရှိသည်။ Actionaid, CARE, Oxfam နှင့် WON တို့သည် မကြာမီတွင် မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာဘဏ္ဍာငွေခွဲဝေမှုများအတွက် အသေးစိတ်အစီရင်ခံစာကို ထုတ်ဝေမည်ဖြစ်သည်။ [174]GEN သည် အစိုးရ၏ စီမံအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်တွင် ကျား၊ မ ရေးရာအတွက် ဘဏ္ဍာငွေခွဲဝေမှုကို ထည့်သွင်းစေချင်သည်။ [175]သို့ရာတွင် ဤအခက်အခဲများကို ဖြေရှင်းရန် စီမံကိန်းလုပ်ငန်းများအတွက် ခိုင်မာသည့်အစီအစဉ်များမှာ Actionaid မှလွဲ၍ အခြားအဖွဲ့များတွင် နည်းနေသေးသည်။ နောက်ပိုင်း အခန်းတွင် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကျား၊ မ ရေးရာကဏ္ဍနှင့် ကိုက်ညီစေရန် အသုံးပြုနိုင်မည့် နည်းလမ်းများကို ဖော်ပြထားသည်။

## ၄.၃) မြန်မာနိုင်ငံတွင် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုများ တိုးမြင့်လာရန် အသုံးဝင်မည့်နည်းလမ်းများ

### ၄.၃.၁) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပူးပေါင်းပါဝင်မှု တိုးမြှင့်လာခြင်း

ဆုံးဖြတ်ချက်ချမှတ်ရေးကဏ္ဍတွင် အမျိုးသားတို့ကြီးစိုးမှုများ၊ ယင်းသို့ဖြစ်စေသော အကြောင်းရင်းများနှင့် ၎င်းတို့၏ သက်ရောက်မှုများကို အတိုင်းအတာတစ်ခုထိ ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ အမျိုးသမီးများ၏ ပညာရေးချို့တဲ့မှု (သို့) နည်းပညာပိုင်းအားနည်းခြင်း တို့

[171] Minoletti မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေမှု ။

[172]မြန်နိုင်ငံစုပေါင်းဖွံ့ ဖြိုးရေးအဖွဲ့၊ ချင်းပြည်နယ်၅နှစ်ဖွံ့ ဖြိုးရေးစီမံကိန်းနှင့်နှစ်စဉ်စီမံကိန်း ၂၀၁၆-၂၀၂၁၊ အခန်း၁ (ရန်ကုန်၊ MIID အောက်တိုဘာလ၊ ၂၀၁၄) ၊ ၁၈၊ ၃၀၊ ၃၄၊ ၃၇-၃၉ ။

173 GEN နှင့် ကွင်းဆင်းလူတွေ့စစ်ဆေးခြင်း ၊ ဒီဇင်ဘာလ ၂၀၁၅ ။

[174] Minoletti မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း

[175] GEN နှင့် ကွင်းဆင်းလူတွေ့စစ်ဆေးခြင်း ၊ ဒီဇင်ဘာလ ၂၀၁၅ ။

ကြောင့် ငွေကြေးလျာထားချက်များတွင် မပါဝင်ရခြင်းကိစ္စကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အမျိုးသမီးတို့သည် အိမ်ထောင်တစ်ခုတွင် နေ့စဉ်ငွေကြေးအသုံးစရိတ်များကို စီမံခန့်ခွဲနေကြရသည်ဖြစ်ရာ ကျေးရွာ/ကျေးရွာအုပ်အဆင့်တွင် ပူးပေါင်းပါဝင်စေရန် ထည့်သွင်းစဉ်းစားသင့်သည်။ မြန်မာနိုင်ငံတွင် ငွေစာရင်းနှင့် စာရင်းကိုင်လုပ်ငန်းများမှာ အလွန်ပင် အမျိုးသမီးများကို ခန့်အပ်ကြပြီး ထိုသို့သောလုပ်ငန်းများအတွက် အမျိုးသားအနည်းစုသာ ခန့်အပ်ကြသည်။ တက္ကသိုလ်များတွင် ဘာသာရပ်အလိုက်ဝင်ခွင့်ကို ကျား၊ မ အလိုက်ခွဲခြားဖော်ပြထားသော အချက်အလက်များ မရှိသော်လည်း နိုင်ငံအများစုနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံမှ စီးပွားရေးဘာသာရပ် ယူထားသူများမှာ ကျောင်းသူများ ဖြစ်ကြသည်။

၁၉၉၀ခုနှစ်အိန္ဒိယနိုင်ငံ၊Keralaပြည်နယ်၏အတွေ့အကြုံအရပါဝင်မှုမညီမျှမှုကိုဆောင်ရွက်ရန်ဆန္ဒအလုံအလောက်ရှိသည့်အခါတွင် အချိန်အတိုင်းအတာ အနည်းငယ်အတွင်းပင်လျှင် ဆောင်ရွက်နိုင်ကြောင်းကို ဖော်ပြထားသည်။ ၁၉၉၆ ခုနှစ်တွင် Kerala ပြည်နယ်သည် ဘဏ္ဍာငွေခွဲဝေရေးဆိုင်ရာ လုပ်ပိုင်ခွင့်ကို အစိုးရဒေသအဆင့် (ကျေးရွာကောင်စီများ၊ blocks နှင့် ခရိုင်များ) အထိပေးထားခဲ့ပြီး ယင်းဒေသခံများ နိုင်ငံတော်ငွေကြေးအသုံးစရိတ်၏ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်ခွင့်ရရှိသည်။ စနစ်အသစ်အောက်တွင် အဓိကဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ရပ်ရွာအဆင့် လူထုဆွေးနွေးပွဲများတွင် ပြုလုပ်လေ့ရှိပြီး ၅ နာရီမှ ၇ နာရီကြာမြင့်သည်။ နိုင်ငံသားများအားလုံးမှလည်း ပါဝင်နိုင်ပြီး နှစ်စဉ် ဘဏ္ဍာငွေခွဲဝေမှု တစ်နှစ်၏ အစနှင့် အဆုံးတွင် ကျင်းပပြုလုပ်သည်။ ဤဆွေးနွေးပွဲများတွင် နိုင်ငံသားတို့၏ တက်ရောက်ပါဝင်မှုမှာ ပထမနှစ်အတွင်းတွင် ကျေးလက်ဒေသ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး မြင့်မားသည်။ သို့သော်လည်း အမျိုးသမီးများနှင့် (SC/STs)တို့၏ ပူးပေါင်းပါဝင်မှုမှာ ပုံမှန်ထက်လျော့နည်းနေသည်ကိုတွေ့ရသည်။ [176] ဒုတိယနှစ်ဝက်တွင်မူ အမျိုးသမီးတို့၏ ပါဝင်မှုနှုန်းသည် အထွေထွေလူဦးရေ၏ ၈၂ရာခိုင်နှုန်းဖြစ်ပြီး (SC/STs) မှာ ပျမ်းမျှထက် လျော့နည်းနေပြီး ဤအုပ်စုနှစ်ခုစလုံး၏ ညီလာခံတက်ရောက်မှုမှာ ပုံမှန်တက်ရောက်လေ့ရှိသူအရေအတွက် ထက်ဝက်ခန့်သာရှိသည်။[177] ဤသို့ ပူးပေါင်းပါဝင်မှု တွင် ကျား၊ မ တန်းတူညီမျှမှု အရှိန်အဟုန်နှင့် အလျင်အမြန် (dramatic) တိုးတက်လာမှုမှာ နိုင်ငံတော်အစိုးရနှင့် ဒေသခံ NGO များ၏ ကြိုးပမ်းအားထုတ်မှု၏ ရလဒ်ဖြစ်သည်။ ယင်းကြိုးပမ်းမှုများတွင် သုံးသပ်လေ့လာမှုများ ပူးပေါင်းပါဝင်မှုကို အထူးပြုဆောင်ရွက်ခြင်း နှင့် ပူးပေါင်းပါဝင်မှုတွင် သာတူညီမျှမှု တိုးမြင့်လာစေရန် အောက်ပါနည်းလမ်းတို့ကို ကျင့်သုံးမှုများပါဝင်သည်။

- နိုင်ငံတော်အစိုးရမှ အမျိုးသမီးများနှင့် SC/STs များတွက် မည်သည့်ရံပုံငွေများ လျာထားသည်ကို ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူမှုရှိပြီး အမျိုးသမီးများနှင့် SC/STs များအတွက် သင်တန်းအစီအစဉ်များ တိုးမြှင့်ပေးခြင်းနှင့် အချို့သော လုပ်ငန်းစဉ်ဆိုင်ရာ စည်းမျဉ်းများ ပြောင်းလဲပေးခြင်း။

- KSPP နှင့် အမျိုးသမီး အရပ်ဖက်အဖွဲ့အစည်းများသည် ဤအဖွဲ့များကို စည်းရုံးရန်အတွက် သူတို့၏ ကြိုးပမ်းမှုများကို မြှင့်တင်လာပြီး ကျေးရွာရာပေါင်းများစွာတွင် အမျိုးသမီးအဖွဲ့များကို ပူးပေါင်းပါဝင်မှုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ [178]

မြန်မာနိုင်ငံတွင် တန်းတူညီတူ ပူးပေါင်းပါဝင်မှုကို အလွယ်တကူရရှိမည်ဟု ယူဆပါက အလွန်အကောင်းမြင်လွန်းရာကျမည်ဖြစ်သည်။ Kerala အစိုးရသည် လူထုဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် အလွန်ကောင်းမွန်ခဲ့ပြီး နိုင်ငံတွင် KSPP မှ ကောင်းစွာတည် ထောင်ထားပြီး လွှမ်းမိုးနိုင်သည့် အားမာန်အပြည့်ရှိသော အရပ်ဖက်အဖွဲ့အစည်းရှိသည်။ [179]ဤဥပမာသည် ခိုင်မာသည့်ဆန္ဒရှိပြီး အချိန်၊ အစိုးရ နှင့် အရပ်ဖက်အဖွဲ့အစည်းများ အတူတကွ လုပ်ငန်းဆောင်ရွက်နိုင်မည်ဆိုလျှင် မည်သည့်အရာတို့ကို အောင်မြင်မှု ရရှိနိုင်သည်ကို မျှော်လင့်ချက်ပေးသည်။

အခန်း ၃.၂ တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည့် ပူးပေါင်းပါဝင်မှုမြှင့်တင်ခြင်းအတွက် ဖြစ်နိုင်သည့်နည်းလမ်းများမှာ ဤနေရာနှင့် ကိုက်ညီပြီး အရေအတွက် အချိုးကျသတ်မှတ်ချက် ပါဝင်သည်။ စီမံကိန်းနှင့် ဘဏ္ဍာငွေခွဲဝေခြင်း အခန်းကဏ္ဍမှ သင့်လျော်သော "ဒေသတွင်း ဖွံ့ ဖြိုးရေး ရံပုံငွေ" (သို့) အခြား ဆင်တူရှိသော ရံပုံငွေပုံစံကို လွန်ခဲ့သောနှစ်များအတွင်းက စတင်ဆောင်ရွက်ခဲ့ကြောင်းကို မှတ်သားသင့်သည်။ ရံပုံငွေတွင် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရံပုံငွေ၊ ကျေးလက်ဒေသဖွံ့ ဖြိုးရေးရံပုံငွေ၊ နယ်စပ်ရေးရာ ကိစ္စရံပုံငွေ၊ ဌာနများ ဖွံ့ ဖြိုးရေးရံပုံငွေ၊ NCDDP ၊ the Green Emerald ရံပုံငွေ နှင့် Cooperatives' Agricultural ချေးငွေ စီမံကိန်းဝန်ကြီးဌာနတို့ ပါဝင်သည်။ [180]ဤရံပုံငွေများကို မည်သို့အသုံးချသည်ကို ဆုံးဖြတ်ချက်ချမှတ်ရေး အာဏာပိုင်တို့သည် ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ပြည်နယ်/

[176] N.b SC/STs တို့သည် အိန္ဒိယနိုင်ငံတွင် သမိုင်းတလျှောက် ခွဲခြားဆက်ဆံခံရသော ဇာတ်/လူမျိုးစု အနည်းစုများဖြစ်သည်။

[177] Shubham Chaudhuri နှင့် Patrick Heller " ပြောင်းလဲနိုင်သော ပူးပေါင်းပါဝင်မှု" ပူးပေါင်းပါဝင်သော အုပ်ချုပ်ရေးအတွေ့အကြုံမှ သက်သေ။ (ISERP working paper ၊ ၂၀၀၃) ၊ ၅-၁၀ ။

[178] Chaudhuri and Heller, 12.

[179] Chaudhuri and Heller, 5-6.

[180] ဤရံပုံငွေများ၏ ရှင်းလင်းဖော်ပြချက်ကို Minoletti တွင် ကြည့်ပါ။ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း၊ Robertson ၊ Joelene နှင့် Dunn၊ မြန်မာနိုင်ငံမှ ဒေသခံ ဖွံ့ ဖြိုးရေး ရံပုံငွေ။

တိုင်းဒေသကြီး  တစ်ခု (သို့) အများစုပေါ်တွင် မူတည်သည်။ လက်တွေ့တွင် တစ်ဦး (သို့) ကော်မတီများမှ ရံပုံငွေများ အသုံးချပုံမှာ တစ်နေရာနှင့် တစ်နေရာပေါ်မူတည်ပြီး ကွဲခြားမှုရှိပြီး နိုင်ငံသူ/သား အများစု၏ ဤဆုံးဖြတ်ချက်ချမှတ်ရေး အစီအစဉ်များတွင် ပါဝင်နိုင်ရေးမှာ ဤရံပုံငွေ အများစုပေါ်မူတည်ပြီး ကွာခြားမှုရှိသည်။ ထို့အပြင် NCDDP သည် အချို့နေရာများတွင် အချို့အာဏာပိုင်များ၊ INGOS များ နှင့် constituency MPs နှင့် မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများမှ အခြားရံပုံငွေများဖြင့် ပူးပေါင်းပါဝင်မှုတွင် တန်းတူညီမျှမှု ရှိစေရန် မြှင့်တင်ပေးနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော်လည်း နေရာအားလုံးတွင် တန်းတူညီမျှစွာ ပါဝင်နိုင်ရေးအတွက် ခိုင်မာသည့် ကတိကဝတ်ထားရှိသည့် တစ်ခုတည်းသော စီမံကိန်းဖြစ်သည်။ [181]ဤရံပုံငွေများအတွက် ဆုံးဖြတ်ချက်ချမှတ်ရေးတွင် တန်းတူညီမျှစွာ ပူးပေါင်းပါဝင်နိုင်ရေးကို မြှင့်တင်ရန် အစိုးရမှ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်နေသေးသည်။

### ၄.၃.၂) ငွေကြေးလျာထားချက်များ ပြောင်းလဲခြင်း

အစိုးရသည် "လူမှုရေးကဏ္ဍများ" အတွက် ဘဏ္ဍာငွေခွဲဝေမှုကို မြှင့်တင်ပေးခြင်းအားဖြင့် ငွေကြေးလျာထားချက် ဆိုင်ရာ ကျား၊ မ တန်းတူညီမျှကို တိုးမြှင့်ဆောင်ရွက်နိုင်သည်။ (ဥပမာ - ကျန်းမာရေး၊ ပညာရေး၊ နှင့် လူမှုဝန်ထမ်း) ယခင်က ဖော်ပြခဲ့ပြီးသည့်အတိုင်း မြန်မာနိုင်ငံတွင် အမျိုးသားများနှင့် အမျိုးသမီးများအတွက် ဘဏ္ဍာငွေခွဲဝေရန်ကဏ္ဍများအတွက် သေချာသည့် အချက်အလက်များ မရှိသော်လည်း အထောက်အထားများမှ ကျန်းမာရေးနှင့် ပညာရေးသည် အမျိုးသမီးများအတွက် အမျိုးသားများထက် ဦးစားပေး သတ်မှတ်ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤကဏ္ဍများအတွက် အသုံးပြုမည်ဖြစ်သော ငွေကြေးလျာထားချက် ဝေစုတိုးမြှင့်ခြင်း သည် အမျိုးသားအများစုအတွက် ခေတ်စားလာပြီး ဤအခန်းကဏ္ဍများတွင် နိုင်ငံတကာ အသုံးစရိတ် နှင့် ဝန်ဆောင်မှုစံချိန်စံနှုန်းများ အဆင့်ကိုမှီစေရန် ရင်းနှီးမြှုပ်နှံရန်လိုအပ်ချက်များ ရှင်းလင်းသည်။ *ထိုကဲ့သို့ပင် ငွေကြေးလျာထားချက် ပြောင်းလဲမှုသည် အနည်းငယ် လျော့နည်းနေသည်။* [182]

### ၄.၃.၃) ဘဏ္ဍာရေးနှင့် စီမံကိန်း ဝန်ကြီးဌာနတို့ အခန်းကဏ္ဍ

လက်ရှိအချိန်တွင် ဘဏ္ဍာရေးနှင့် စီမံကိန်း ဝန်ကြီးဌာနသည် စီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးလျာထားသည့်အပိုင်းတွင် အာဏာ အလွန်နည်းပါးပြီး မြန်မာနိုင်ငံ၏ လူထုဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုအရ သူတို့၏အခန်းကဏ္ဍများမှာ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို သေချာစေရန် နှင့် မူဝါဒများနှင့် ဘဏ္ဍာငွေခွဲခြင်းတို့တွင် အလွယ်တကူကိုက်ညီမှုများ တိုးမြှင့်လာသင့်သည်။[183] ဤ အပြောင်းအလဲများဖြစ်လာသည်နှင့်အမျှ ဝန်ကြီးဌာနများသည် ဘဏ္ဍာငွေခွဲဝေခြင်းကို ကျား၊ မ သာတူညီမျှမှု မြှင့်တင်ရေးအတွက် အသုံးပြုမည်/ မပြုမည်ကို ဆုံးဖြတ်ပေးနိုင်မည့် အဓိကအခန်းကဏ္ဍများမှ ပါဝင်လာမည်ဖြစ်သည်။ အခြားသော နိုင်ငံများ၏ အတွေ့ အကြုံများသည် ဝန်ကြီးဌာနများ မပါဝင်လျှင် ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေမှုများကို မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်မှုများ ကျန့်ကြာမှုရှိနိုင်ကြောင်း ဖော်ပြထားသည်။ [184]

ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာနများရှိ အကြီးတန်းရာထူးနေရာများတွင် အမျိုးသားများကို ခန့်အပ်ထားဆဲဖြစ်သည်။ သို့ရာတွင် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်ဤဝန်ကြီးဌာနများတွင်အလုပ်လုပ်နေသောအမျိုးသမီးအရေအတွက်မှာအခြားဝန်ကြီးဌာနများထက် ပိုများပြီး ညီမျှသော အမျိုးသမီးအရေအတွက်ကို ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်တွင် ညွှန်ကြားရေးမှူး၊ ဒုညွှန်ကြားရေးမှူး နေရာများတွင် တွေ့ရှိရသည်။ [185]ရှေ့ဆက်၍ ဤသို့အမျိုးသမီးကိုယ်စားပြုမှုများသည် ဤဝန်ကြီးဌာနများတွင် ကျား၊ မ တန်းတူညီမျှမှု ဖြစ်စေရေးအတွက် ဘဏ္ဍာငွေခွဲဝေရာတွင် အသုံးပြုလာခြင်းအားဖြင့်  အခြားနိုင်ငံများထက်စာလျှင် ပို၍လွယ်ကူစွာ စိတ်ပါဝင်စားစေ မည်ဖြစ်သည်။ [186]

---

181 Minoletti ။ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း၊

182 Minoletti ။ ။ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း ။ N.b ဝန်ကြီးဌာနတစ်ခု၏ ရံပုံငွေမှာ အလျင်အမြန် တိုးမြှင့်လာလျှင် ဖြစ်နိုင်သည့် ဆိုးကျိုးရှိသည်။ ၄င်းဌာနသည် "စွမ်းဆောင်ရည် အခက်အခဲ" များနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်။ ၄င်းမှာ ရရှိသည့် ရံပုံငွေများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးမချနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရံပုံငွေများကို ယင်းကဏ္ဍများတွင် တိုးမြှင့်လာသည်နှင့်အမျှ ယင်းကိစ္စကို မည်မျှအချိန် မြန်မြန် အကောင်အထည်ဖော်ဆောင်ရွက်မည်ကို ဂရုတစိုက် စဉ်းစားသုံးသပ်သင့်သည်။

183 Minoletti ။ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း၊

184 Debbie Budlender၊ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေရေး ဆောင်ရွက်ချက်များ ( Genea၊ UNRISD မတ် ၂၀၀၅) ၊ ၁၂၊ Budlender နှင့် အခြားသူများ၊ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း မှ ငွေကြေးရရှိခြင်း ၊ ၁၂၊ Janet Stotsky "ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေမှု၊ IMF လုပ်ငန်းအစီရင်ခံစာ နံပါတ် ၀၆။၂၃၂ ( Washington ၊ နိုင်ငံတကာ ငွေကြေး ရံပုံငွေ ၊ ၂၀၀၆) ၁၅ ၊

185 အခန်း ၂.၁.၃ ၊ အထက် Minoletti ။ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း၊

186 ၁၈၇ N.b နိုင်ငံအများစုတွင် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေး နှင့် စီမံကိန်းကဏ္ဍအတွက် သီးသန့်တာဝန်ရှိသည်။ ယင်းဝန်ကြီးဌာနများ ပါဝင်စေရန် ကြုံတွေ့ရသော အခက်အခဲများကို Budlender နှင့် အခြားကို ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်းမှ ငွေကြေးရရှိခြင်း (လန်ဒန်၊ ဓနသဟာရ အတွင်းရေးမှူး ၊ ၂၀၀၂) ၊ ၇၃-၇၄၊ Janet Stotsky ၊ ကျား၊ မရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း (IMF လုပ်ငန်းဆောင်ရွက်ရေး အစီရင်ခံစာ၊ ၂၀၀၆) ၊ ၁၅ ။

ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာနများတွင် ခန့်အပ်ထားသည့် အမျိုးသမီးအရေအတွက် များပြားမှုကြောင့် ဤဝန်ကြီးဌာနများ၏ ကျား၊ မ တန်းတူညီမျှမှု မြှင့်တင်ရေးအတွက် ငွေကြေးအသုံးပြုမှုအပေါ်တွင် စိတ်ပါဝင်စားမှု တိုးမြင့်လာသော်လည်း ဤဝန်ကြီးဌာနများတွင် ကျား၊ မ အရေးကိစ္စနှင့် ပတ်သက်၍ အသိနည်းနေသေးသည့်အပြင် ကျား၊ မ ရေးရာ အခန်းကဏ္ဍမှ ငွေကြေးလျာထားချက်များကို ဆန်းစစ်ရန်အတွက် လိုအပ်သော နည်းပညာပိုင်းကျွမ်းကျင်မှုများနှင့် အတွေ့အကြုံနည်းပါးနေသေးသည်။ ကမ္ဘာ့ဘဏ်သည် ယင်းဝန်ကြီးဌာနများတွင် အမျိုးသမီးများနှင့် ဒေသခံ လူနည်းစုတို့၏ အသံများကို မြှင့်တင်ပေးရန်လည်းကောင်း၊ အောက်ခြေမှ-အထက် အဆင့်ဆောင်ရွက်သည့် စီမံကိန်းနှင့် ဘဏ္ဍာငွေခွဲဝေရေးဌာနတို့၏ စွမ်းဆောင်ရည်များတည်ဆောက်ပေးရန်လည်းကောင်း စီစဉ်ထားပြီးဖြစ်သည်။ ၎င်းမှာ ကျား၊ မ ရေးရာကဏ္ဍ နှင့် လူမျိုးနွယ်စုတို့အကြား အများပြည်သူအတွက်ငွေကြေးသုံးစွဲမှုကို အခြေခံဆန်းစစ်လေ့လာရန်အတွက်ဖြစ်သည်။ [187]

ယခုအချိန်ထိ မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများ နှင့် INGO များသည် ကျား၊ မ တန်းတူညီမျှမှု ကိစ္စ (သို့) ဘဏ္ဍာငွေခွဲဝေမှုကဏ္ဍတွင် လုပ်ငန်းများဆောင်ရွက်နေကြသော်လည်း ယခုအခါတွင် ယင်းအဖွဲ့အစည်းများသည် သူတို့၏ အသိပေးဆွေးနွေးသောလုပ်ငန်းများအပြင် နည်းပညာပိုင်းဆိုင်ကျွမ်းကျင်မှုများဖြင့် အစိုးရဝန်ကြီးဌာနများကို ပံ့ပိုးမှုပေးလာကြသည်။ ဥပမာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန MoSWRR သည် ငွေကြေးလျာထားချက် လုပ်ငန်းအတွေ့အကြုံနည်းပါးပြီး စွမ်းဆောင်ရည်နည်းပါးသော်လည်း ကျား၊ မ သာတူညီမျှမှုအရေးကိစ္စ နှင့် NSPAW ကိစ္စတွင် အတွေ့အကြုံအရှိဆုံးနှင့် ဗဟုသုတအကြွယ်ဝဆုံးဝန်ကြီးဌာနဖြစ်သည်။ NCDDP တွင် တာဝန်ထမ်းဆောင်ဖူးသော ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ ဝန်ထမ်းများသည် ပူးပေါင်းပါဝင်မှုတွင် သာတူညီမျှမှုရှိစေရန် မြှင့်တင်ခြင်း နှင့် စီမံကိန်းနှင့် ငွေကြေးလျာထားမှုတွင် သာတူညီမျှမှုရှိစေရေး ကိစ္စရပ်များတွင် ကျား၊ မ သာတူညီမျှမှုရှိစေရန် အတွေ့အကြုံရရှိပြီးဖြစ်သည်။

### ၄.၃.၄) မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများ နှင့် INGOs များ ပူးပေါင်းပါဝင်မှုအတွက် အခွင့်အလမ်းများ နှင့် အခက်အခဲများ

ယခုအချိန်ထိ ကျား၊ မ တန်းတူညီမျှမှု ကိစ္စရပ်များအတွက် လုပ်ငန်းဆောင်ရွက်နေကြသော မြန်မာအရပ်ဖက်အဖွဲ့အစည်းများ၊ NGOs များနှင့် နိုင်ငံတကာ NGO များသည် MoSWRR မှလွဲ၍ ဝန်ကြီးဌာနများနှင့် ထိတွေ့မှုနည်းပါးသည်။ WON နှင့် GEN တို့၏ အဖွဲ့ဝင်များစာရင်းပြုစုခြင်းလေ့ကျင့်ခန်းတွင် သူတို့၏ အဖွဲ့အစည်းအဖွဲ့ဝင်အနည်းငယ်သာလျှင် CEDAW နှင့် NSPAW တို့၏ အမျိုးသမီးတို့၏ ဘဝတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ” [188]အားဖြင့် လုပ်ငန်းဆောင်ရွက်နေကြသည်။ အစိုးရသစ်လက်ထက်တွင် ဤအဖွဲ့အစည်းများအတွက် ဝန်ကြီးဌာနများနှင့် အတူလက်တွဲဆောင်ရွက်ရန် အခွင့်အလမ်းများ ပိုရရှိလာနိုင်သောကြောင့် ကျား၊ မ တန်းတူညီမျှမှုအတွက် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများ စသည်တို့ကို မြှင့်တင်ပေးရန်မှာလည်း အခွင့်အရေးကြီးတစ်ခုဖြစ်သည်။ သို့ရာတွင် ဤအဖွဲ့အစည်းအများစုမှာ ယခုအချိန်အခါတွင် ဤကိစ္စရပ်များကို ကိုင်တွယ်ရန် နည်းပညာပိုင်းစွမ်းဆောင်နိုင်ရည်များ နည်းပါးပြီး ယင်းစွမ်းဆောင်ရည်များကို တိုးတက်လာစေရန်အတွက် အလှူရှင်တို့၏ ပံ့ပိုးမှုများလိုအပ်သည်။

ယခင်လွှတ်တော်သက်တမ်းအတွင်း GENနှင့် WON အဖွဲ့ဝင်များသည် မူဝါဒရေးရာဆိုင်ရာကိစ္စရပ်များကို လွှတ်တော်အမတ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နိုင်ခဲ့ကြသည်။ [189]သို့သော်လည်း ချိတ်ဆက်ဆောင်ရွက်ခြင်းသည် အကန့်အသတ်ဖြင့်သာရှိခဲ့ပြီး မူဝါဒရေးရာဆိုင်ရာကိစ္စရပ်များကို ယခုထက်ပို၍ လုပ်ဆောင်နိုင်ခဲ့သော် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဟု နားလည်ခဲ့ကြသည်။ [190] ယခုလွှတ်တော်အသစ်တွင် ချိတ်ဆက်နိုင်မှုအခွင့်အလမ်းများ ပိုမိုများပြားလာနိုင်ရန် မျှော်လင့်လျက်ရှိပြီး ဤအဖွဲ့အစည်းများအနေဖြင့် ၎င်း၏ ဘက်ဂျက်ရေးရာနှင့် လူမှုဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သတ်ပြီး နည်းပညာဆိုင်ရာအရည်သွေးကို ပိုမိုမြှင့်တင်ရန်လိုအပ်သည်။ ပြည်ထောင်စုအဆင့်တွင် အမျိုးသမီးလွှတ်တော်အမတ်များမှ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ကော်မတီ (အခန်း ၃.၂.၁ ကိုကြည့်ပါ) တည်ရှိအပ်သော် နိုင်ငံရေးဆိုင်ရာပြောင်းလဲမှုများကို အရှိန်အဟုန်မြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး နည်းပညာဆိုင်ရာ အသိပညာပြန်လည်မျှဝေသည့်လမ်းကြောင်းတစ်ခုအဖြစ် အသုံးဝင်လာမည်ဖြစ်သည်။

### ၄.၃.၅) NSPAW

NSPAW သည် အခြားသောကဏ္ဍများအပြင် ဖွံ့ဖြိုးရေးနှင့် အစိုးရမူဝါဒများ၊ လုံလောက်သော ဘဏ္ဍာငွေခွဲဝေမှု၊ လူ့စွမ်းအရင်းအမြစ်၊ အစိုးရနှင့်အစိုးရမဟုတ်သည့်အဖွဲ့အစည်းတို့မှအစီအစဉ်တွင်ဖော်ပြထားသောလုပ်ငန်းများနှင့်မူဝါဒများအတွက်ပစ္စည်းအရင်းအမြစ်

---

[187] ကမ္ဘာ့ဘဏ်၊ မြန်မာနိုင်ငံ - အများပြည်သူဘဏ္ဍာရေး စီမံခန့်ခွဲမှု အစီရင်ခံစာကို ခေတ်နှင့်အမီ ပြုလုပ်ခြင်း (ကမ္ဘာ့ဘဏ်၊ ၂၀၁၄ )၊ ၁၃ ။

[188] Lin၊ WON-GEN အဖွဲ့ဝင်စာရင်း အစီရင်ခံစာ၊ ၉-၁၀ ။

[189] Lin၊ WON-GEN အဖွဲ့ဝင် စာရင်း အစီရင်ခံစာ၊ ၉-၁၀ ။

[190] GEN နှင့် ကွင်းဆင်း လူတွေ့မေးမြန်းခြင်း၊ ဒီဇင်ဘာလ ၂၀၁၅ ။

များ စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အမျိုးသမီးများပါဝင်လာစေရန် အကြိမ်ကြိမ် တိုက်တွန်းထားသည်။ [191]သို့ရာတွင် ယခင်က ဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ NSPAW သည် "အစိုးကတိကဝတ်" တစ်ခုဖြစ်သော်လည်း ၎င်းမှာ အချုပ်အနှောင် မဟုတ်ဘဲ ယခုအချိန်ထိ သက်ရောက်မှုအနည်းငယ်သာရှိသေးသည်။ အစိုးရ၏ လုံလောက်သော ကတိကဝတ်များနှင့် အကောင် အထည်ဖော်ဆောင်ရွက်မှုအတွက် ကောင်းစွာပြင်ဆင်ထားသော နည်းဗျူဟာများနှင့်အတူ NSPAW သည် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာ ငွေ ခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးမှုများအပေါ်တွင် သက်ရောက်မှုရှိမည့် အရေးပါသည့် လမ်းညွှန်ချက်မှတ်တမ်း တစ်ခုဖြစ်သည်။ နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ နှင့် UN အဖွဲ့အစည်းများသည် ဤ အကြောင်းအရာများ ဖြစ်လာစေရန် ငွေကြေးပံ့ပိုးမှု နှင့် နိုင်ငံရေးလွှမ်းမိုးမှုအပေါ်တွင် လမ်းညွှန်မှုပေးနိုင်သည်။

## ၄.၃.၆) ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများအတွက် အစီအစဉ်ချမှတ်ခြင်း၊ ဦးစားပေးသတ်မှတ်ခြင်း

အခြားသောနိုင်ငံများတွင် ကျား၊ မ ရေးရာကဏ္ဍအတွက် ဘဏ္ဍာငွေခွဲဝေမှုဆောင်ရွက်မှုများမှာ ကျား၊ မ ရေးရာ အခက်အခဲများ၊ အရင်းအမြစ်လျာထားချက်များနှင့် မူဝါဒများမှ လက်ရှိမညီမျှမှုအပေါ် သက်ရောက်နေပုံတို့ဖြင့် ရှာဖွေဖော်ထုတ်ရန် မူဝါဒဆန်းစစ် အကဲဖြတ်မှုဖြင့် စတင်လေ့ရှိသည်[192]။ သို့ရာတွင် မြန်မာနိုင်ငံ၏ ဝန်ကြီးဌာနများစွာသည် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရပြီး ကျား၊ မ ရေးရာကိစ္စ အသိနည်းပါးနေခြင်းတို့ကြောင့် အစိုးရမှ ၎င်းဝန်ကြီးဌာနအားလုံးနှင့် အဆင့်တိုင်းတွင် ပြည့်စုံသည့် မူဝါဒဆန်းစစ် အကဲဖြတ်ရန်မှာ မဖြစ်နိုင်ပါ။ မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများတွင် ကျား၊ မ တန်းတူ ညီမျှမှုရှိစေရေးမှာ ထင်ရှားစွာပြောင်းလဲလာပြီး ယင်းကို ရေရှည်တည်တံ့ရန်နှင့် ပိုမိုကောင်းမွန်အောင်တိုးတက်လာစေရန် သက်ဆိုင်ရာ အစိုးရဌာနများသည် ၎င်းလေ့ကျင့်ခန်းများ၏ အကျိုးကျေးဇူးများကို သိရှိနားလည်ရမည်ဖြစ်ပြီး ကတိကဝတ်များလည်း ထားရှိရမည် ဖြစ်သည်။ ထိုနည်းတူစွာ အရပ်ဖက်အဖွဲ့အစည်းမှ ဦးဆောင်သော ကျား၊ မ ရေးရာကဏ္ဍအတွက် ဘဏ္ဍာငွေခွဲဝေခြင်းလုပ်ငန်းများ တွင် အစိုးရမှ ပေါင်းစည်းမှုနည်းခြင်း (သို့) လုံးဝမရှိဘဲ အစိုးရဘဏ္ဍာငွေခွဲဝေမှုအပေါ်တွင် သက်ရောက်မှု အနည်းငယ်သာ ရှိနေသည်။

အထက်တွင်ဖော်ပြထားသကဲ့သို့ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာနများသည် သူတို့၏လုပ်ငန်းများတွင် ကျား၊ မ ရေးရာကိစ္စကို ထည့်သွင်းစဉ်းစားခြင်း၏ အကျိုးရလဒ်များကို အသိပေးရာတွင် အရေးပါသည့် ဝန်ကြီးဌာနများဖြစ်ပြီး ၎င်းတို့အား အသိပေးဆွေးနွေး သင့်သည်။ သို့ရာတွင် ဝန်ကြီးဌာနအားလုံးသည် သူတို့၏ မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုး ပေးခြင်းကဏ္ဍတို့သည် ကျား၊ မ ဆန်းစစ်လေ့လာမှု နှင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ဤသို့မြှင့်တင်ရန် ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိ သည့် မည်သည့်ဝန်ကြီးဌာနနှင့်မဆို အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အခြားသူများကိုလည်း နည်း လမ်းများ ဝေမျှနိုင်သည်။

ကျား၊ မ ရေးရာကိစ္စကို မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးခြင်း စသည့်ကဏ္ဍတို့တွင် ထည့်သွင်း ဆောင်ရွက်ရာ အစိုးရအား ပံ့ပိုးကူညီပေးရန် စီစဉ်နေသော အဖွဲ့အစည်းများအတွက် အစိုးရ၏ မည်သည့်အဆင့်နှင့် အတူဆောင်ရွက် မည်မှာလည်း ညှိနှိုင်းနိုင်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူ ဝန်ဆောင်မှု ပံ့ပိုးပေးခြင်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ မြို့နယ်အာဏာပိုင်များ၊ ဖွံ့ ဖြိုးရေး အဖွဲ့အစည်းများ၊ နှင့် ကျေးရွာအုပ်စု အာဏာပိုင်များထံသို့ အာဏာလွှဲပြောင်းပေးခြင်းတို့၏ အရေးပါပုံကို တွေ့ရှိရပြီးဖြစ်သည်။ ကျေးရွာအဆင့်တွင် တာဝန်ယူဆောင်ရွက် နေသော နိုင်ငံတော်နှင့်နိုင်ငံတော်မဟုတ်သည့် ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့များလည်းအသုံးဝင်သောမိတ်ဖက်အဖွဲ့အစည်းများဖြစ် သည်။ ထို့အပြင် ယင်းဌာနများ၏ စိတ်ပါဝင်စားမှုနှင့် ကတိကဝတ်ထားရှိမှုများသည် အဓိကကျပြီး မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးခြင်းအားဖြင့် ကျား၊ မ တန်းတူညီမျှမှုမြှင့်တင်ခြင်းကို အစီအစဉ်တကျ သတ်မှတ်ဆောင်ရွက်သင့် သည်။ ဆွေးနွေးခဲ့ပြီးဖြစ်သည့် subnational အဆင့် ဗဟုသုတများဖလှယ်ခြင်း အစီအစဉ်များမှာ ကနဦးဆောင်ရွက်ခဲ့မှု၏ အတွေ့ အကြုံအများကို ဝေမျှခြင်းသည် ကောင်းမွန်သည့်နည်းလမ်းဖြစ်နိုင်သည်။

Subnational အဆင့်တွင် လုပ်ငန်းဆောင်ရွက်နေသော ဖွံ့ ဖြိုးရေး အဖွဲ့အစည်းအချို့မှ ဒေသခံအစိုးရ အရာရှိများအတွက် gender sensitization သင်တန်းကို ပြုလုပ်ခဲ့သည်။ လက်ရှိအချိန်တွင် ယင်းသို့သော သင်တန်းများမှာ ငွေကြေးလျာထားချက်များ လျာထားပုံ ကဏ္ဍတွင် ကျား၊ မ ကွာခြားမှုကို ထည့်သွင်းစဉ်းစားထားခြင်းမရှိဘဲ ဒေသခံအရာရှိများသည် ဤအကြောင်းအရာနှင့် ပတ်သက်၍ အသိနည်းနေသေးသည်။ [193]ဤသင်တန်းအကြောင်းအရာများကို အနာဂတ်သင်တန်းအစီအစဉ်များတွင် ထည့်သွင်းရန် အကြံပြုပါ သည်။

[191] မြန်မာအမျိုးသမီးရေးရာအတွက် အမျိုးသားကော်မတီ။

[192] Stotsky ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း ၊ ၁၆ ။

[193] Minoletti ။ မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေသခံရပ်ရွာလူထုမှ အခြေခံဝန်ဆောင်မှုများကို ကိုယ်တိုင်ဖြည့်ဆည်းနေရသည်မှ မြန်မာနိုင်ငံတဝှမ်းတွင် ပုံမှန်ဖြစ်နေပြီး လာမည့်အချိန်များအတွင်းတွင် ထိုသို့ဆက်လက်ရှိနေနိုင်သည်။ ဤရပ်ရွာများအတွင်း လုပ်ငန်းဆောင်ရွက်နေသော မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများ နှင့် နိုင်ငံတကာဖွံ့ ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများမှ အစီအစဉ်ရေးဆွဲရန်၊ ရံပုံငွေပံ့ပိုးခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုအတွက် စီစဉ်သော ဆုံးဖြတ်ချက်ချမှတ်သောအဖွဲ့တွင် ကျား၊ မ တန်းတူညီမျှစွာပါဝင်မှု မြှင့်တင်ရန်အတွက် တိုက်တွန်းနိုင်သည်။

ငြိမ်းချမ်းရေးလမ်းစဉ်မှာ မြန်မာနိုင်ငံတွင်ဆောင်ရွက်ရန် များစွာရှိနေသေးပြီး လက်ရှိအချိန်တွင် အစိုးရနှင့် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးပေးခြင်း အစရှိသည့်ကဏ္ဍအသီးသီး အတွက် EAGs သည် ရေရှည်တွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်လာမည်မှာ မရှင်းလင်းပါ။ သို့ရာတွင် EAGs မှ ကျင့်သုံးနေသည့် မူဝါဒများသည် မြန်မာနိုင်ငံ၏ နိုင်ငံသားများ အပေါ်တွင် ထင်ရှားသည့် သက်ရောက်မှုရှိပြီး ဤအဖွဲ့အစည်းအများစုမှ ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ (သို့) အများပြည်သူဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် တိုက်ရိုက်ပါဝင်နေသည်။ [194] ၂၀၁၄ ခုနှစ်တွင် ရေးသားပြုစုခဲ့သော မှတ်တမ်းတွင် Kim Jolliffee မှ EAGs နှင့် ချိတ်ဆက်နေသည့် ဝန်ဆောင်မှု ပံ့ပိုးပေးသူများအတွက် နိုင်ငံတကာဖွံ့ ဖြိုးရေးအကူအညီများအတွက် ဖော်ပြထားသည်။[195] ၎င်းသည် ယခုအခါတွင် NCA နှင့် လက်မှတ်ရေးထိုးထားသော EAGs နှင့် ချိတ်ဆက်နေသည့် ဝန်ဆောင်မှုပံ့ပိုးပေးသူများတွင် ဖြစ်ပေါ်လျက်ရှိသည်။ EAG ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်မှာ အမျိုးသားကြီးစိုးပြီး ထိုသို့ပါဝင်မှုများကို ဖြစ်စေရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မည်သို့ပါဝင်နေပြီး ငွေကြေးများမည်သို့အသုံးချခြင်းနှင့် မည်သူတို့မှ အကျိုးအမြတ်ရရှိနေသည်ကို ဂရုတစိုက်လေ့လာရန် လိုအပ်သည်။

ကောင်းမွန်သော အချက်အလက်များသည် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးပေးခြင်းတို့၏ အရည်အသွေးကို မြှင့်တင်ပေးသည်။ ကောင်းမွန်သောအချက်အလက်များကောက်ယူပြီး အခြားအဖွဲ့အစည်းများ နှင့် လူထုအတွက် လက်လှမ်းမီအောင်ထားရှိခြင်းသည် အလွန်အရေးကြီးသည်။ အောက်တွင် အသေးစိတ်ဆွေးနွေးခဲ့ပြီးသည့်အတိုင်း လက်ရှိအချိန်တွင် အစိုးရတွင် အရေးပါသည့် အချက်အလက်များ နည်းပါးနေပြီး အစိုးရ၊ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်း၊ UN အဖွဲ့အစည်း နှင့် INGOs များ၏ အချက်အလက်များကို အခြားအဖွဲ့အစည်းများမှ အလွယ်တကူရယူနိုင်ရန် လိုအပ်သည်။

194 EAG မှ လူမှုဝန်ဆောင်မှု နှင့် အဆောက်အအုံ ပံ့ပိုးမှုအပိုင်းတွင် ပါဝင်မှုအမျိုးမျိုးအတွက် Kim Jolliffe ကိုကြည့်ပါ၊ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခ နှင့် မြန်မာနိုင်ငံမှ ပိုင်နက်စီမံခန့်ခွဲမှု (ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၅)၊ ၁၀၀ ။

195 Jolliffe ၊ တိုင်းရင်းသား ပဋိပက္ခ နှင့် မြန်မာနိုင်ငံ၏ အပြိုင်အဆိုင်ဖြစ်နေသော နယ်မြေများမှ လူမှုရေးကဏ္ဍ ဝန်ဆောင်မှုများ ။

# ၅။ ပွင့်လင်းမြင်သာမှု နှင့် အချက်အလက်ကောက်ယူခြင်းဆိုင်ရာ ဦးစားပေးမှုများ

လွန်ခဲ့သောနှစ်များအနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံ၏ အထောက်အထားအခြေပြုသော ကျား၊ မ ရေးရာကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ နှင့် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုများ စသည့်ကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများ သိသာစွာ တိုးမြင့်လာကြောင်းတွေ့ မြင်ရသည်။ သို့ရာတွင် ဤအခက်အခဲများကိုထိရောက်စွာ ဆန်းစစ်လေ့လာရန်အတွက် အချက်အလက်များ မရှိခြင်း၊ မမှန်ကန်ခြင်း (သို့) နည်းပါးနေခြင်း စသည့် အခက်အခဲများရှိနေသည်။ ဤအခန်းတွင် တိုးတက်ပြောင်းလဲရန် အဓိကဦးစားပေး ဆောင်ရွက်မှုများကို ဆွေးနွေးထားသည်။

## ၅.၁) ဘဏ္ဍာငွေခွဲဝေခြင်းအချက်အလက်များ

မြန်မာနိုင်ငံအစိုးရသည် နှစ်စဉ်နှင့် ထပ်ဆောင်းဘဏ္ဍာငွေများကို ထုတ်ဝေသော်လည်း လက်ရှိအချိန်တွင် အသုံးပြုထားသည့် ဘဏ္ဍာငွေထုတ်ဝေမှု၊ ပြည်ထောင်စု ဘဏ္ဍာငွေခွဲဝေမှု အစီရင်ခံစာ၊ ပြည်ပစာရင်းစစ် အစီရင်ခံစာများ ဒေါ်လာ ၁၀၀၀၀၀/- အထက်ရှိ စာချုပ်များအားလုံး (သို့) အခြား ငွေကြေးလျာထားချက် အချက်အလက်များကို မထုတ်ဝေပါ။ [196]ထို့အပြင် မြန်မာနိုင်ငံအစိုးရသည် ဝန်ကြီးဌာနတစ်ခုချင်းစီ၏ အသုံးစရိတ်အမျိုးမျိုး၏ အဆင့်မြင့် အသေးစိတ်အချက်အလက်များကို ကောက်ယူထားပြီး (ကာကွယ်ရေး ဝန်ကြီးဌာန မပါဝင်ပါ) ကမ္ဘာ့ဘဏ်အား အချက်အလက်များကို မျှဝေသော်လည်း လူထုသို့ဖြန့်ဝေသော အချက်အလက်များမှာ အကျဉ်းချုပ်မျှသာ ဖြစ်သည်။ [197]ထုတ်ဝေထားသော အချက်အလက်များမှာ ဝန်ကြီးဌာနများမှသာ အသေးစိတ်ခွဲခြားပြီး ဝန်ကြီးဌာန တစ်ခုစီအတွင်းတွင် စွမ်းဆောင်ရည်နှင့် လက်ရှိအသုံးစရိတ်များအားဖြင့် ကဏ္ဍအလိုက် အသုံးစရိတ်ကို ရှာဖွေလုပ်ရန် နှင့် တူညီသော ကဏ္ဍ (သို့) တူညီသည့် ဝန်ကြီးဌာနဆိုင်ရာပြဿနာတို့မှာ ခက်ခဲသည်။ [198]ဘဏ္ဍာငွေခွဲဝေမှု၏ အခြားအခက်အခဲကြီးတစ်ခုမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ (သို့) ပြည်နယ်မှ ထိန်းချုပ်သော ထိန်းချုပ်ထားသော ဝင်ငွေ နှင့် အသုံးစရိတ်များမှာ လျာထားငွေပမာဏ ထက် ကျော်လွန်နေပြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာနပင်လျှင် ယင်းဝင်ငွေ/သုံးငွေတို့၏ ပမာဏကို မသိရှိပါ။ [199]ငွေကြေးလျာထား ချက်အတွင်းသို့ ဝင်ငွေနှင့် အသုံးစရိတ်အားလုံးကို ထည့်သွင်းစဉ်းစားပြီး ငွေကြေးလျာထားချက်ကို လူထုအား အသိပေးရန်မှာ အစိုးရသစ်လက်ထက်တွင် ရှင်းလင်းသည့် ဦးစားပေးဆောင်ရွက်ရန် ဖြစ်သင့်သည်။

လက်ရှိအချိန်တွင် ငွေကြေးလျာထားချက် ရလဒ်များ နှင့် outcomes များကို တိုင်းတာနိုင်မည့် အထောက်အထားများ မြန်မာနိုင်ငံတွင် နည်းပါးနေသေးသည်။ အကျယ်တဝင့်၊ ကဏ္ဍပေါင်းစုံ စစ်တမ်းကောက်ယူမှု (ဥပမာ- အိမ်ထောင်စု အသုံးပြုခြင်းဆိုင်ရာ စစ်တမ်း ကောက်ယူမှု IHLCA သို့ လုပ်အား စစ်တမ်းကောက်ယူမှု)သည် အသုံးပြုသူတို့ ဝန်ဆောင်မှုအပေါ်တွင် သက်ရောက်မှုကို ဆန်းစစ် လေ့လာသည့် အကျိုးခံစားခွင့်ရှိသူ ဆန်းစစ်လေ့လာချက်အပါဝင် အချက်အလက်အမျိုးအစားများစွာကို ရလဒ်များ နှင့် outcomes များကို တိုင်းတာရန်အတွက် အသုံးပြုနိုင်သည်။ ရလဒ်များနှင့် အကျိုးကျေးဇူးများကို တိုင်းတာရန်အတွက် အချက်အလက်များကို မြန်မာနိုင်ငံတော်အစိုးရမှ ကောက်ယူလျက်ရှိရာ ထိုသို့ဆောင်ရွက်မှုများမှာလည်း အများအားဖြင့် နိုင်ငံတကာဖွံ့ ဖြိုးရေး အဖွဲ့ အစည်း များနှင့် ချိတ်ဆက်လျက်ရှိသည်။ ကမ္ဘာ့ဘဏ်နှင့် အခြားအကူအညီဖြင့် အစိုးရမှ ၎င်း၏စွမ်းဆောင်ရည်ကို လာမည့်နှစ်များတွင် ထိထိ ရောက်ရောက် ဆန်းစစ်လေ့လာမှုပြုလုပ်နိုင်ရန် ဆောင်ရွက်နေသည်။ [200] အချက်အလက်များကို အစိုးရဝန်ကြီးဌာနများ (သို့) နိုင်ငံ တကာဖွံ့ ဖြိုးရေးအဖွဲ့ အစည်းများမှ စုဆောင်းကောက်ယူသည့်အခါတွင် အခြားသုတေသနအဖွဲ့ အစည်းများနှင့် အဖွဲ့ တစ်ခုစီမှလည်း ယင်းအချက်အလက်များကို ဆန်းစစ်ရမည်ဖြစ်သည်။

၎င်းသည် အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စမဟုတ်သော်လည်း ကာလတိုတွင်း အသေးစိတ်အချိန်အသုံးပြုပြီး တစ်ဦးတည်းဖြင့် လည်းကောင်း LSMS ကဲ့သို့ အိမ်ထောင်စုစစ်တမ်းကောက်ယူသည့် ပုံစံဖြင့်လည်းကောင်း စစ်တမ်းကောက်ယူမှုပြုလုပ်ပါက အလွန် အကျိုးရှိနိုင်သည်။ အိမ်ထောင်စုအဖွဲ့ဝင်များအတွက် အချိန်အသုံးပြုမှုပေါ်တွင် တိကျသည့်အချက်အလက်များဖြင့် ကျား၊ မ နှင့် အသက်အလိုက်ခွဲခြားထားမှုကို ကျွန်ုပ်တို့အနေဖြင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးမှုများ၊ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် အများပြည်သူ ဘဝတို့တွင် ပါဝင်ရန်အချိန်ရရှိလာခြင်း စသည့် အခက်အခဲများစွာကို ပိုမိုနားလည်လာမည်ဖြစ်ပြီး မူဝါဒနှင့် ငွေကြေးလျာထားချက် လိုအပ်ချက်များနှင့် နှစ်သက်မှုများပါဝင်သည်။

---

[196] ကမ္ဘာ့ဘဏ်၊ အများပြည်သူ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ဆောင်ရွက်မှု အစီရင်ခံစာ၊ ၃၇-၃၈၊ ၄၀၊ ၄၂၊ ၅၀-၅၁ ။

[197] Minoletti ။ မြန်မာနိုင်ငံမှ ကျား၊မ ရေးရာကိစ္စ ဘဏ္ဍာငွေခွဲဝေခြင်း၊ ။

[198] ဦး နှင့် အခြားသူများ ၊ ၂၄ ။

[199] ဦးဇော်ဦး ၊ Cindy Joelene နှင့် အခြားသူများ ၊ မြန်မာနိုင်ငံတွင် ဘဏ္ဍာငွေနှစ်စီမံခန့်ခွဲမှု၊ ADB စီးပွားရေး လုပ်ငန်းဆောင်ရွက်ရေး အစီရင်ခံစာ နံပါတ် ၄၃၄ ( မနီလာ၊ အာရှဖွံ့ ဖြိုးရေး ဘဏ်၊ ဖွန်၊ ၂၀၁၅)၊ ၃၅၊ ကမ္ဘာ့ဘဏ်၊ အများပြည်သူ ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဆောင်ရွက်မှု အစီရင်ခံစာ ၃၇၊ ၄၂၊

[200] ကမ္ဘာ့ဘဏ်၊ မြန်မာ၊ အများပြည်သူ ဘဏ္ဍာရေး စီမံခန့်ခွဲမှု စီမံချက်ကို ခေတ်နှင့်အညီဖြစ်အောင် ဆောင်ရွက်ခြင်း ၊ ၅။

## ၅.၂) ကိုယ်စားပြုပါဝင်ခြင်း နှင့် ပူးပေါင်းပါဝင်ခြင်း၏ အချက်အလက်များ

မြန်မာနိုင်ငံတွင် ကိန်းဂဏန်းများအရာ ကျား၊ မ တန်းတူညီမှုအတွက် ကောင်းမွန်သော အချက်အလက်များ ယခုအခါတွင် ရရှိနေပြီ ဖြစ်သော်လည်း သုံးသပ်လေ့လာသူများမှ တစ်ဦးချင်းစီ၏ အုပ်ချုပ်ရေးတွင်ပါဝင်မှုအား သက်ရောက်မှုရှိသော အချက်အလက်များကို လည်း ကောက်ယူသင့်သည်။ ယင်းတို့မှာ အသက်အရွယ်၊ လူမျိုးစု၊ ဘာသာရေး၊ ရရှိသည့် ပညာရေး (သို့) ကျွမ်းကျင်မှုနောက်ခံ အခြေအနေနှင့်မိသားစုတို့ဖြစ်သည်။[201]ထို့အပြင်မြို့နယ်ကော်မတီများ(သို့)ကျေးရွာအုပ်နှင့်ကျေးရွာအဆင့်ရှိကော်မတီအများစုတွင် ပါဝင်သော အချက်အလက်များ နည်းပါးနေသည်။ ကျား၊ မ ခွဲခြားထားသော အကြီးတန်း မြို့ ပြအရာရှိများ၏ အချက်အလက်များမှာ လုံလောက်မှုမရှိဘဲ ရာထူးအလိုက် ခွဲခြားထားမှု မရှိပါ။ လူထုအစည်းအဝေးများတွင် တက်ရောက်သော တက်ရောက်သူစာရင်း နှင့် အရေအတွက်များ၏ အချက်အလက်များလည်း မရှိပါ။ ထို့အပြင် ပူးပေါင်းပါဝင်မှုအရည်အသွေး ဆန်းစစ်နိုင်မည့် အခန်းကဏ္ဍများ အတွက် ခိုင်မာသည့်အချက်အလက်များ နည်းပါးနေသေးသည်။ အောက်ပါတို့တွင် ကျား၊ မ ခွဲခြားပြီး စာရင်းပြုစုထားသော အချက် အလက်များ ရနိုင်လျှင် အသုံးဝင်မည်ဖြစ်သည်။

- အစည်းအဝေးများနှင့် အခြားသော ဆုံးဖြတ်ချက်ချမှတ်ရေး ဆွေးနွေးပွဲများတွင် ပြောဆိုသည့်အကြိမ်အရေအတွက်နှင့် ပြောဆိုသည့်အခါ ဖော်ပြသောပြဿနာများ။
- အစည်းအဝေးအကြိမ်အရေ (သို့) ဒေသခံအရာရှိများနှင့် ရွေးချယ်ခံကိုယ်စားလှယ်များ တွေ့ဆုံပြောကြားခြင်း
- နိုင်ငံသားများမှ ကျေးရွာနှင့် နိုင်ငံရေးအခက်အခဲများကို မိတ်ဆွေများ၊ အိမ်နီးနားချင်းများနှင့် ဆွေးနွေးသည့် အကြိမ် အရေအတွက်။
- အစည်းအဝေးတွင် နေရာထိုင်ခင်းစီစဉ်မှု - အရှေ့တွင် ဘယ်သူထိုင်သလဲ။ အနောက်တွင်ဘယ်သူထိုင်မလဲ။ ဘယ်သူခုံရ သလဲ ။ ဘယ်သူက မတ်တပ်ရပ်ရသလဲ (သို့) ကြမ်းပြင်တွင် ထိုင်ရသလဲ။

## ၅.၃) နိုင်ငံသားများ နစ်သက်မှုများဆိုင်ရာ အချက်အလက်

မူဝါဒ ဦးစားပေး သတ်မှတ်မှုနှင့် ဘတ်ဂျက်ရွေးချယ်မှုများတွင် ကျား၊မ ကွဲပြားခြင်းကို တိကျ၍ အရေအတွက် တိုင်းတာရသော အချက်လက်များ ရရှိရန် ခဲယဉ်းပေသည်။ ထင်မြင်ချက် စစ်တမ်းကောက်ယူမှုများသည် ကျား၊ မ မတူညီမှုများ အောက်ပါ တစ်ခု (သို့) အများ ရှိသော ဘက်လိုက်မှုများကြောင့် မှားယွင်းစွာ မှန်းဆနိုင်သည်။

၁) တုံ့ပြန်ဆောင်ရွက်ခဲ့သာ စစ်တမ်းကောက်ယူမှုများတွင် မေးခွန်းကို သေချာစဉ်းစားရန် ဆွဲဆောင်မှု အနည်းငယ်သာရှိခြင်း

၂) စစ်တမ်းကောက်ယူသည့် မေးခွန်းများမှာ နောက်ထပ်ရံပုံငွေများ လျာထားချက်ပေါ်မူတည်ပြီး တိကျမှုမရှိပါ ။ [202]

၃) ဖြေဆိုသူများသည် သူတို့ယုံကြည်ရာ (သို့) ဆန္ဒရှိသည်ကို ဖြေဆိုရမည့်အစား "လူမှုအသိုင်းအဝိုင်းမှ လက်ခံနေသည့် " အချက် များကိုသာ ဖြေဆိုခြင်း

ဤဘက်လိုက်မှုများသည် လူထုမှ ကျား (သို့) မ အုပ်စုမှ လွှမ်းမိုးထားကြောင်း (မြန်မာနိုင်ငံကိစ္စတွင်) တွေ့ရှိသည့်အခါတွင် ပြဿနာ ဖြစ်နိုင်သည်။ သူတို့၏ အဖြေများတွင် ပစ္စည်းကုန်ကျစရိတ်/အကျိုးရလဒ်များ [203]မရှိသည့်အခါတွင် ဖြေဆိုသူများမှာ ပြဿနာအပေါ် ဂရုတစိုက်သုံးသပ်ရမည့်အစား မီဒီယာများ၊ မိသားစု၊ ရပ်ရွာအဖွဲ့ဝင်တို့မှ ကြားသည့်အရာများကို သတင်းပေးပို့ကြပြီး လူမှုအစွဲများနှင့်

---

[201] N.b ပညာရေးပိုင်ဆိုင်ရရှိမှု နှင့် ကျွမ်းကျင်မှုနောက်ခံအကြောင်းအရာများမှ မပြည့်စုံသော်လည်း တိုင်းတာရလွယ်ကူသည်။ လူမှုစီးပွားရေးနောက်ခံ အကြောင်းအရာများကို ဝင်ရောက် မစွက်ဖက်ခြင်း နှင့် သူတို့၏ ကိုယ်ပိုင်အခွင့်အရေးစိတ်ဝင်စားစရာကောင်းသည့် အခြေအနေများရှိသည်။ Renaud Egreteau သည် ပြည်ထောင်စုလွှတ်တော်တို့၏ ကျား၊ မ၊ အသက်၊ ဘာသာ၊ လူမျိုးစု၊ ပညာရေးအဆင့် နှင့် ကျွမ်းကျင်မှု နောက်ခံ အကြောင်းရာများပါဝင်သော အချက်အလက်များကို ဖန်တီးရန် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ လွှတ်တော်မှ ပံ့ပိုးပေးထားသော ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်တို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသုံးပြုထားသည်။ Egreteau ကိုကြည့်ပါ၊ မြန်မာနိုင်ငံ၏ ပထမဆုံးစစ် အာဏာရှင်ပြီး ဥပဒေပြုသူများ အမျိုးသားလွှတ်တော် (၂၀၁၀-၂၀၁၅)၊ လူမှုရေး ဆန်းစစ်လေ့လာချက်။

[202] Funk နှင့် Gathmann၊ ၁၅၉-၆၀ ။

[203] ဥပမာ စစ်တမ်းကောက်ယူသူအား သူတို့ဖြေဆိုသော အဖြေများသည် သူတို့ရရှိသည် အများပြည်သူဝန်ဆောင်မှုနှင့်လည်းကောင်း၊ မည်သူမှ သူတို့ အတွက် ပေးသည်နှင့်လည်းကောင်း တိုက်ရိုက်သက်ရောက်မှု မရှိပါ။

မျှော်လင့်ချက်များကို ဆန့်ကျင်ရန်တွန့်ဆုတ်နေကြသည်။ ဤအကျိုးသက်ရောက်မှုများသည် အမျိုးသမီးဖြေဆိုသူများဘက်မှ အမျိုးသားကြီးစိုးနေသော လူမှုရေးအယူစွဲများဘက်သို့ လိုက်နိုင်သည်။

ဘတ်ဂျက်ရွေးချယ်မှုများနှင့် ဆက်နွယ်သည့် အချက်အလက်များအပေါ်တွင် နည်းလမ်းဆိုင်ရာ အခက်အခဲများကို ဖြေ ရှင်းခြင်းသည် ခက်ခဲပြီး မည်သည့်နည်းလမ်းများမှ ပြဿနာကင်းသည်မရှိပါ။ သို့ရာတွင် စစ်တမ်းကောက်ယူသည့် နည်းလမ်းအများ အပြားမှာ ကုန်ကျစရိတ်၊ ရှုပ်ထွေးမှု နှင့် စဉ်းစားချင့်ချိန်မှုများ ကွာဟနိုင်သည်။

အုပ်စုဖွဲ့ဆွေးနွေးမှုများပြုလုပ်ပါ။ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ ငွေကြေးလျာထားချက်အတွက်ပြုလုပ်သော အုပ်စုဖွဲ့ဆွေးနွေးမှုများမှာ အစီရင်ခံစာအချို့၏ မူဝါဒများတွင် ပိုမိုရှင်းလင်းသည့် ကျား၊ မ ရေးရာ ခြားနားချက်များနှင့် ဘဏ္ဍာငွေခွဲဝေခြင်း နှစ်သက်မှုများကို ၂၀၁၄ ခုနှစ်တွင် အာရှ Foundations မှ ပြုလုပ်ခဲ့သော civic values စစ်တမ်းကောက်ယူမှုတွင် ပြထားသည်။ [204]အုပ်စုဖွဲ့ဆွေးနွေးမှုများ၏ သိသာသည့် ဆိုးကျိုးတစ်ခုမှ ဦးဆောင်ဆွေးနွေးသူ (သို့) အဖွဲ့၏ ဘက်လိုက်သောစကားများနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်၍ မရခြင်းဖြစ်သည်။ ဆွေးနွေးမှုကို စိုးမိုးလိုသော (သို့) လွှမ်းမိုးလိုသော ပါဝင်သူများအားလုံးသည် ပျမ်းမျှတက်ရောက်သူများ နှင့် ခြားနားသော နှစ်သက်မှုများရှိသည်။

လူထုအစည်းအဝေးများတက်ရောက်သော နိုင်ငံသားများမှ တင်ပြသော ပြဿနာများနှင့် ပတ်သက်၍ ကျား၊ မ ခွဲခြားဖော်ပြထားသော အချက်အလက်များ ကောက်ယူပါ။

မဲပေးသည့် စနစ်များ၏ ကျား၊ မ ခွဲခြားဖော်ပြထားသော အချက်အလက်များကောက်ယူပါ။ ၎င်းသည် ပုံမှန်အားဖြင့် မဲပေးသူများကို ၎င်းတို့မဲပေးပြီးသည့်အခါတွင် မေးမြန်းခြင်းဖြင့် ပြုလုပ်လေ့ရှိသည်။

မကြာခင်မှတ်တမ်းမှ Adam Bonica မှ ဖော်ပြခဲ့သော Interactive budget tool [205](သို့) ၎င်းနှင့် ဆင်တူသည့် application ကို ပြုစုပြီး စစ်တမ်းကောက်ယူမှု (သို့) အုပ်စုဖွဲ့ဆွေးနွေးမှုတွင် အသုံးပြုရန် tablets ကို အသုံးပြုပါ။ ဥပမာ - application ဝန်ကြီးဌာနများမှတွင် ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာ အချက်အလက်များ၊ ယခင်နှစ်မှ ငွေကြေးလျာထားချက်များပါဝင်နိုင်ပြီး အသုံးပြုသူအား ဝန်ကြီးဌာန တစ်ခုချင်းစီအတွက် ချိန်ညှိနိုင်မည်ဖြစ်သည်။ ဝန်ကြီးဌာနတစ်ခု၏အသုံးပြုမှုမြင့်တက်နေမှုမှာ အခြားဝန်ကြီးဌာနတစ်ခုမှ လျော့နည်းနေမှုနှင့် ကိုက်ညီနေရမည်။

Bonica ၏ သူ၏အစောပိုင်း application စမ်းသပ်မှုများတွင် (US ၏ ငွေကြေးလျာထားချက် အချက်အလက်များကို အသုံးပြုပြီး) တုံ့ပြန်ဆောင်ရွက်မှုများသည် စံပြဘဏ္ဍာငွေခွဲဝေမှုများနှင့် ခြားနားသည်။ [206]

ဤapplicatonအမျိုးအစားသည်သင်တန်းများ၊အလုပ်ရုံဆွေးနွေးပွဲများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊အရပ်ဖက်အဖွဲ့အစည်းများ (သို့) အစိုးရတို့နှင့် ဆွေးနွေးမှုများ အစရှိသည့် ပညာရေးအခြေအနေတွင်လည်း အသုံးဝင်သည်။

## ၅.၄) ဖွံ့ ဖြိုးရေးစီမံကိန်းများ၏ သက်ရောက်မှုကို သုံးသပ်ပြီး သင်ယူရရှိမှုများကို မျှဝေခြင်း

နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများ, UN အဖွဲ့အစည်းများ နှင့် INGO များ မှ သူတို့၏ စီမံကိန်း/ စီမံချက် သုံးသပ်ချက်များ၏ အရည်အသွေးကို မြှင့်တင်ရန် သူတို့အဖွဲ့အစည်းများ၏ တွေ့ရှိချက်များကို မျှဝေပေးနိုင်ရန် အရေးကြီးသည်။ အစဉ်အလာအရ နိုင်ငံတကာဖွံ့ ဖြိုးရေးအဖွဲ့အစည်းများသည် စီမံကိန်းသုံးသပ်ချက်များကို သူတို့၏ ဌာနတွင်းလေ့လာရန်သင်ခန်းစာအဖြစ် တွေ့ မြင်ကြပြီး စီမံကိန်း၏ သက်ရောက်မှုများကို အလှူရှင်များအား ပြသရန်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာတွင် စီမံကိန်းသုံးသပ်ချက်များကို အစိုးရများ၊ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများနှင့်အခြားသောနိုင်ငံတကာဖွံ့ ဖြိုးရေးအဖွဲ့အစည်းများမှလေ့လာသင်ယူနိုင်သောပုံစံသို့ ပြောင်းလဲကြသည်။ ထိုပြောင်းလဲမှုနှင့်အတူ သုံးသပ်လေ့လာမှုကို ဌာနအတွင်းတွင်သာမပြုလုပ်ဘဲ နိုင်ငံတွင်းနှင့် အခြားနိုင်ငံများမှ တက္ကသိုလ်များမှ သုတေသနပညာရှင်များမှ ပူးပေါင်းဆောင်ရွက်ခြင်းများလည်းပါရှိလာသည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ဖွံ့ ဖြိုးရေးအဖွဲ့အစည်းများသည် ဤအပြောင်းအလဲကို အတူယူသင့်ပြီး အဖွဲ့အစည်းအချို့ ( LIFT ကဲ့သို့သော) မှ စတင်လုပ်ငန်း

[204] Minoletti မြန်မာနိုင်ငံမှ ကျား၊ မ ရေးရာကဏ္ဍ ဘဏ္ဍာငွေခွဲဝေခြင်း။ N.b. အာရှ ဖောင်ဒေးရှင်း စစ်တမ်းကောက်ယူမှုသည် မူဝါဒ (သို့) ဘဏ္ဍာငွေခွဲဝေမှုအချက်များကို တိုက်ရိုက်မမေးထားပါ။ အထက်တွင်ဖော်ပြထားသော နှိုင်းယှဉ်ချက်များမှ ဤမေးခွန်းများအား အမျိုးသားများ နှင့် အမျိုးသမီးများမှ တုံ့ပြန်ဖြေဆိုထားသည့် ဆန်းစစ်လေ့လာမှုများပေါ်တွင် အခြေခံသည်။ (၁) မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်တွင် အကြီးမားဆုံးပြဿနာက ဘာလဲ ။ (၂) ဒေသခံအဆင့်တွင် အကြီးမားဆုံးပြဿနာက ဘာလဲ။

[205] Adam Bonica ကို ကြည့်ပါ ။ အများပြည်သူအသုံးစရိတ် နှစ်သက်မှုများကို ဘဏ္ဍာရေးဆိုင်ရာ မေးခွန်းများ အပြန်အလှန်မေးမြန်း အသုံးပြုခြင်းဖြင့် တိုင်းတာခြင်း။ သုတေသန နှင့် နိုင်ငံရေး (ဧပြီ-ဇွန် ၂၀၁၅)၊ ၁-၉ ။

[206] Bonica၊ ၃-၈ ။

ဆောင်ရွက်ရန် ကတိပြုလာကြသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်း (IFIs)၊ UN နှင့် INGOs များမှ သက်ရောက်မှု သုံးသပ်ချက်များ၊ အခြေခံအချက်အလက် ဆန်းစစ်လေ့လာချက်များနှင့် ဆက်လက်ဆောင်ရွက်နေသော စစ်တမ်းကောက်ယူမှုများ သည် ဌာနတွင်းအသုံးပြုရန်သာ လျှို့ဝှက်ထားကြပြီး ယင်းသုတေသနလုပ်ငန်းများမှာ ထိုအဖွဲ့အစည်းများမှ ပြုလုပ်ကြသည်။ ထို လေ့လာမှုများသည် ငွေကြေးအလွန်ကုန်ကျပြီး ယင်းသို့မဆောင်ရွက်ရန် ခိုင်မာသည့်အကြောင်းပြချက်ရှိမှသာလျှင် အချက်အလက် များနှင့် သုံးသပ်လေ့လာထားသော အစီအရင်ခံစာများ (ဆန်းစစ်လေ့လာချက်အစီရင်ခံစာ) ကို အမှန်တကယ်စိတ်ပါဝင်စားမှုရှိသော သုတေသနလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့အစည်း (သို့) အဖွဲ့တစ်ခုချင်းစီအား မျှဝေသင့်သည်။ [207]အလှူရှင်များသည် ဤနေရာတွင် အချက်အလက်များ နှင့် အစီရင်ခံစာများကို အလွယ်တကူရယူခြင်းဖြင့် ရံပုံငွေပံ့ပိုးနိုင်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

စံသတ်မှတ်ထားသည့် အချက်အလက်ကောက်ယူခြင်းဖြင့် ဗဟုသုတမျှဝေခြင်း၏ အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်သည်။ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများသည် စစ်တမ်းကောက်ယူမှုများကို ရည်ရွယ်ချက်အမျိုးမျိုးအတွက် ပြုလုပ်ကြပြီး အချို့သော ချိန်ညှိနိုင်မှုများကို ထိန်းသိမ်းရမည်ဖြစ်သည်။ သို့ရာတွင် အဖွဲ့အစည်းအမျိုးမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်နှိုင်းယှဉ်လျှင် အချက်အလက်များ ဗဟုသုတများကို အလွယ်တကူမျှဝေနိုင်မည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့ကို အသိပညာပေးပြီး လူထုမှ အလွယ် တကူရရှိအောင်ထားရှိမည်ဖြစ်သည်။ ဥပမာ ယခုအခါတွင် ၂၀၁၄ သန်းခေါင်စာရင်းမှ အချက်အလက်များ ရှိနေပြီဖြစ်ရာ မတူညီသည့် အဖွဲ့အစည်းများအတွက် တူညီသည့် စံပြပုံစံဖျူဟာများကို ကျင့်သုံးလာသင့်သည်။ သူတို့အတွက် စစ်တမ်းကောက်ယူမှုအများစုတွင် တဖန်တလဲလဲပါဝင်နေသော မေးခွန်းများအတွက် တူညီသည့် စကားစုများအပေါ်တွင် သဘောတူညီမှုရလျှင် အကျိုးရှိမည်ဖြစ်သည်။ MIMU သည် အချက်အလက်ကောက်ယူခြင်း၏ သတ်မှတ်ထားသည့် စံနှုန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင် ဆောင်ရွက်နေလျက်ရှိသည်။ ၎င်းသည် ဤလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် မှန်ကန်သည့်နည်း လမ်းဖြစ်သည်။ ယခုအချိန်ထိ အချက်အလက်များစွာကို ကောက်ယူနေသော UN အဖွဲ့အစည်းများ နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်း များသည် MIMU နှင့် ထပ်တူမကျခဲ့ပါ။ ဗဟုသုတမျှဝေခြင်း တိုးချဲ့ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းတို့သည် သူတို့၏ ညှိနှိုင်း ဆောင်ရွက်ရေး အခွင့်အလမ်းများကို တိုးမြှင့်သင့်သည်။

မြန်မာနိုင်ငံမှ စီမံချက်သုံးသပ်မှုများသည် သူတို့စစ်တမ်းကောက်ယူမှုအတွက် သူတို့ဆောင်ရွက်ခိုင်းထားသည့် စီမံချက်ရရှိသူများ၏ အချက်အလက်များအပေါ်တွင်သာ မှီခိုလေ့ရှိကြသည်။ ထိုကဲ့သို့သော အသုံးဝင်ပြီး ထင်မြင်ချက်များကို ပေးနိုင်သော်လည်း ဘက် လိုက်သော ရလဒ်များကိုလည်း ထွက်လာစေနိုင်သည်။ အထူးသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်းသည် အကြံပြုချက်များကို လက်ခံနေသူဖြစ်လျှင် ဖြစ်နိုင်သည်။ မြန်မာနိုင်ငံနှင့် အခြားအရှေ့တောင်အာရှ နှင့် အရှေ့အာရှနိုင်ငံများတွင် ထိုကဲ့သို့သုံးသပ်လေ့လာသည့်နည်းလမ်းသည်ထိပ်တိုက်တွေ့ဆုံမှုရှောင်လွှဲခြင်းနှင့်စကားပြောဆိုနေသူကိုအဆိုးမခံစားစေချင်သော ယဉ်ကျေးမှုအယူစွဲများကြောင့် စီမံကိန်းထိရောက်မှုဘက်သို့ အလွန်အကျွံဘက်လိုက်နိုင်သည်။ သို့ရာတွင် ယင်းအချက်အလက်များ သည် အဖွဲ့အစည်းအများစု၏ သုံးသပ်လေ့လာမှု နည်းဗျူဟာများအတွက် အခြေခံအချက်အလက်များ ဖြစ်နေဆဲဖြစ်သည်။ ဥပမာ - UNDP သည် လာမည့်နှစ်များတွင် ၎င်း၏ အမျိုးသမီးဦးဆောင်မှုစီမံကိန်း၏ အကျိုးသက်ရောက်မှုကို သုံးသပ်ရန်အတွက် ဤ အထောက်အထားအရင်းအမြစ်ပေါ်တွင်သာ သီးသန့်မှီခိုရန် ရည်ရွယ်ထားသည်။ [208]

စီမံကိန်းတစ်ခု၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာသည့်အခါ ပြည့်စုံသည့် အချက်အလက်အသေးစိတ်များနှင့် နှိုင်းယှဉ်ရန် အချို့သောရည်ရွယ်ချက်များရှိလျှင် အသုံးဝင်သော်လည်း ဘက်လိုက်မှုရှိသော အချက်အလက်များကို စီမံကိန်းလက်ခံရရှိသူအား တိုက်ရိုက်ပြောဆိုမေးမြန်းမှုကြောင့် ရရှိနိုင်သည်။ ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းခဲ့သော Trocaire ဝန်ထမ်းအဖွဲ့ဝင်များမှ အမျိုးသမီးဦးဆောင်မှုသင်တန်းများ၏ အကျိုးသက်ရောက်မှုကို မှန်ကန်စွာ သုံးသပ်ရန် ခက်ခဲမှုရှိကြောင်းဖော်ပြထားသည်။ Trocaire သည် အမျိုးသမီးခေါင်းဆောင်မှုသင်တန်းများကို သုံးသပ်ရန်အတွက် နည်းလမ်းအများအပြားကို အသုံးပြုထားသည်။ ၎င်းတို့တွင် သင်တန်းသားများအတွက် သင်တန်းမစခင်နှင့် သင်တန်းပြီးမေးခွန်းများ၊ သင်တန်းသားများ၏ ပါဝင်မှုသဘာဝကို မှတ်သားရန် ပြင်ပ မှ သုံးသပ်လေ့လာမှုများနှင့် သင်တန်းသားများနှင့်ပြုလုပ်သော အုပ်စုဖွဲ့ဆွေးနွေးမှုများပါဝင်သည်။ [209]ဤကဲ့သို့ နည်းလမ်းအမျိုးမျိုးကို အသုံးပြုခြင်းသည် အချက်အလက်အရင်းအမြစ်တစ်ခုပေါ်တွင်သာ မှီခိုခြင်းကြောင့်ဖြစ်နိုင်သော ဘက်လိုက်မှုများ (သို့) မပြည့်စုံမှုတို့ ကို လျော့နည်းစေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စီမံကိန်းရရှိသူများမှ အချက်အလက်ကောက်ယူခြင်း၏ ပြဿနာကြီးတစ်ခုသည် ထင်ရှားသည့် ကြောင်းကျိုးဆက်နွယ်မှုဖြစ်သည်။ ၎င်းမှာ စီမံကိန်းအပေါ်တွင် မည်မျှပြောင်းလဲသွားသည်ကို အခြား လူမှုရေး၊ နိုင်ငံရေး နှင့် စီးပွားရေး လွှမ်းမိုးမှုများထက် ၎င်းစီမံကိန်း ကိုယ်တိုင်ကြောင့်ဖြစ်သည်။ ကောင်းမွန်သောပုံစံ၊ အလှည့်ကျ ကျဘန်း သက်ရောက်မှု သုံးသပ်ချက်များသည် အခြားသောစီမံကိန်း

---

[207] N.b. မူရင်းအရွယ်အသေးဆိုင်ရာ အချက်အလက်များကို ဤနည်းလမ်းဖြင့် ဖြန့်ဝေရန်မှာ လျှို့ဝှက်ထားရမည့် အခက်အခဲများကြောင့် အဆင်မပြေပါ။

[208] Allison Hope Moore နှင့် ကွင်းဆင်းလူတွေ့မေးမြန်းခြင်း ၊ ဒီဇင်ဘာလ ၂၀၁၅ ။

[209] ဦးပြည့်ဖြိုးဆွေ နှင့် ကွင်းဆင်းလူတွေ့မေးမြန်းခြင်း ။

သက်ရောက်မှုများ၏ နည်းလမ်းများထက် ပိုမိုတိကျသော်လည်း စီမံကိန်းသည် ငွေကြေးသုံးစွဲမှုနှင့် ထိုက်တန်ပြီး အခြားနေရာများတွင် ဆက်လက်ဆောင်ရွက်သင့်သည်/ မသင့်သည်ထက် ပို၍တိကျမှုကိုပေးသည်။ ရည်ရွယ်မထားဘဲဆောင်ရွက်သည့် သက်ရောက်မှု သုံးသပ်လေ့လာမှုများမှ နိုင်ငံအတွင်း စီးပွားရေး၊ လူမှုရေး (သို့) နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေသောအကြောင်းအရင်းများ အတွက် ပို၍ကောင်းမွန်သည့် ထင်မြင်ယူဆချက်များကို ပံ့ပိုးပေးနိုင်သည်။ [210]သက်ရောက်မှု သုံးသပ်လေ့လာမှုများ၏ အကျိုးကျေးဇူး များသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀ နှစ်မှ ၁၅ နှစ်အတွင်းက အစိုးရ နှင့် အစိုးရမဟုတ်သော ဖွံ့ ဖြိုးရေးစီမံချက်များ၏ အချက်အလက် သုံးသပ်လေ့လာမှုများအတွက် နိုင်ငံတကာ ရွှေတံဆိပ် ရရှိစေသည်။ သို့ရာတွင် ၎င်းတို့ကို မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့ အစည်းအချို့မှသာလျှင် စတင်အသုံးလာသည်။

ရည်ရွယ်မထားပဲဆောင်ရွက်သည့် သုံးသပ်လေ့လာမှုများသည် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှု နှင့် ကျား၊ မ တန်းတူညီမျှမှုပေါ်တွင် သက်ရောက်မှုများ၏ မတူညီသော အခြေအနေများအတွက် အလွန်အသုံးဝင်နိုင်သည်။ ၎င်းတို့သည် ဒေသခံအုပ်ချုပ်ရေးတွင် သာတူညီမျှစွာပါဝင်မှုကို မြှင့်တင်ရန် လုပ်ငန်းများကို သုံးသပ်မှုများအတွက် အလွန်အသုံးဝင်ပြီး အခြားနိုင်ငံများ၏ ဒေသခံအုပ်ချုပ်ရေး ကျား၊ မ အချိုးကျပါဝင်ရန်သတ်မှတ်ချက်၏ သက်ရောက်မှုကို အကဲဖြတ်ရန် ကျယ်ပြန့်စွာအသုံးပြုကြသည်။ [211]မည်သို့ပင်ဖြစ်စေ ကောင်းကျိုးများရှိသော်လည်း ရည်ရွယ်မထားဘဲဆောင်ရွက်သည့် သုံးသပ်လေ့လာမှုများတွင် အားနည်းချက်များနှင့် အခက်အခဲများ လည်းရှိသည်။ ၎င်းတို့သည် စီးပွားရေးမူဝါဒကြီးများကို သုံးသပ်ရန် အသုံးမဝင်ပါ။ ၎င်းတို့သည် အသေးစားစီမံကိန်းများကို သုံးသပ်လေ့လာရန် ဖြစ်နိုင်ချေ (သို့) အသုံးမဝင်ပါ။ စီးပွားရေး၊ လူမှုရေး နှင့် နိုင်ငံရေးသက်ရောက်မှုများ နှင့် စီမံချက်၏ ဆက်သွယ်ချက်များကို အကျယ်တဝင့် တိုင်းတာ၍မရပါ။ [212]*( စီးပွားရေးပညာရှင်မှာ အများအားဖြင့် ဟန်ချက်ညီမျှစွာသက်ရောက်မှု ဟုခေါ်ဆိုသည်)* မြှင့်ပြီး ပုံစံဒီဇိုင်း နှင့် စီမံခန့်ခွဲမှုအတွက် နည်းပညာအရ ရှုပ်ထွေးနိုင်သည်။)

လက်တွေ့အခြေအနေတွင် အခြားနိုင်ငံများတွင် ဆောင်ရွက်သော ရည်ရွယ်မထားဘဲဆောင်ရွက်သည့် သက်ရောက်မှု သုံးသပ်လေ့လာမှုသည် အချက်အလက်များပေါ်တွင်သာ မှီခိုသည်။ သုံးသပ်ခဲ့သည့် စီမံကိန်း၏ သဘာဝအပေါ်မူတည်ပြီး စီမံကိန်းသည် ဘယ်လို(သို့) ဘယ်နည်းလမ်းဖြင့် သက်ရောက်မှုရှိသည်ကို တွေ့ မြင်ရန်အတွက် သုံးသပ်လေ့လာမှု၏ စွမ်းဆောင်ရည်ကို ကန့်သတ်နိုင်ပြီး ၎င်းသည် စီမံချက်အစ ကြိုတင်မျှော်မမှန်းထားသော စီမံချက်သက်ရောက်မှုများကို မရယူနိုင်ခြင်းကိုလည်းဆိုလိုသည်။ သို့ရာတွင် ဖြစ်ပေါ်လာမည့်အခက်အခဲများကို ကိုယ်တွယ်ဖြေရှင်းရန် အရည်အသွေးဆိုင်ရာ အချက်အလက်များကို ရည်ရွယ်မထားဘဲ ဆောင်ရွက်သည့် သက်ရောက်မှု သုံးသပ်လေ့လာမှုပုံဖြင့် ကောက်ယူနိုင်ခြင်းမရှိကြောင်း မဆိုလိုပါ။

ရည်ရွယ်မထားဘဲဆောင်ရွက်သည့် သက်ရောက်မှု သုံးသပ်လေ့လာမှုများ၏ အားနည်းချက်များနှင့် အခက်အခဲများမှာ ၎င်းတို့သည် စီမံကိန်းအနည်းစုအတွက် အသုံးဝင်သည်။ သို့ရာတွင် အခြား non-randomized များ၊ အချက်အလက် (သို့) အရည်အသွေး နည်းလမ်းများဖြင့် စီမံကိန်းဆောင်ရွက်သူများ၏ ကိုယ်တိုင်-အစီရင်ခံသော အမြင်များကို မြှင့်တင်နိုင်ရန်အတွက် အသုံးပြုနိုင်သည်။ ထင်မြင်ချက်သုံးသပ်မှု နည်းလမ်းများသည် မျှော်လင့်ထားသော သက်ရောက်မှုများနှင့် ပမာဏ၊ ငွေကြေးလျာထားချက်၊ စီမံကိန်း အချိန်တို့အပါအဝင် အကြောင်းအရင်းအချို့ပေါ်တွင် မူတည်သည်။ ရည်ရွယ်မထားဘဲဆောင်ရွက်သည့် သုံးသပ်လေ့လာမှုများနှင့် အချက်အလက် နှင့် အရည်အသွေးနည်းလမ်းများ အခြေအနေအများစုတွင် ရလဒ်ကောင်းများကို ရရှိစေနိုင်သည်။ တူညီသောသုံးသပ်လေ့လာမှုနည်းလမ်းများတွင် ဆောင်ရွက်မှုညွှန်းကိန်းများ သတ်မှတ်ခြင်း၊ စစ်တမ်းကောက်ယူမှု အချက်အလက်များ ကောက်ယူခြင်း၊ ပူးပေါင်းပါဝင်မှုရှိသော လုပ်ငန်းဆောင်ရွက်မှု သုတေသန၊ လူတွေ့မေးမြန်းခြင်းများ၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း နှင့် ကုန်ကျစရိတ်-အကျိုးအမြတ် ဆန်းစစ်လေ့လာမှုတို့ ပါဝင်သည်။

---

210 ရည်ရွယ်မထားဘဲ သက်ရောက်မှု သုံးသပ်လေ့လာမှု၏ အသုံးဝင်သော အခြေခံအချက်အလက်များကို *http://www.povertyactionlab.org/methodology/what-randomization* တွင်ရယူနိုင်သည်။ နည်းပညာပိုင်းကို ဆက်လက် လေ့လာလိုက်စားလိုသူများအတွက် ၊ ဗီဒီယိုသင်ခန်းစာများ (အပြင် အခြား သင်ခန်းစာပစ္စည်းများ) ကို iTunesU ဖြင့်အခမဲ့ ရယူနိုင်ပြီး Rachel Glennerster နှင့် Kudzai Takavarasha၊ Running Randomized သုံးသပ်ချက်များ၊ လက်တွေ့လမ်းညွှန်( Priceton ၊ Priceton တက္ကသိုလ် ၊ ၂၀၁၃) စာအုပ်များကို ရယူထားရန် အထူးအကြံပြုပါသည်။

211 ဥပမာ Beath ကိုကြည့် Christia နှင့် Enikolopov၊ Lori Beaman နှင့် အခြားသူများ Chattopadhyay နှင့် Duflo၊ Iyer နှင့် အခြားသူများကို ကြည့်ပါ။

212 ဥပမာ အကယ်၍စီမံကိန်းသည် ကျေးရွာအုပ်စုအဆင့်ကော်မတီများတွင် ပူးပေါင်းပါဝင်မှု နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် ရည်ရွယ်လျှင် (NCDDP ကဏ္ဍ နှင့် အခြားဒေသခံ စီမံကိန်းနှင့် ဘဏ္ဍာငွေခွဲဝေခြင်း ဆောင်ရွက်ချက်များ) ရွယ်ရွယ်မထားသော သုံးသပ်မှု၊ အသုံးဝင်သော ရလဒ်များ ရရှိရန် ဖြစ်နိုင်သော အခွင့်အရေး၊ ကျေးရွာအုပ်စု အားလုံးသည် အနည်းဆုံး တူညီသော ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှ မြို့နယ် နှစ်မြို့နယ်အတွင် ပါဝင်ရမည်ဖြစ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သည့် သဘောသဘာဝအပေါ်မူတည်ပြီး အနည်းဆုံး သုံးမြို့နှင့်အထက် လိုအပ်နိုင်သည်။

## ၆။ နိဂုံး နှင့် အကြံပြုချက်များ

မကြာသေးခင်က တိုးတက်မှုများရှိသော်လည်း မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးတွင် ပူးပေါင်းပါဝင်မှုသည် ကျား၊ မ မညီမျှမှုမှာ ပြည်ထောင်စုအဆင့်မှ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်ထိရှိနေသည်။ ရှိနေသောအထောက်အထားများမှ မညီမျှမှုများသည် မမျှတသော ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းများ နှင့် သာယာဝပြိုးရေးကို အတားအဆီးဖြစ်နေသည်။ အမျိုးသမီးပါဝင်မှု နည်းပါးခြင်းနှင့် ကျား၊ မ ရေးရာ ကိစ္စရပ်များအပေါ်တွင် အသိပညာနည်းပါးခြင်းကြောင့် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုများကို ထိရောက်မှု နှင့် သာတူညီမျှဖြစ်စေရေးကို အဟန့်အတားဖြစ်နေသည်။

အောက်ပါအကြံပြုချက်များတွင် အစိုးရ၊ နိုင်ငံရေးပါတီများ၊ မြန်မာအရပ်ဖက်အဖွဲ့စည်းများနှင့် နိုင်ငံတကာဖွံ့ ဖြိုးရေး မိတ်ဖက်ဆောင်ရွက်သူများအား နိုင်ငံသားများ ပူးပေါင်းပါဝင်မှု နှင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးတွင် ကျား၊ မ သာတူညီမျှစွာ ပါဝင်မှုကို မြှင့်တင်ပေးရန် အရေးပါသည့် အကြံများပါဝင်သည်။ ၎င်းတို့သည် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း နှင့် အများပြည်သူဝန်ဆောင်မှုပံ့ပိုးခြင်းတို့၏ အရည်အသွေးများ မြှင့်တက်လာစေရန်အတွက် gender-sensitive နည်းလမ်းများကို အသုံးပြုရန်လည်း အကြံပြုထားသည်။

<u>မြန်မာနိုင်ငံအစိုးရအတွက်</u>

- မြန်မာနိုင်ငံအစိုးရသည် အမျိုးသမီးတို့၏ဘဝ တိုးတက်ရေးအတွက် အမျိုးသားနည်းဗျူဟာ အစီအစဉ်ကို အကောင်အထည်ဖော်သင့်သည်။

- မြန်မာနိုင်ငံတော်အစိုးရသည် အုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီးကိုယ်စားပြုမှုများအတွက် ဝေစုကိုတိုးမြှင့်ရန် စဉ်းစားသင့်သည်။ ဝေစုအချိုးကျပါဝင်ရန် သတ်မှတ်ချက်ကို အောက်ပါတို့၏ တစ်ခု (သို့) အများတွင် အသုံးပြုသင့်သည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးချယ်ခံမြို့နယ်ကော်မတီများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် ကော်မတီများ။

- ဒေသခံအုပ်ချုပ်ရေး၏ အရည်အသွေးနှင့် ဒီမိုကရေစီကို မြှင့်တင်ရန် မြန်မာနိုင်ငံအစိုးရသည် -
  - ရာအိမ်မှူး /ကျေးရွာခေါင်းဆောင်ကို ကျေးလက်ဒေသများကို ပြန်လည်ထားရှိသင့်သည်။
  - ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး/ ကျေးရွာခေါင်းဆောင်ကို ပါဝင်သူများ မဲတစ်မဲဆီဖြင့် တိုက်ရိုက်ရွေးချယ်သည့် နည်းလမ်းကို စတင်သင့်သည်။
  - ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့် အာဏာပိုင်များကို လူထုနှင့် အနိမ့်ဆုံးအဆင့် ပါဝင်မှုရှိစေရန် စည်းမျဉ်းများ စတင်မိတ်ဆက်သင့်သည်။

- ရပ်ရွာအဆင့် ဖွံ့ ဖြိုးရေးစီမံချက်များတွင် မြန်မာနိုင်ငံအစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ပြုလုပ်ထားပြီးဖြစ်သည် ဒေသခံ ဆုံးဖြတ်ချက်ချမှတ်ရေး ဆွေးနွေးပွဲများတွင် တန်းတူညီမျှစွာ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ခိုင်မာသည့် ခြေလှမ်းများကို စတင်သင့်သည်။

- အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အလုပ်အတူဆောင်ရွက်ပြီး မြန်မာနိုင်ငံအစိုးရသည် ဒေသခံဝန်ထမ်းများအား နိုင်ငံသားများမှ လူထုအစည်းအဝေးများတွင် ပါဝင်လာမှုကို မြှင့်တင်ရန်အတွက် သဘောထားများနှင့် အပြုအမူများကို ပြောင်းလဲစေမည့် သင်တန်းများကို ပံ့ပိုးသင့်သည်။

- ပြည်ထောင်စု နှင့် subnational အဆင့်တွင် ငွေကြေးလျာထားချက် သတ်မှတ်ခြင်းကို ပွင့်လင်းမြင်သာမှု ပို၍ရှိစေရန် မြန်မာနိုင်ငံအစိုးရသည်
  - ငွေကြေးလျာထားချက် အချက်အလက်ကို အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုအား နားလည်လွယ်စေမည့်ပုံစံဖြင့် ထုတ်ဝေသင့်သည်။
  - အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံသူ/သားများအား တစ်ဦးတစ်ဖွဲ့ချင်း၊ ရပ်ရွာလူထုနှင့် အစိုးရဌာနများသည် မူဝါဒချမှတ်ခြင်း နှင့် ဘဏ္ဍာငွေခွဲဝေခြင်းကို အထူးသဖြင့် ဒေသခံအဆင့်တွင် ရှင်းလင်းစွာ ဆက်သွယ်ဆောင်ရွက်ရမည်။

- မြန်မာနိုင်ငံအစိုးရသည်နိုင်ငံတကာဖွံ့ ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုဖြင့် ဆက်လက်၍ကောက်ခံရရှိသော ငွေကြေးလျာထားချက် အချက်အလက်များ၏ အရည်အသွေးကို မြှင့်တင်သင့်ပြီး ငွေကြေးလျာထားချက် ရလဒ်များနှင့်

outcomes များ၏ ကောက်ခံရရှိသည့်အချက်အလက်များတွင် ကျား၊ မ ခြားနားချက်ကို ဂရုပြုဆောင်ရွက်သင့်သည်။

- မြန်မာနိုင်ငံအစိုးရသည် "လူမှုရေးကဏ္ဍ" အတွက် ငွေကြေးလျာထားချက် သတ်မှတ်ချက်များကို မြှင့်တင်သင့်သည်။ ကျန်းမာရေး၊ ပညာရေး နှင့် လူမှုဖူလုံရေးတွင် လျာထားချက် မြှင့်တင်ရန်မှာ နည်းပါးနေသည်။

နိုင်ငံတကာဖွံ့ ဖြိုးရေး မိတ်ဖက်ဆောင်ရွက်သူများအတွက်

- နိုင်ငံတကာအလှူရှင်များ၊ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့ အစည်းများနှင့် UN အဖွဲ့ အစည်းများသည် အမျိုးသမီးတို့၏ဘဝ တိုးတက်ရေးအတွက် အမျိုးသားနည်းဗျူဟာ အစီအစဉ်ကို အကောင်အထည်ဖော်သင့်သည်။

- နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ အဖွဲ့ အစည်းများသည် မူဝါဒများနှင့် ငွေကြေးလျာထားချက်များအပေါ်တွင် နိုင်ငံသားများ၏ နစ်သက်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း အပေါ်တွင် နိုင်ငံသားများ၏ ပူးပေါင်းပါဝင်မှုအတွက် ပိုမိုကောင်းမွန်သည့် အချက် အလက်များကို ကောက်ယူသင့်သည်။

- မြန်မာနိုင်ငံတွင်အကောင်အထည်ဖော်ဆောင်ရွက်နေသောနိုင်ငံတကာဖွံ့ ဖြိုးရေးအဖွဲ့ အစည်းများသည်သူတို့စီမံကိန်းများ ၏ သက်ရောက်မှု၏ ပိုမိုကောင်းမွန်သည့် အချက်အလက်များကို ကောက်ယူသင့်ပြီး သူတို့၏ အချက်အလက်များနှင့် ဆန်းစစ်လေ့လာမှုများကို အခြားအဖွဲ့ အစည်းများနှင့် တစ်ဦးတစ်ဖွဲ့ ချင်းစီအတွက် အဆင်သင့်ထားရှိပေးသင့်သည်။

- အလှူရှင်များသည် subnational အစိုးရများအတွက် လေ့လာရေးခရီးစဉ်များနှင့် ဗဟုသုတဖလှယ်ရေး ဆွေးနွေးပွဲများ အတွက် ရံပုံငွေများ ပံ့ပိုးပေးသင့်သည်။

- အချက်အလက်များ မပြည့်စုံသော်လည်း နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများနှင့် UN အဖွဲ့ အစည်းများသည် မြန်မာနိုင်ငံအစိုးရအား ရှိနှင့်ပြီးဖြစ်သည့် အချက်အလက်များကို အသုံးပြုပြီး ပြည်ထောင်စုနှင့် subnational အဆင့်တို့တွင် မူဝါဒချမှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုကဏ္ဍများတွင် ကျား၊ မ ရေးရာကဏ္ဍကို ထည့်သွင်းစဉ်းစားရန် စတင်ဆောင်ရွက်ရေးတွင် ပံ့ပိုးကူညီသင့်သည်။ ဤလုပ်ငန်းဆောင်ရွက်မှုကို အစိုးရအဖွဲ့ အစည်းများ၏ စိတ်ပါဝင်စားမှုနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ရှိသည့်အချက်အလက်များနှင့် ချိတ်ဆက်ထားသင့်သည်။

နိုင်ငံရေးပါတီများအတွက်

- နိုင်ငံရေးပါတီများသည် သူတို့ပါတီများတွင် ကျား၊ မ တန်းတူညီမျှစွာပါဝင်မှုကို မြှင့်တင်ရန် မူဝါဒများကိုဖန်တီးပြီး အကောင် အထည်ဖော်ဆောင်ရွက်သင့်သည်။ သူတို့သည် ၎င်းတို့၏ ဗဟိုကော်မတီများနှင့် ဗဟိုအမှုဆောင်ကော်မတီများတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံးရှိစေရန် အချိုးကျပါဝင်ရန် သတ်မှတ်ချက်ကို ကျင့်သုံးသင့်သည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတကာဖွံ့ ဖြိုးရေး မိတ်ဖက်အဖွဲ့ အစည်းများနှင့် မြန်မာ့အရပ်ဖက်အဖွဲ့ အစည်းများထံမှ မူဝါဒ၊ ဘဏ္ဍာငွေ ခွဲဝေမှုနှင့် အများပြည်သူဝန်ဆောင်မှု ပံ့ပိုးမှုကဏ္ဍများတွင် ကျား၊ မ ရေးရာကဏ္ဍကို မည်သို့ထည့်သွင်းရမည်ကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ရှာဖွေရယူသင့်သည်။

မြန်မာ့အရပ်ဖက်အဖွဲ့ အစည်းများအတွက်

- အမျိုးသမီးခေါင်းဆောင်များအတွက် ခေါင်းဆောင်မှုသင်တန်းများ ပံ့ပိုးပေးနေသော အဖွဲ့ အစည်းများသည် နည်းပညာပိုင်း ဆိုင်ရာအခက်အခဲများနှင့် ပတ်သက်သော သင်တန်းများကို ပို၍ပေးသင့်သည်။

- အမျိုးသမီးအခွင့်အရေးများနှင့် ကျား၊ မ တန်းတူညီမျှမှုရှိစေရန်အတွက် လုပ်ငန်းဆောင်ရွက်နေသောအဖွဲ့ အစည်းများသည် သူတို့၏ မကြာသေးခင်ကစတင်ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှုများတွင် အမျိုးသားများပါဝင်လာရန် တိုးချဲ့ဆောင် ရွက်သင့်ပြီး အလှူရှင်များမှလည်း ထိုသို့လုပ်ငန်းများအား ပံ့ပိုးကူညီသင့်သည်။ လက်ရှိအချိန်တွင် မည်သည့်လုပ်ငန်းများ အောင်မြင်နေသည်မှာ မသေချာခြင်းကြောင့် ဤကဏ္ဍတွင် အတွေ့ အကြုံများဖလှယ်ခြင်းသည် အရေးကြီးသည်။

- ကျား၊ မ တန်းတူညီမျှမှုအတွက် လုပ်ငန်းဆောင်ရွက်နေသော အစိုးရမဟုတ်သော အဖွဲ့ အစည်းများသည် မြန်မာနိုင်ငံအစိုးရ နှင့် နိုင်ငံရေးပါတီများဖြင့် ချိတ်ဆက်ဆောင်ရွက်မှုများကို မြှင့်တင်သင့်သည်။ ဘဏ္ဍာငွေခွဲဝေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် မူဝါဒရေးဆွဲခြင်းကို ထိရောက်စွာ ပံ့ပိုးကူညီမှုတွင် လွှမ်းမိုးနိုင်ရန်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ဆက်သွယ်

ချက်တည်ဆောက်ရန် အရေးကြီးသည်။

- မြန်မာနိုင်ငံတွင် ပူးပေါင်းပါဝင်ခြင်း နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကဏ္ဍတို့တွင် သုတေသနပြုလုပ်နေသော တစ်ဦးတစ်ဖွဲ့ချင်း နှင့် အဖွဲ့အစည်းတို့သည် ကျား၊ မရေးရာကဏ္ဍကို အသက်၊ လူမှုစီးပွားရေးအဆင့်၊ မိသားစု၊ လူမျိုးစု၊ ဘာသာရေး နှင့်

ပထဝီနေရာများ စသည့် အချက်များအလိုက် ထည့်သွင်းသင့်သည်။

## အကိုးအကား


Agarwal, Bina. “Does Women’s Proportional Strength Affect Their Participation? Governing Local Forests in South Asia.” *World Development* 38 (2010): 98–112.

———. “Gender and Forest Conservation: The Impact of Women’s Participation in Community Forestry Governance.” *Ecological Economics* 68 (2009): 2785–99.

———. “Participatory Exclusions, Community Forestry, and Gender: An Analysis for South Asia and a Conceptual Framework.” *World Development* 29 (2001): 1623–48.

———. “Rule Making in Community Forestry Institutions: The Difference Women Make.” *Ecological Economics* 68 (2009): 2296–2308.

Alliance for Gender Inclusion in the Peace Process (AGIPP). *Women, Peace and Security Policy-Making in Myanmar: Context Analysis and Recommendations – Edition 1*. Yangon: AGIPP, December 2015.

The Asia Foundation. *Myanmar 2014: Civic Knowledge and Values in a Changing Society*. Yangon: The Asia Foundation, 2014.

BBC News. 2015. “Suu Kyi ‘Will Be above President’ If NLD Wins Myanmar Election.” *BBC News,* 5 November. http://www.bbc.com/news/world-asia-34729659 [accessed 10 November 2015].

Beaman, Lori A., Raghabendra Chattopadhyay, Esther Duflo, Rohini Pande, and Petia Topalova. “Powerful Women: Does Exposure Reduce Bias?” *The Quarterly Journal of Economics* 124 (2009): 1497–1540.

Beaman, L., E. Duflo, R. Pande, and P. Topalova. 2010. “Political reservation and substantive representation: Evidence from Indian village councils.” Paper presented at the 2010 India Policy Forum. New Delhi: National Council of Applied Economic Research.

Beath, Andrew, Fotini Christia, and Ruben Enikolopov. “Empowering Women through Development Aid: Evidence from a Field Experiment in Afghanistan.” *American Political Science Review* 107 (2013): 540–57.

Bonica, Adam. “Measuring Public Spending Preferences Using an Interactive Budgeting Questionnaire.” *Research and Politics* (April-June 2015): 1–9.

Budlender, Debbie. *Expectations versus Realities in Gender-Responsive Budgeting Initiatives.* Geneva: UNRISD, March 2005.

Budlender, Debbie, Diane Elson, Guy Hewitt, and Tanni Mukhopadhyay. *Gender Budgets Make Cents: Understanding Gender Responsive Budgets.* London: Commonwealth Secretariat, 2002.

Burnet, Jennie. “Women’s Empowerment and Cultural Change in Rwanda.” Chap. 12 in *The Impact of Gender Quotas,* edited by Susan Franceschet, Mona Lena Krook, Jennifer M. Piscopo, and Drude Dahlerup. Oxford: Oxford University Press, 2012.

Casey, Katherine, Rachel Glennerster, and Edward Miguel. *The GoBifo Project Evaluation Report: Assessing the Impact of Community-Driven Development in Sierra Leone, 3ie Impact Evaluation Report 3.* New Delhi: International Initiative for Impact Evaluation, 2013.

Central Statistical Organization. *Statistical Profile of Children and Women in Myanmar, 2009.* (Nay Pyi Taw: Central Statistical Organization, 2010).

Chattopadhyay, Raghabendra, and Esther Duflo. "Women as Policy Makers: Evidence from a Randomized Policy Experiment in India." *Econometrica* 72 (2004): 1409–43.

Chaudhuri, Shubham, and Patrick Heller. "The Plasticity of Participation: Evidence from a Participatory Governance Experiment." Institute for Social And Economic Research and Policy Working Paper (2003).

Clots-Figueras, Irma. "Women in Politics: Evidence from the Indian States." *Journal of Public Economics* 95 (2011): 664–90.

Dickenson-Jones, Giles, S. Kanay De, and Andrea Smurra. *State and Region Public Finances in Myanmar.* Yangon: MDRI-CESD and The Asia Foundation, October 2015.

Duflo, Esther. "Why Political Reservations?" *Journal of the European Economic Association* 3 (2005): 668–78.

———. "Women Empowerment and Economic Development." *Journal of Economic Literature* 50 (2012): 1051–79.

Edlund, Lena, and Rohini Pande. "Why Have Women Become Left-Wing? The Political Gender Gap and Decline in Marriage." *Quarterly Journal of Economics* 117, no. 3 (2002): 917–61.

Egreteau, Renaud. "Legislators in Myanmar's First 'Post-Junta' National Parliament (2010–2015): A Sociological Analysis." *Journal of Current Southeast Asian Affairs* 33 (2014): 91–124.

———. "Who Are the Military Delegates in Myanmar's 2010-2015 Union Legislature?" *Journal of Social Issues in Southeast Asia* 30 (2015), 338–70.

Ei Ei Toe Lwin and Htoo Thant. 2016. "Daw Su Confirmed Speaker Posts." *Myanmar Times*, 28 January. http://www.mmtimes.com/index.php/national-news/18710-daw-su-confirmed-speaker-post.html [accessed 10 February 2016].

Elson, Diane. *Budgeting for Women's Rights: Monitoring Government Budgets for Compliance with CEDAW.* New York: UNIFEM, 2006.

Faguet, Jean-Paul. "Decentralization and Governance." In "Decentralization and Governance," special issue, *World Development* 53 (2014): 2–13.

Franceschet, Susan, Mona Lena Krook, and Jennifer M. Piscopo. "Conceptualizing the Impact of Gender Quotas." Chap. 1 in *The Impact of Gender Quotas,* edited by Susan Franceschet, Mona Lena Krook, Jennifer M. Piscopo, and Drude Dahlerup. Oxford: Oxford University Press, 2012.

Franceschet, Susan, and Jennifer M. Piscopo. "Gender Quotas and Women's Substantive Representation: Lessons from Argentina." *Politics and Gender* 4 (2008): 393–425.

Funk, Patricia, and Christina Gathmann. "Gender Gaps in Policy Making: Evidence from Direct Democracy in Switzerland." *Economic Policy* 30, no. 81 (2015): 141–81.

Gender and Development Initiative. *Gender-Based Constraints in Rural Areas and Women's Empowerment in HDI of UNDP Myanmar.* Yangon: The Gender and Development Initiative, 2011.

Gender Equality Network. *2014 Annual Report*. Yangon: Gender Equality Network, 2014.

———. *Raising the Curtain: Cultural Norms, Social Practices, and Gender Equality in Myanmar.* Yangon: Gender Equality Network, 2015.

———. *Strategic Plan, 2016-18*. Yangon: Gender Equality Network, 2015.

———. *Taking the Lead: An Assessment of Women's Leadership Training Needs and Training Initiatives in Myanmar.* Yangon: Gender Equality Network, September 2013.

Harriden, Jessica. *The Authority of Influence: Women and Power in Burmese History.* Copenhagen: NIAS Press, 2012.

Hedström, Jenny. "We Did Not Realize about the Gender Issues. So, We Thought It Was a Good Idea." *International Feminist Journal of Politics* (2015): 1–19.

Hook, David, Tin Maung Than, and Kim N. B. Ninh. *Conceptualizing Public Sector Reform in Myanmar.* Yangon: MDRI-CESD and The Asia Foundation, June 2015.

The Irrawaddy. 2016. "NLD MPs Elected to Top Local Parliament Positions in 12 of 14 Assemblies." *The Irrawaddy*, 9 February. http://www.irrawaddy.com/burma/nld-mps-elected-to-top-local-parliament-positions-in-12-of-14-assemblies.html [accessed 11 February 2016].

Iyer, Lakshmi, Anandi Mani, Prachi Mishra, and Petia Topalova. "The Power of Political Voice: Women's Political Representation and Crime in India." *American Economic Journal: Applied Economics* 4 (2012): 165–93.

Jagan, Larry. 2015. "NLD Believes Suu Kyi can be President." *Bangkok Post*, 23 November. http://www.bangkokpost.com/opinion/opinion/772984/nld-believes-suu-kyi-can-be-president [accessed 19 January 2016].

Janssens, Wendy. "Women's Empowerment and the Creation of Social Capital in Indian Villages." *World Development* 38 (2010): 974–88.

Jolliffe, Kim. *Ethnic Armed Conflict and Territorial Administration in Myanmar*. Yangon: The Asia Foundation, 2015.

———. *Ethnic Conflict and Social Services in Myanmar's Contested Regions*. Yangon: The Asia Foundation, June 2014.

Kyi Pyar Chit Saw and Matthew Arnold. *The General Administration Department: An Overview of Myanmar's Administrative Backbone*. Yangon: MDRI-CESD and The Asia Foundation, June 2014.

Lawi Weng. 2016. "Female Candidate Wins Local Election in Mon State." *The Irrawaddy*, 18 January. http://www.irrawaddy.com/burma/female-candidate-wins-local-election-in-mon-state.html [accessed 19 January 2016].

Lawless, Jennifer L. "Female Candidates and Legislators." *Annual Review of Political Science* 18 (2015): 349–66.

Lintner, Bertil. *Aung San Suu Kyi and Burma's Struggle for Democracy*. Chiang Mai: Silkworm Books, 2011.

Löfving, Annami. *Women's Participation in Public Life in Myanmar*. Yangon: ActionAid, CARE, and Oxfam, 2011.

Lott, John R., and Lawrence W. Kenny. "Did Women's Suffrage Change the Size and Scope of

Government?” *Journal of Political Economy* 107 (1999): 1163–98.

Mansbridge, Jane. “Should Blacks Represent Blacks and Women Represent Women? A Contingent ‘Yes.’” *The Journal of Politics* 61 (1999): 628–57.

Ministry of National Planning and Economic Development and UNDP. *Integrated Household Living Conditions Survey in Myanmar (2009-2010): Poverty Profile*. Yangon: Ministry of National Planning and Economic Development and UNDP, June 2011.

Minoletti, Paul. *Gender Budgeting in Myanmar.* ActionAid, CARE, Oxfam, and WON (forthcoming 2016).

———. *Women’s Participation in the Subnational Governance of Myanmar*. Subnational Governance in Myanmar Discussion Paper No. 3. Yangon: MDRI-CESD and The Asia Foundation, June 2014.

Myanmar Institute for Integrated Development. *Support to Chin State’s Comprehensive 5-Year Development Plan and Annual Planning 2016-2021, Vol.1.* Yangon: Myanmar Institute for Integrated Development, October 2014.

Myanmar Maternal and Child Welfare Association (MMCWA). *Strategic Plan, 2012-2015*. Yangon: MMCWA, October 2012.

Myanmar National Committee for Women’s Affairs (MNCWA). *National Strategic Plan for the Advancement of Women (2013-2002).* Nay Pyi Taw: MNCWA, 2013.

Myanmar Times. 2015. “Meet your chief ministers,” *Myanmar Times*, 4 April http://www.mmtimes.com/index.php/national-news/nay-pyi-taw/19609-who-s-who-myanmar-s-new-cabinet.html [accessed 6 April 2016]

National League for Democracy. *2015 Election Manifesto.* Yangon: National League for Democracy, 2015.

Phan Tee Eain. *Report on Observing Women’s Participation in Myanmar’s November 2015 General Election*. Yangon: Phan Tee Eain, 2016.

Nang Phyu Phyu Lin. *WON-GEN Member Mapping Report, September 2014-March 2015*. Yangon: Women’s Organizations Network of Myanmar and the Gender Equality Network, 2015.

Republic of the Union of Myanmar, Ministry of Home Affairs. *The Ward or Village Tract Administration Law, 2012.* http://www.burmalibrary.org/docs15/2012-Ward_or_Village_Tract_Administration_Bill-2012-02-24-en.pdf

Robertson, Bart, Cindy Joelene, and Lauren Dunn. *Local Development Funds in Myanmar: An Initial Review.* MDRI-CESD and The Asia Foundation, Forthcoming 2015.

Röell, Emilie. *Women and Local Leadership: The Leadership Journeys of Myanmar’s 42 Female Village Tract/Ward Administrators.* Yangon: UNDP, 2015.

Stotsky, Janet G. “Gender Budgeting.” IMF Working Paper No. 06/232. Washington: International Monetary Fund, 2006.

Taylor, Robert H. *The State in Myanmar.* Singapore: NUS Press, 2009.

Thin Lei Win. 2016. “Peace Process Quota no Guarantee for Women’s Participation.” *Myanmar Now,* 15 February. http://www.myanmar-now.org/news/i/?id=09b86529-94a1-4620-9f4b-57de3a8b76b8

[accessed 11 February 2016].

Tinker, Irene. "Quotas for Women in Elected Legislatures: Do They Really Empower Women?" *Women's Studies International Forum* 27 (2004): 531–46.

UN Committee on the Elimination of Discrimination Against Women. "Responses to the List of Issues and Questions with Regard to the Consideration of the Combined 2nd and 3rd Periodic Report: Myanmar." New York: UN Committee on the Elimination of Discrimination Against Women, 2008.

UNESCO. *Comprehensive Education Sector Review: Higher Education in Myanmar*. Yangon: UNESCO, 2013.

UN General Assembly. *Convention on the Elimination of All Forms of Discrimination against Women (CEDAW).* New York: UN General Assembly, 1979.

United Nations. *Beijing Declaration and Platform of Action, Adopted at the Fourth World Conference on Women.* Beijing: United Nations, 1995.

UN Women and Justice Base. *Voices from the Intersection: Women's Access to Justice in the Plural Legal System of Myanmar.* Yangon: UN Women and Justice Base, forthcoming 2016.

Wängerud, Lena. "Women in Parliaments: Descriptive and Substantive Representation." *Annual Review of Political Science* 12 (2009): 51–69

White, Chloé. *Protection for Whom? Violations of International Law in Myanmar's New "Race and Religion Protection" Laws*. Washington: Georgetown Institute for Women, Peace and Security, 2015.

World Bank. *Myanmar – Modernization of Public Finance Management Project.* Washington: The World Bank, 2014.

———. *Myanmar – National Community Driven Development Project: Additional Financing*. Washington: The World Bank, 2015.

———. *Public Financial Management Performance Report: Republic of Union of Myanmar*. Washington: The World Bank, May 2013.

———. *World Development Report 2012: Gender Equality and Development*. Washington: The World Bank, 2011.

Yen Snaing. 2016. "Mon State Elects Parliament's First Female Speaker." *The Irrawaddy*, 10 February. http://www.irrawaddy.com/burma/mon-state-elects-parliaments-first-female-speaker.html [accessed 11 February 2016].

———. 2016. "Women's Alliance Breaks Down Gender Disparity in Peace Process." *The Irrawaddy*, 22 January. http://www.irrawaddy.com/burma/womens-alliance-breaks-down-gender-disparity-in-peace-process.html [accessed 11 February 2016].

Zaw Oo, Aniruddha Bonnerjee, Phoo Pwint Phyu, Giles Dickenson-Jones, and Paul Minoletti. "Making Public Finance Work for Children in Myanmar: An Overview of Public Finance Trends 2011-12 to 2014-15." Yangon: UNICEF and MDRI-CESD, 2014.

Zaw Oo, Cindy Joelene, Paul Minoletti, Mari Oye, Ian Porter, Phoo Pwint Phyu, Kyi Pyar Chit Saw, Andrea Smurra, and Ngu Wah Win. *Fiscal Management in Myanmar.* Asian Development Bank Economics Working Paper No. 434. Manilla: Asian Development Bank, June 2015.

# အသိအမှတ်ပြုကျေးဇူးတင်လွှာ

ပေါလ်မီနောလက်တ်တေးသည် (Paul Minoletti) သည် ၂၀၁၂ခုနှစ် ကတည်းက မြန်မာနိုင်ငံတွင် အလွတ်တန်း သုတေသီတစ်ဦး အနေဖြင့် ရပ်တည်ခဲ့သည်။ ပေါလ်သည် ကျား၊ မ ရေးရာ၊ အုပ်ချုပ်မှုစနစ် နှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အထူးပြုလေ့လာနေသူ ဖြစ်သည်။ စာရေးသူအနေဖြင့် ဤစာတမ်းအတွက် အချိန်ပေး၍ ဖြေကြားပေးသော၊ ပါဝင်ဆွေးနွေးပေးသော ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါသည်။ တွေ့ဆုံမေးမြန်းမှုများစွာအတွက်စီစဉ်ဆောင်ရွက်၊ ဘာသာပြန်ဆိုပေးခဲ့သောဦးဇော်မင်းထွဋ်ကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း ကျား၊ မ ရေးရာအတွက် ဘဏ္ဍာငွေခွဲဝေမှု သုတေသနဆိုင်ရာ စီမံချက်အတွက် WON၊ ActionAid၊ CARE နှင့် Oxfam များနှင့်ပြုလုပ်ခဲ့သည့် သုတေသနများကလည်း ဤအစီရင်ခံစာအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။ အကြံဉာဏ်နှင့် သိမြင်နားလည်မှုများကို ပံ့ပိုးပေးခဲ့ကြသည့် အဆိုပါအဖွဲ့အစည်းများမှ သက်ဆိုင်ရာ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ၂၀၁၅ နိုဝင်ဘာလ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်အမတ်များ ဒေတာဘေ့စ်ကို ဝေမျှသိခွင့်ပေးခဲ့သည့် အတွက် ကျား၊မ တန်းတူညီမျှရေးကွန်ယက် (GEN) မှ ဒေါ်မေစပါယ်ဖြူနှင့် ဒေါ်ကေသီမြင့်သိန်းကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ဤအစီရင်ခံစာမူကြမ်းအတွက် အလွန်အကျိုးရှိသော ထင်မြင်ချက်များ ပေးခဲ့ကြသည့်အတွက် Hilary Faxon၊ ဒေါ်နီလာထွန်း၊ Andrea Smurra၊ ပိုးအိဖြူ၊ Cate Buchanan နှင့် The Asia Foundation မှ ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိလူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ် ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများတို့အပေါ်အခြေခံ၍ ရာစုတွင် အာရှဒေသတွင်းတွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

The Asia Foundation

UKaid
from the British people

Australian Government
Department of Foreign Affairs and Trade

Photography by: Thet Htoo

The Asia Foundation

UKaid
from the British people

Australian Government
Department of Foreign Affairs and Trade

The Asia Foundation- No.21, Bo Yar Zar Street, 14 Ward, Kyauk Kone, Yankin Township, Yangon, Myanmar